

တာတေ



# ပုံနှိပ်မှတ်တမ်း

ုတ်ဝေသူ-ဦးဘုန်းဇော်(၀၀၄၅၃)
အမှတ်-၂၈၂၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ-ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကောင် ပုံနှိပ်တိုက်
အမှတ်-၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
ျက်နှာဖုံး- မောင်နေကြည်
ွင်းသရုပ်ဖော်ပုံမှာ TTO ၏လက်ရာမွန်ကိုလေးစားစွာကူးယူဖော်ပြထားခြင်းဖြစ်သည်။
န်ပျူတာ-ဇာနည်မော်
အုပ်ချုပ်-ဇာနည်
အုပ်ရေ-၁၀၀၀-အုပ်၊ ၂၀၁၉၊ မတ်လ
တန်ဖိုး-၅၀၀-ကျပ်

ဖြန့်ချိရေး-အရှေ့ဘက်ကောင်းကောင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ်(၂၇)၊ မာန်ပြေ(၁၀)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်။
ဖုန်း။ ၀၉၄၂၁၀၅၆၃၅၄၊ ၀၉၄၀၁၃၇၉၇၀၄၈


တာတော
တာတောမဖိဝါ
နဲ့
ပျာလေဒိစ်နှုတ်မငေအောင်မြွ



# တာတော၊ မဖဲဝါနဲ့
# ဖျာလိပ်နတ် မအောင်ဖြူ

လူတစ်ယောက်မှာ အစွမ်းတစ်မျိုးတော့ အနည်းဆုံး ရှိကြတာ ပဲဗျ။ ကျုပ်တို့ ထနောင်းကုန်းက ဒေါ်တုံလို့ခေါ်တဲ့ ဘွားမယ်တုံ ကြီးကတော့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောတဲ့နေရာမှာ၊ ဗာတို ပေစတွေ ရွတ်ပြတဲ့နေရာမှာ၊ ရာဇဝင်တွေ ပုံပြင်တွေ ပြောပြရတဲ့ နေရာမှာ နှစ်ယောက်မရှိအောင် တော်ချက်ဗျာ။ ဘွားမယ်တုံ ပြောတာကို နားထောင်ရလို့ကတော့

နေ့ဘက်ဆိုရင် မိုးချုပ်သွား တာကိုတောင် သိလိုက်မှာ မဟုတ်ဘူးဗျ။ ညဘက်ဆိုရင်လည်း မိုးလင်းသွားတာတောင် သိလိုက်မှာ မဟုတ်ဘူးဗျို့။

ကျုပ်တို့ရွာမှာ သာရေး နာရေး ရှိလို့ကတော့ ဘွားမယ်တုံ ရောက်လာတော့တာပဲဗျို့။ ဘွားမယ်တုံ ရောက်လာလို့ကတော့ ရွာထဲက လူကြီး လူငယ်တွေ ကလေးတွေပါမကျန်အောင် ဘွားတော်ကြီးအနားမှာ အုံနေရောဗျ။ ဘွားမယ်တုံကလည်း လက်ဖက်လေးစားလိုက်၊ ရေနွေးကြမ်းလေးသောက်လိုက်နဲ့ လူရာဇဝင် နတ်ရာဇဝင်ကို တအီအီနဲ့ ပြောတော့တာဗျို့။ ပြောရင်းနဲ့ သရဲတစ္ဆေအကြောင်း ရောက်သွားရင်လည်း ခြောက်တာလှန့်တာတွေကို မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်း ပေါ်လာအောင်ကို ပြောတာဗျာ။

ဘွားမယ်တုံ ပြောရင် ဘယ်သူမှ နားမထောင်ဘဲကို မနေနိုင်တာဗျ။ ပြီးရင်တော့ တစ်ယောက်မှ သေးထမပေါက်ဝံ့တော့ဘူးဗျို့။ တစ်ယောက်နဲ့ တစ်ယောက် လက်တို့ပြီး သုံးလေးယောက် လူစုပြီးမှ သွားရဲကြတာဗျ။ တချို့ကောင်တွေဆိုရင် ဘွားမယ်တုံ ပြောနေတာကို လွတ်သွားမှာစိုးလို့ သေးထမပေါက်ဘဲ အောင့်ထားလိုက်တာ တစ်စက်စက်ကို ထွက်ရောဗျာ။

ဘွားမယ်တုံက အနော်ရထာမင်းကို ထိန်ပင်စောင့်နတ်က ကျွဲယောင်ဖန်ဆင်းပြီး ခတ်သတ်တဲ့အကြောင်းလည်း ပြောသဗျ။ မွန်ရာဇဝင်ထဲက သူရဲကောင်း သမိန်ဗရမ်းကို တစ္ဆေကိုက်တဲ့

အကြောင်းလည်း ပြောသဗျ။ ဗုဒ္ဓဝင်တွေအကြောင်းလည်း ပြောသဗျ။ ရေဝံပိုင်ဦးရှင်ကြီး အရှင်လတ်လတ်ကနေ နတ်စိမ်းဖြစ်တဲ့အကြောင်းလည်း ပြောသဗျ။ ပန်းပဲမောင်တင့်တယ်အကြောင်း၊ တစ်ခါတလေကျတော့ ဒသဂီရိဘီလူးနဲ့ ရာမ၊ လက္ခဏ ညီအစ်ကိုအကြောင်း ပြောသဗျ။ ဘာအကြောင်းပဲပြောပြော ဘွားပြောရင် နားထောင်လို့ ကောင်းတာချည်းပါပဲဗျာ။

ကျုပ် ဒီနေ့ ဘွားမယ်တုံတို့အိမ်ကို ရောက်တယ်။ အမေက ကျုပ်အဘ မြို့ကပြန်လာလို့ ပါလာတဲ့ ဆီးယိုနဲ့ နှမ်းဗျစ်မုန့်တွေ ဘွားမယ်တုံကို ပေးခိုင်းလို့ ကျုပ် လာပေးရတာဗျ။ ဘွားတို့ဝိုင်းထဲ ကျုပ်ဝင်လိုက်တာနဲ့···

"ဟာ···ကိုကြီးတာတေပါလား၊ လာဗျို့၊ ဒီကို၊ ဒီမှာ ဘွားက ကျုပ်တို့ကို ဗျာလိပ်နတ် မအောင်ဖြူအကြောင်း ပြောပြမလို့ဗျ"

ကျုပ်ကို လှမ်းပြောလိုက်တာ ကျောက်ခဲဗျ။ သံမဏိလည်း ပါတယ်။ ဒီကောင်နှစ်ယောက်က တစ်ယောက် ရှိနေရင် နောက်တစ်ယောက်က ရှိနေပြီးသားလေဗျာ။ ညအိပ်တဲ့အချိန်ပဲ ကိုယ့်အိမ်ကိုယ် ပြန်အိပ်ကြတာ။ တစ်နေကုန် နှစ်ယောက် အတွဲလိုက် နေကြတဲ့ ကောင်တွေဗျ။ ဝိုင်းဝက ကျုပ်လှမ်းကြည့်လိုက်တော့ ဘွားမယ်တုံတို့ ခြေတံရှည်အိမ်ကြီးအောက်မှာ ဘွားမယ်တုံက စားပွဲတစ်ဖက်က တန်းလျားရှည်မှာ ထိုင်လို့ဗျ။ ရှေ့တည့်တည့်က တန်းလျားမှာရော ထိပ်နှစ်ဖက်က တန်းလျားတွေမှာရော

ပရိသတ်က အပြည့်ဗျ။ တချို့က ထိုင်စရာမရှိလို့ ဘွားမယ်တို့ ထိုင်တဲ့ တန်းလျားမှာပဲ ဘွားရဲ့ ဟိုဘက် ဒီဘက်မှာ ကပ်ထိုင်နေကြသေးတာဗျ။

"ဟဲ့ တာတေးပါလား၊ ဘွားဆီ လာတာလား"

"ဟုတ်တယ် ဘွား၊ မနေ့က အဘ မြို့ကပြန်လာလို့ ပါလာတဲ့ ဆီးယိုနဲ့ နှမ်းဖျစ် ဘွားစားဖို့ အမေ ပို့ခိုင်းလို့ လာပို့တာ ဘွားရဲ့"

"ဪ...အေး အေး၊ နင့်အဘ ကိုဉာဏ်နဲ့ နင့်အမေ ငွေစိန်ကတော့ ဘာလေးစားရ စားရ အဘွားဆီကို ရောက်အောင် ပို့ကြတာကွဲ့၊ ကဲ လာ ထိုင်ဦး၊ ဒီအကောင်တွေ ရောက်လာပြီး အဘွားကို ရာဇဝင်တွေ ပြောခိုင်းလို့၊ ဖျာလိပ်နတ်၊ မအောင်ဖြူ အကြောင်း ပြောပြမလို့ တာတေးရေ"

"ဟာ..ကောင်းတာပေါ့ ဘွားရဲ့၊ ဖျာလိပ်နတ်အကြောင်းကို ကျုပ်လည်း နားထောင်ချင်နေတာဗျ"

"လာလေ ကိုကြီးတာတေ"

မျက်ပြူးက သူထိုင်တဲ့နေရာကို ကျုပ်ထိုင်ဖို့ ဖယ်ပေးတယ်ဗျ။

"ဟဲ့ မျက်ပြူး ထိုင်နေ၊ ထိုင်နေ၊ တာတေ သွား နှမ်းပုတ်နားမှာ ကုလားထိုင်တစ်လုံး ရှိတယ်၊ သွားယူလိုက်"

ဘွားပြောလိုက်တော့မှ မျက်ပြူးက ပြန်ထိုင်လိုက်တယ်။ ကျုပ်လည်း နှမ်းပုတ်နားမှာ ချထားတဲ့ ကုလားထိုင်ကို သွားယူပြီး

ထိုင်လိုက်တယ်ဗျ။

ကျုပ်ပေးလိုက်တဲ့ အထုပ်ကလေးကို ဘွားက သူ့ရှေ့က ရေနွေးကြမ်းအိုး ဘေးမှာချထားလိုက်တယ်။ ဘွားက စားပွဲပေါ်မှာ ရှိတဲ့ မြေကရားအိုးထဲက ရေနွေးကို ပန်းကန်ထဲ ငှဲ့လိုက်တယ်ဗျ။ (မြေကရားဆိုတာက ရေနွေးကရားအိုးကို မြေစေးနဲ့လုပ်၊ အပေါ် ကစဥ့်သုတ်ပြီး မီးဖုတ်ထားတဲ့အိုးဗျ။ စဥ့်အညိုပေါ်မှာ အဝါရောင် ပန်းပွင့်လေးတွေတောင် ပုံဖော်ထားလိုက်သေးသဗျ)

"ဖျာလိပ်နှတ် မအောင်ဖြူဆိုတာ တကယ်ရှိတာလား ဘွားရဲ့"

ကျုပ်က ထိုင်မိတာနဲ့ စပြီးစပ်စုဟော့တာဗျို့။

"ဟား ဟား ဟား၊ ကိုကြီးတာတေ လာမှ ပွဲက စည်တော့မှာဗျ"

ကျောက်ခဲသူငယ်ချင်း စိုင်ပု ဆိုတဲ့ကောင်က တဟား ဟားရယ်ရင်း ပြောတာဗျို့။

"ဟဲ့...စိုင်ပုရဲ့၊ မသိရင် မေးရမှာပေါ့"

အံမာ...ဘွားမယ်တုံရဲ့ ဘေးမှာကပ်ပြီး ထိုင်နေတဲ့ အေးကြည်မက ဝင်ပြောတာဗျ။

အေးကြည်မ ဆိုတာက ကျုပ်တို့ဝိုင်းတောင်ဘက် နှစ်ဝိုင်းကျော်မှာ နေတာဗျ။ လေးလေးချစ်တင်ရဲ့ သမီးအငယ်မဗျ။

အေးကြည်မက မိုးလင်းကနေ မိုးချုပ်တဲ့အထိ ယောကျ်ား လေးတွေနဲ့ချည်းနေတဲ့ ကောင်မလေးဗျ။ ယောကျ်ားလေးတွေ

သစ်ပင်တက်ရင် လိုက်တက်တယ်။ ဂျင်ပေါက်ရင် လိုက်ပေါက်တယ်။ ဘောကန်ရင်လည်း အေးကြည်မက လိုက်ကန်တာပဲဗျ။ တော်ရုံ ယောကျ်ားလေးကတော့ သူ့ကို မီအောင်မဆော့နိုင်ဘူးဗျို့။ နေတာထိုင်တာကလည်း ယောကျ်ားလေးပုံစံဗျ။ ဆံပင်ညှပ်ရင်လည်း အမြဲအတိုညှပ်တယ်။ ဝတ်ရင်လည်း ရှပ်အင်္ကျီပဲ ဝတ်တာဗျ။

ကျုပ်တို့ရွာသားတွေက အေးကြည်မကို ယောကျ်ားလျှာမလို့ ပြောကြတာဗျို့။ အေးကြည်မကတော့ ဘယ်သူတွေ ဘာပြောပြော မီးပွင့်အောင် ဆော့နေရရင် ပြီးတာပဲဗျ။

ဘွားမယ်တုံက ငှဲ့ထားတဲ့ ရေနွေးပန်းကန်ကုန်အောင် သောက်လိုက်တယ်ဗျ။ ပြီးတော့မှ စကားစတာ။

"ဖျာလိပ်နတ် မအောင်ဖြူဆိုတာ ပုဂံခေတ်ကတည်းက ရှိခဲ့တာ၊ ပုဂံမင်းဆက်တည်းက ကျစွာမင်းလက်ထက်တော်မှာ သုံးမြို့ရှင်ဆိုတာ အောက်ပြည်မှာ ရှိတယ်။ သုံးမြို့ရှင်ဆိုတာက မြို့သုံးမြို့ကို အပိုင်စားရတဲ့ ဘုရင်ငယ်တစ်ပါးပဲကွဲ့။ သုံးမြို့ရှင်မှာ ပညာဗလလို့ ခေါ်တဲ့ တူတော်တစ်ပါးရှိတယ်။ သုံးမြို့ရှင်ဆီမှာပဲ ခစားရတဲ့ အမတ်တစ်ယောက်ပေါ့ကွယ်၊

အမတ်ပညာဗလကို သူ့ရဲ့ ဦးကြီးတော် သုံးမြို့ရှင်က ကြင်ယာရှာပြီး လက်ထပ်ဖို့ အမိန့်ရှိလာတယ်။ ဒီတော့ ပညာဗလက သူနဲ့လက်ထပ်မယ့် သင့်တော်ရာ ကြင်ယာကို ရှာရတော့တာပေါ့လေ။

အဲဒီမှာတင် မြို့ဝန်က ပညာဗလကို သူ့သမီးနဲ့ ပေးစား

ချင်တယ်။ ဗညာဗလကလည်း မြို့ဝန်သမီးကို မကြိုက်တော့ ရှောင်ဖယ် ရှောင်ဖယ် လုပ်နေရင်းကနေ သူကြီးသမီး မအောင်ဖြူ ကို ယူလိုက်တယ်။ ဒါကို မြို့ဝန်က မကျေနပ်တော့ ပညာဗလကို ရန်ငြိုးထားတယ်။ အခါအခွင့်သင့်တဲ့ တစ်နေ့လည်းကြုံရော မြို့ဝန် က၊ သုံးမြို့ရှင်ကို ကုန်းချောတယ်။

"အရှင့်တူတော်မောင် ပညာဗလ အမတ်ဟာ အရှင့်ကို ရော တိုင်းပြည်ကိုပါ လုပ်ကြံပါလိမ့်မယ်"

လို့ လျှောက်ထားသတဲ့။ ဒါကို ဘုရင်ကလည်း ယုံသွား ရောတဲ့ဟေ့။ သုံးမြို့ရှင်က ချက်ချင်းကို အမိန့်ထုတ်ပြီး ပညာဗလ ကို ဖမ်းဆီးပြီး အကျဉ်းချထားလိုက်တယ်။

ပညာဗလရဲ့ နှမ၊ တူမတော် မမင်းလှကိုလည်း ကြင်ယာ အဖြစ်ကောက်ယူဖို့ ဖမ်းဆီးလိုက်တယ်။ မမင်းလှက ဦးကြီးတော် သုံးမြို့ရှင်ရဲ့ တော်ကောက်တာကို မခံဘဲ သူ့ကိုယ်သူ အဆုံးစီရင် ပစ်လိုက်တယ်။

တချို့လူတွေ ကိုးကွယ်နေကြတဲ့ သုံးပန်လှနတ်ဆိုတာ မမင်းလှပဲကွဲ့။ မမင်းလှ သေတော့ နတ်စိမ်းဖြစ်သွားတယ်။

ဒီသတင်းတွေကို မအောင်ဖြူကြားတော့ အဖမ်းခံထားရ တဲ့ ခင်ပွန်းသည် ပညာဗလကို တွေ့ဖို့ လိုက်လာခဲ့တယ်။ သူ ချက်ပြုတ်စားသောက်ဖို့ဆိုပြီး စားအိုးစားခွက်တွေကို တောင်းထဲ ထည့်ပြီး ခေါင်းပေါ်မှာ ရွက်တယ်။ အိပ်ဖို့ ဖျာတစ်ချပ်ကိုလိပ်ပြီး ချိုင်းမှာ ညှပ်ယူလာတယ်။

အဲဒီအချိန်မှာ သုံးမြို့ရှင်က ဟံသာဝတီမြို့ တည်နေတဲ့ အချိန်လည်း ဖြစ်တယ်။ မြို့ဦးတိုင်စိုက်တာ ဘယ်လိုမှ စိုက်လို့ မရအောင် ဖြစ်နေတာတဲ့ဟော့"

"တိုင်က ဘာလို့စိုက်မရတာလဲ ဘွားရဲ့၊ တိုင်ကျင်းတူး ပြီး ကျင်းထဲကို တိုင်စိုက်တာပဲ မဟုတ်လား"

"အေးပေါ့ တာတေရဲ့၊ တိုင်ကျင်းထဲကို တိုင်စိုက်တာပဲ ဟော့၊ ဒါပေမဲ့ တိုင်က ကော်ကော်ထွက်နေပြီး ကျင်းထဲကို စိုက်လို့ ကို မရတာဆိုပဲ၊ ဒါနဲ့ သုံးမြို့ရှင်ကို သံတော်ဦးတင်တော့ သုံးမြို့ရှင် က ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတွေကို ခေါ်ပြီး မေးတော့တာပေါ့"

ဒီမှာတင် ပုဏ္ဏားတွေက ဘုရင်ကို သံတော်ဦးတင်ကြ သတဲ့။

"အရှင်မင်းမြတ်၊ အချိန်ကျလျှင် နာမည်မှာ အောင်ပါတဲ့ တနင်္ဂနွေသမီးဟာ ဖျာလိပ်ကို ပိုက်ပြီး လာပါလိမ့်မယ်၊ သူ့ကို ချက်ချင်းဖမ်းပြီး တိုင်စတေးတော်မူပါ၊ အားလုံး အောင်မြင်သွားပါ လိမ့်မယ်"

လို့ လျှောက်ထားတာနဲ့ မင်းမှုထမ်းတွေကို အမိန့်ပေးပြီး စောင့်နိုင်းထားလိုက်တယ်။

အဲဒီအချိန်မှာပဲ မအောင်ဖြူကလည်း ဖျာလိပ်ကလေးပိုက် ပြီး ရောက်လာတော့…

"နင့်နာမည် ဘယ်သူတုံး"

လို့ မင်းမှုထမ်းတွေက မေးကြရောတဲ့။ မအောင်ဖြူက

လည်း…

"ကျွန်မနာမည် မအောင်ဖြူပါ"

လို့ ဖြေသတဲ့။

"ဒါဆိုရင် ဘာနေ့သမီးတုံး"

လို့ ထပ်မေးတော့ မအောင်ဖြူက…

"ကျွန်မ တနင်္ဂနွေသမီးပါ"

လို့ ဖြေလိုက်သတဲ့။ ဒီမှာတင် မင်းမှုထမ်းတွေရဲ့ အကြီးအကဲက ခေါင်းဆတ်ပြလိုက်တယ်။

မင်းမှုထမ်းတွေက မအောင်ဖြူကို ချက်ချင်းဖမ်းပြီး တိုင်ကျင်းထဲကို ပစ်ချလိုက်ရောတဲ့ဟေ့။ ပြီးတာနဲ့ အပေါ်က မြို့ရိုးတိုင်ကို စိုက်ချလိုက်တာ စိုက်လို့ရသွားသတဲ့။ မအောင်ဖြူက သူမသေခင်မှာ-

"အပြစ်မရှိတဲ့ ငါ့ကို စေးတဲ့အတွက် ဟံသာဝတီနယ်မှာ တိရစ္ဆာန်ဖြစ်ရင် တိရစ္ဆာန်ဆိုး၊ လူဖြစ်ရင် လူဆိုး၊ စီးပွားရေးလုပ်ရင် စီးပွားပျက်၊ ဘယ်တော့မှ ကြီးပွားချမ်းသာ မရှိတဲ့နယ်ဖြစ်ပါစေ၊ ငါ့လင်ကိုချစ်တဲ့ ငါဟာ ဖြစ်ရာဘဝမှာ ငါ့လင်နဲ့ ပေါင်းဖက်ရပါစေ"

လို့ ကျိန်စာတိုက်ပြီး ဆုတောင်းသွားတယ်တဲ့ကွယ်။ အဲဒီလို မကျေမနပ် ဒေါသတွေဖြစ်ပြီး သေသွားတဲ့ မအောင်ဖြူဟာ ဘီလူးမဘဝကို ရောက်သွားတယ်။ ဘီလူးမ မအောင်ဖြူဟာ အကျဉ်းကျနေတဲ့ သူ့ယောကျ်ား ပညာဗလကို သူ့ရဲ့အစွမ်းတွေ၊

တန်ခိုးတွေနဲ့ ကာယ်ထုတ်ပြီး သူပိုင်တဲ့ နယ်ထဲကို ခေါ်သွားတယ်။ ပြီးတော့ သူ့ယောကျ်ားနဲ့ ပေါင်းဖော်နေကြရောတဲ့ဟေ့။

"ဟာ…ဘွားကလည်း လူနဲ့ ဘီလူးမနဲ့ ပေါင်းဖက်လို့ ရလို့လားဗျ"

"ဟဲ့ တာတေ၊ ဘီလူးမ မပြောနဲ့၊ သရဲတစ္ဆေတွေတောင် လူနဲ့ပေါင်းလို့ရတာ ရှိတယ်ဟဲ့"

"ဟာ…ဟုတ်လား ဘွားရဲ့"

"ဟုတ်တယ် တာတေ၊ ဘုံဘဝချင်း မတူပေမဲ့ သူတို့မှာ ကုသိုလ်ကံတွေရှိရင် လူနဲ့ပေါင်းဖက်နိုင်ကြတယ်ဟဲ့"

"ဩော်…ဒီလိုလား ဘွားရဲ့"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ အခု ဘီလူးမ မအောင်ဖြူနဲ့ ပညာဗလ ပေါင်းဖက်ကြတာ သားလေးတစ်ယောက်တောင် ရသတဲ့။ အမေဘီလူးမရဲ့ တန်ခိုးတွေ ပါလာတဲ့ မအောင်ဖြူရဲ့ သားဟာ ခြေဖဝါးကို တိုင်းကြည့်ရင် တစ်တောင်အတိ ရှိသတဲ့။ ခွန်အားဗလကလည်း ကြီးမားလွန်းတော့ တောဆင်ရိုင်းကိုတောင် လက်နဲ့ဖမ်းပြီး အစွယ်ကို ချိုးပစ်နိုင်သတဲ့ဟေ့"

"ဟာ…တော်တော်ကို စွမ်းတဲ့လူပါလား ဘွားရဲ့"

"ဟဲ့ စွမ်းဆို ဘီလူးမက မွေးထားတာကိုး တာတေရဲ့၊ သူ့ကို ရာဇဝင်ထဲမှာ ခြေရာတစ်တောင် မောင်မဲခေါင်လို့ ခေါ်ကြတယ်ကွဲ့။ မောင်မဲခေါင်က တောကြီးမျက်မည်းထဲမှာ ပုန်းလျှိုးပြီး နေရတဲ့ဘဝကို စိတ်ပျက်လာသတဲ့ဟေ့။ ပြီးတော့ လူတွေနေတဲ့

အရပ်မှာ သိပ်နေချင်တာတဲ့။ တစ်နေ့တော့ သူ့အမေ သစ်သီးရှာသွားတုန်း သူ့အမေကိုထမ်းပြီး ပြေးခဲ့ရောတဲ့ဟေ့။ ဒါကို ဘီလူးမ မအောင်ဖြူက သိသွားပြီး ပြေးလိုက်ပေမယ့် သူပိုင်တဲ့နယ်ကျော်သွားတော့ ဆက်မလိုက်နိုင်တော့ဘဲ လင်နဲ့သားကို အော်ခေါ်ရင်းနဲ့ ရင်ကွဲနာကျပြီး သေသွားသတဲ့။ ဘီလူးမ မအောင်ဖြူဟာ သေကာနီးမှာ လူ့ဘဝတုန်းက သူ စတေးမခံရခင် ယူလာတဲ့ ဖျာလိပ်ကို စိတ်ကသွားစွဲသတဲ့။ ဒါနဲ့ ဘဝကူးတော့ နတ်စိမ်းဘဝကို ကူးပြီး လူတွေက သူ့ကို ဖျာလိပ်နတ် မအောင်ဖြူလို့ ခေါ်ပြီး ပသကြတယ်''

''ဖျာလိပ်နတ် မအောင်ဖြူကို ဘယ်လိုပသရတုံး ဘွား ရဲ့''

ကျုပ်က လွတ်စပ်စုတဲ့ကောင်လေဗျာ၊ မအောင်ဖြူ ပသပုံကို မေးကြည့်လိုက်တာဗျ။

''ကန်တော့ပွဲမှာ အုန်း၊ ငှက်ပျောထိုးပြီး ဖျာလိပ်တစ်လိပ်ယူရတယ်၊ ဖျာလိပ်မှာ ထဘီတစ်ထည်ဝတ်ပြီး အပေါ်ပိုင်းမှာ အင်္ကျီဝတ်ရတယ်၊ ပြီးရင် ဆံတုတပ်ပြီး ပန်းတစ်ပွင့် ပန်ပေးရတယ်၊ ဖျာလိပ်ရှေ့မှာ ကျောက်ပျဉ်၊ သနပ်ခါးတုံး၊ မှန် အားလုံးချပေးထားရတယ်''

''ဟာ..ကြောက်စရာကြီးပါလား ဘွားရဲ့''

''အေး..နင်ကသာ ကြောက်တာ တာတေရဲ့၊ မိန်းကလေးတွေကတော့ အခုန အဘွားပြောသလို ဖျာလိပ်မှာ ဝတ်ဆင်ပေးပြီး

အမွေးရည်နဲ့ ဖျာလိပ်ကို ဖျန်းကြတယ်၊ ပြီးရင် ဖျာလိပ်နတ်မအောင်ဖြူ ပင့်ကြတယ်ဟဲ့"

"ဟာ…အဲဒီလို ပင့်လို့ရလား ဘွား"

"အေး ရတယ်၊ ဒါပေမဲ့ မအောင်ဖြူ ပင့်တဲ့နေရာမှာ ယောက်ျား မရှိရဘူး၊ ယောက်ျားရှိရင် မအောင်ဖြူက မဝင်ဘူးဟဲ့"

"မအောင်ဖြူ ရောက်လာရင် မိန်းကလေးတွေက ဘာတွေမေးကြတုံးဗျ ဘွားရဲ့"

"အခုကြိုက်နေတဲ့သူနဲ့ ရမလား၊ မရဘူးလား၊ သူတို့ကို နှစ်သက်တဲ့သူ ရှိသလား၊ ဖူးစာရှင်နဲ့ တွေ့မှာလား ဆိုတာတွေပေါ့ဟယ်"

"နို့ ဖျာလိပ်ကြီးက သူတို့ကို ဘယ်လိုပြောတုံး ဘွားရဲ့"

"ဟဲ့ ဖျာလိပ်ကတော့ စကားဘယ်ပြောမှာတုံး တာတေရဲ့၊ ဖျာလိပ်က စောင်းသွားပြီး ခေါင်းကိုရိုက်တာပေါ့ဟဲ့၊ သုံးချက်ရိုက်ပါဆိုရင် သုံးချက်ရိုက်ပြတယ်၊ နှစ်ချက်ရိုက်ပါဆိုရင် နှစ်ချက်ရိုက်ပြတယ်လေ"

"ဩော်…ဒီလိုလား ဘွားရဲ့"

"ဘွားငယ်ငယ်က မေးဖူးလား"

ကျုပ်ကလည်း စပ်စုတဲ့နေရာမှာတော့ နှစ်ယောက်မရှိတဲ့ ကောင်လေဗျာ။

"မေးဖူးတာပေါ့ တာတေရဲ့၊ ငါတင်မဲ့ဟုတ်ပါဘူးဟယ်၊ မိန်းမစော်တော်များများ ဖျာလိပ်နတ်ကို မေးဖူးကြတာပဲဟဲ့"

အဲဒီနေ့က ညနေ နေအောင်းမှ ကျုပ် အိမ်ပြန်ရောက်တယ်ဗျ"

"ဟဲ့ တာတေ၊ နင် ဘွားမယ်တုံဆီ မုန့်သွားပေးတာ ကြာလှချည်လားဟဲ့"

"ဟုတ်တယ် အမေရေ၊ ဘွားမယ်တုံ ပြောပြတဲ့ ဖျာလိပ်နတ်အကြောင်း နားထောင်နေလို့ဗျို့"

"အရီးမယ်တုံနဲ့ တွေ့လိုက်တော့ ထပြန်ဖို့ အခက်သားပဲဟဲ့၊ အရီးပြောတဲ့ ဖျာလိပ်နတ်အကြောင်းက ကောင်းသလား"

"ကောင်းချက် အမေရာ၊ ဘွားပြောတာတွေဟာ ကျုပ်မျက်လုံးထဲမှာ မြင်နေရသလိုကိုဖြစ်တာ အမေရဲ့၊ ဖျာလိပ်နတ်မအောင်ဖြူရဲ့ ဘဝက တော်တော်ကို စိတ်ဝင်စားဖို့ ကောင်းတာဗျ၊ သနားဖို့လည်းကောင်းတယ် အမေရဲ့"

"အင်း...မအောင်ဖြူက သနားဖို့ကောင်းတယ်ဟဲ့"

"မအောင်ဖြူအကြောင်း အမေလည်း သိတယ်ပေါ့ ဟုတ်လား အမေ"

"အေး...သိတာပေါ့ဟဲ့၊ ဟိုတုန်းက ဇာတ်စာအုပ်တွေ ဖတ်ခဲ့ရတာလေ"

အမေပြောတဲ့ ဇာတ်စာအုပ်တွေ ဆိုတာကို ကျုပ်ဖြင့် ဖတ်ချင်နေတော့တာဗျို့။

"မအောင်ဖြူရဲ့ အဖြစ်အပျက်က တော်တော်သနားစရာကောင်းတာပဲ အမေရဲ့"

"အေး၊ မအောင်ဖြူ အဖြစ်အပျက်ကလည်း သနားစရာကောင်း၊ နှင်တို့ကို ပြောပြတဲ့ အရိုးမယ်တဲ့ကလည်း အပြောကောင်းဆိုတော့ ဇာတ်လမ်းက ပိုကောင်းသွားတော့တာပေါ့တာတေရယ်"

အဲဒီညက ကျုပ် အိပ်မက် မက်တယ်။ အိပ်မက်ထဲမှာ မအောင်ဖြူ ဝင်ပူးနေတဲ့ ဖျာလိပ်ကြီးက ကျုပ်နောက်ကို လိုက်လို့ ပြေးလိုက်ရတာတဲ့ဗျာ။ ဖျာလိပ်က ထဘီကြီးဝတ်လို့ဗျ။ အပေါ်ပိုင်းမှာ ရင်ဖုံးအင်္ကျီလက်ရှည် ဝတ်ထားတယ်။ အင်္ကျီက ပွဲထဲမှာ မင်းသမီးတွေဝတ်တဲ့ ခါးတောင်အင်္ကျီမျိုးဗျ။ ဖျာလိပ်မှာ ဆံပင်ဖားလျားကြီးလည်း ချထားတယ်။ ပန်းပွင့်အနီကြီး တစ်ပွင့်လည်း ပန်လို့ဗျ။ ကျုပ်စိတ်ထင်တော့ ခေါင်ရမ်းပန်း ထင်တာပဲဗျာ။ ကျုပ်ဖြင့် အိပ်မက်ထဲမှာ ပြေးလိုက်ရတာ ချွေးသီးချွေးပေါက်တွေ တောင်ကျလို့ဗျို့။

"တာတေ၊ ဟဲ့ မထသေးဘူးလား၊ မိုးတောင်လင်းနေပြီ ဟဲ့"

အမေ ကျုပ်ကို နှိုးပေလို့ပေါ့ဗျာ။ မဟုတ်ရင် ကျုပ် ဘယ်လောက်ပြေးနေရဦးမလဲ မသိဘူးဗျို့။

"ထပေတော့ လူလေး၊ မနေ့ကကျန်တဲ့ အမဲသားဟင်းကျန်နဲ့ ထမင်းကြမ်း စားရအောင်ကွာ"

အဘကပါ ကျုပ်ကို နှိုးနေတာဗျ။ ကျုပ်လည်း အိပ်ရာသိမ်းပြီး မျက်နှာသစ်ရတာပေါ့ဗျာ။

ပြီးတာနဲ့ အဘတို့နဲ့ ဝင်ပြီး ထမင်းကြမ်း စားတော့တာ ဗျို့။

"မနေ့က ထွန်းပွင့်က ပို့လို့ အမဲသား ဆုံလိုက်တာ၊ ကလီစာပါ ရတာနဲ့ ငါးဆယ်သား ထည့်ချက်ထားတာ"

အမေက စားရင်း ပြောတယ်။ မနေ့က ကျုပ်ကောက်လာတဲ့ မလွှပွင့်လေးတွေ ရေနွေးဖျောပြီး စိမ်းစားငါးပိထောင်းလေးနဲ့ တို့မြုပ်စားနေတာဗျို့။

"လူလေး ဒီမလွှပွင့်တွေ ဘယ်က ကောက်လာတာတုံးကွ"

"အနောက်ပိုင်းက အဘရဲ့၊ ဘိုးညိုတို့ပိုင်းအစပ်မှာ သုံးပင်တောင်မှ ပွင့်လိုက်တာမှ ဝါနေတာ၊ ကျုပ်က အပွင့်လောက် ကောက်လာတာ၊ တချို့က သီးကင်းလေးတွေ ကြွေတာကို ကောက်လို့ဗျ"

"ဟာ···အဲဒီမလွှပွင့်ရဲ့ သီးကင်းလေးတွေက ပိုပြီးတို့လို့ကောင်းတာကွ၊ အရသာက ချိုတိုတို၊ သက်တတ်တတ်ကလေး လူလေးရဲ့"

"ဟာ ဟုတ်လား အဘရဲ့၊ ဒါဆိုရင် ဒီတစ်ခါကျရင် ကျုပ် သီးကင်းလေးတွေ ကောက်ခဲ့ဦးမယ်"

ထမင်းစားသောက်ပြီးတော့ အဘနဲ့ ကျုပ်က စကား ဆက်ပြောနေတာဗျ။

"တချို့ကျတော့ အဲဒီမလွှပွင့်ကို ဝက်သားထဲထည့်ပြီး

ချက်စားတာဟဲ့"

"ဟာ ဟုတ်လား အမေ၊ ကောင်းရော ကောင်းရဲ့လား ဗျာ"

"အောင်မယ်၊ ကြိုက်တဲ့လူက အတော်ကြိုက်တာဟဲ့၊ မြောက်ပိုင်းက လုံးကြည့်ဆိုရင် မလှုပ်ငုံတွေကို နေလှမ်းပြီး ပုလင်းထဲမှာ သိမ်းတောင်ထားတာ၊ ဝက်သားချက်တိုင်း ထည့်ချက်တာဟဲ့"

"ကျုပ်ကတော့ အမေချက်တာပဲ ကြိုက်တာပါဗျာ၊ ဝက်သားဆိုရင် မရမ်းသီးလေးနဲ့၊ အမဲသားဆိုရင် ဆီးသီးခြောက်ကလေးနဲ့၊ တစ်ခါ တစ်ခါ ဝက်သားကို မုန်းရည်ကြီးနဲ့ ချက်တာတွေ ကျုပ်က လွှတ်ကြိုက်တာဗျ။ ကြက်သားဆိုရင်တော့ ရေတ်သီးစပ်စပ်နဲ့ချက်တဲ့ ကာလသားချက်ကို အကြိုက်ဆုံးပဲ အမေရ"

"ဟား၊ ဟား၊ ဟား၊ ငါ့သားကတော့ ဟင်းကောင်းကြွေးကောင်း အင်မတန်ကြိုက်တတ်တဲ့ကောင်ဟဲ့ ငွေစိန်ရဲ့"

"အမယ်လေး ဟုတ်ပါ့တော်၊ ဟုတ်ပါ့၊ ရှင့်တူတာတွေလေ ကိုဉာဏ်ရဲ့"

"ဟား ဟား ဟား၊ အေးပေါ့ ငွေစိန်ရဲ့၊ ငါ့သားပဲ ငါ့တူတော့တာပေါ့၊ ဟား ဟား ဟား"

အဘနဲ့ အမေက တစ်ယောက်နဲ့ တစ်ယောက် အငေါ့အတော့ စကားတွေပြောရင်း ရယ်နေကြတာဗျို့။

"ဘထွေးဉာဏ်၊ ဒွေးလေး ငွေစိန်"

"ဟဲ့ ဘယ်သူတုံး၊ တာတေ ကြည့်လိုက်စမ်းဟဲ့"

"ဟာ…ဘန့်ဘွေးကုန်းက လေးလေးဘခင်ဗျ အမေရဲ့"

"ဟော…ဘခင်လား၊ ဒီကောင် ပေါ်မလာတာ ကြာပေါ့၊ ဟဲ့ ခေါ်လေ တာတေ၊ နင့်လေးလေးကို ခေါ်လိုက်လေ"

"လေးလေးဘခင် လာဗျို့၊ အဘရော အမေရော ရှိတယ်"

"အေး အေး၊ လာပြီ တာတေရေ"

ပြောပြောဆိုဆို လေးလေးဘခင်က အိမ်ပေါ်တက်လာတယ်။

"လာဟေ့ ဘခင်၊ မင်းပေါ်မလာတာ ကြာပေါ့"

လေးလေးဘခင်ဆိုတာ ဘန့်ဘွေးကုန်းကဗျ။ ဘန့်ဘွေးကုန်းသား စစ်စစ်တွေပေါ့ဗျာ။ လေးလေးဘခင်က မိဘလက်ထက်က ယာတွေကိုပဲ ဆက်လုပ်တာဗျ။ သူ့မိန်းမ ဒွေးလေးဝိုင်းကြည်ရော လေးလေးဘခင်ရောက အမွေနှစ်မွေခံရတဲ့လူတွေဗျ။ လူချမ်းသာတွေ။ အနေအထိုင်ကလည်းရိုး၊ အလုပ်ကလည်း လွတ်လုပ်တဲ့လူဆိုတော့ ရှိပြီးရင်း ရှိရင်းပေါ့ဗျာ။ မြို့မှာတောင် အိမ်ကြီးတစ်လုံး ဝယ်ထားတာဗျ။ အဲဒီမှာ သူ့သမီး ခင်ခင်ထားကို ပို့ထားတယ်။ ခင်ခင်ထားက ဒီနှစ် ဆယ်တန်းဆိုတော့ လေးလေးဘခင် ညီမ ဒွေးလေးမရီက လိုက်စောင့်ရှောက်နေတယ်ဗျ။

"ဒီနှစ် ဘထွေးတို့ နှမ်းတွေကောင်းရဲ့လား"

လေးလေးက အဘတည်တဲ့ မခွေရီဆေးပေါ့လိပ်ကို ဖွာရင်း မေးတယ်။

"သင့်ပါတယ်ကွ ဘခင်ရ၊ မှင်းရော ဆော်တော်ရလား"

"ဒီနှစ် မနှစ်ကလောက် မမီဘူး ဘထွေးရ၊ မနှစ်က ပိုတယ်"

"ဒီနှစ်က နောက်မိုးမကောင်းတော့ အသီးသိပ်မအောင်ဘူးပေါ့ကွာ၊ ငါတို့တောင်သူဆိုတာက မိုးကို အားကိုးရတာပဲလေ-ဘခင်ရာ၊ မိုးမကောင်းရင် ဘာမှမတတ်နိုင်ဘူးမို့လား"

"ဟုတ်ပါ့ ဘထွေးရာ"

"နို့…မင်းလာတာ လမ်းကြုံဝင်လာတာလား၊ ကိစ္စရှိလို့လား"

အဘက လေးလေးဘခင်ကို မေးတာဗျ။

"လမ်းကြုံဝင်တာ မဟုတ်ဘူး ဘထွေးရဲ့၊ ကိစ္စရှိလို့တမင် ကို လာခဲ့ရတာ"

"ဟေ…ဟုတ်လား၊ နို့ ဘာကိစ္စများတုံး ဘခင်"

အဘ မေးတော့မှ လေးလေးဘခင်က လက်ထဲက ဆေးပေါ့လိပ်ကို ဆေးလိပ်ခွက်ထဲ ချလိုက်တယ်။ ပြီးမှ ပြောတာဗျ။

"ကျုပ်သမီး ခင်ထားက ဒီနှစ် ဆယ်တန်းလေ ဘထွေးရဲ့"

"ဟော…ခင်ထားတောင် ဆယ်တန်းရောက်သွားပြီလား၊ ငါ့စိတ်ထဲ ကလေးပဲ ထင်နေတာ"

"မှုတ်တယ် အရီးရဲ့၊ ခင်ထားက ဒီနှစ် ဆယ်တန်းဗျ၊

သူ့အရီးလေး မရီက သူ့တူမနဲ့ မြို့မှာ အဖော်လိုက်နေပေးတယ်၊ ချက်ပြုတ်ကျွေးရတာပေါ့ အရီးရယ်၊ ဆယ်တန်းဆိုတော့ စာက အရေးကြီးပြီမို့လား၊ သူတို့ မချက်နိုင် မပြုတ်နိုင်တော့ဘူးလေ၊ သူ့အရီးလေးကပဲ အားလုံး လုပ်ပေးနေရတာ"

"ဟာ…ဒါဆိုရင် မြို့က လေးလေးရဲ့ အိမ်ကြီးမှာ သူတို့တူဝရီးနှစ်ယောက်တည်း နေတာလားဗျ"

ကျုပ်က ဝင်မေးလိုက်တာဗျ။ လေးလေးဘခင်က သူ့နှုတ်ခမ်းမွေးကို လက်နဲ့သပ်ရင်း ကျုပ်ကို လှည့်ကြည့်တယ်။ လေးလေးဘခင်က နှုတ်ခမ်းမွေးထားတဲ့လူဗျ။ နှုတ်ခမ်းမွေးအပြားကြီးမှ ကျုပ်လက်နှစ်လုံးလောက် ရှိတာ။

"မဟုတ်ဘူး တာတေရဲ့၊ မင်းညီမ ခင်ထားက သူ့သူငယ်ချင်းမတွေကိုပါ ခေါ်ထားတာကွ၊ ဘန့်ဒွေးကုန်းက ချစ်စိန်ရဲ့သမီးနှစ်ယောက်စလုံးကလည်း ဒီနှစ် ဆယ်တန်းတွေလေကွာ"

"ဩော်…လေးလေးချစ်စိန်ရဲ့သမီးတွေ ညိုမြတို့ ညိုလှတို့လား"

"ဟုတ်ပါ့ဗျာ၊ ပြီးတော့ မင်းတို့ရွာက ဘွားမယ်တုံရဲ့မြေး မြနွယ်လည်း ပါတယ်လေ"

"ဩော်…မြနွယ်လည်း ဆယ်တန်းပဲလား"

"အေး ဟုတ်တယ် တာတေရဲ့၊ ပြီးတော့ မီးလောင်ကုန်းက မင်းသူငယ်ချင်း ပန်းစုံရဲ့ညီမ လှတွေးလည်း ပါတယ်၊ အားလုံး သူတို့သူငယ်ချင်း ငါးယောက်လေကွာ။ အဲဒါကို မင်းအရီး မရီက

နိုင်ခံချက်ပြုတ်ကျွေးပေါ့ကွာ၊ မရီကလည်း ကလေးဆို လွတ်ချစ်တတ်တာကွ၊ သူ့တူမကိုရော၊ သူ့တူမသူငယ်ချင်းတွေကိုရော မရီက ချစ်တာ၊ ဟိုဟာမလေးတွေကလည်း သူ့ဆိုရင် လွတ်ချစ်ကြတာကွ"

"ဟား၊ ဟား၊ ဟား၊ အရီးက အပျိုကြီးကို လေးလေးရဲ့ ကလေးချစ်တတ်တာပေါ့၊ ဒါဆိုရင် အဆင်ပြေတာပေါ့ဗျာ"

ကျုပ်က ဝမ်းသာပြီး ပြောလိုက်တာဗျ။

"အဆင်မပြေဘူး တာတေ၊ အခု မြို့မှာ ပြဿနာတွေ တက်ကုန်ကြလို့ မင်းဆီကို လေးလေး လာခဲ့တာ"

"ဗျာ၊ လေးလေး ကျုပ်ဆီကို လာတာလား"

"အေး ဟုတ်တယ် တာတေ၊ လေးလေး မင်းဆီကို လာတာ"

"နို့..မြို့မှာ ကလေးတွေ ဘာဖြစ်လို့တုံးဗျ လေးလေးရဲ့"

"လေးလေးလည်း အသေးစိတ်တော့ မသိသေးဘူးကွ၊ တာတေရဲ့၊ လေးလေးအိမ်ရှေ့မှာ လူသတ်မှု ဖြစ်သွားလို့တဲ့"

"ဗျာ၊ ဟုတ်လား လေးလေး"

"အေး ဟုတ်ထယ် တာတေ၊ အဲဒီသေတဲ့ကောင်လေးက ငါ့သမီး ခင်ထားကို လာပြီးပိုးပန်းနေတဲ့ ကောင်လေးလို့ ပြောတယ်ကွ"

"ဟင်...ဟုတ်လား လေးလေး၊ ဒါဆိုရင် ရဲက ခင်ထားတို့ကိုပါ စစ်လားဆေးလား လုပ်နေဦးမလား လေးလေးရာ"

"အေး၊ မင်းပြောတဲ့အတိုင်းပဲ တာတေ၊ ရဲက ခင်ထား တို့ကို လာပြီးမေးတာမြန်းတာ နှစ်ခါရှိပြီတဲ့ကွ၊ မင်းတူမ ခင်ထား ကလည်း ကြောက်ပြီး ငိုနေတယ်တဲ့။ အဲဒါကို အမြန်ဆုံး မှာပေး ပါဆိုလို့ မရီက ကားဂိတ်က လူကြုံနဲ့ စာရေးပေးလိုက်တာ၊ စာက ညကမှရတော့ လေးလေး ဒီကနေ့ သွားမယ်၊ အဲဒါ မရီ စာထဲမှာ သေတဲ့သူငယ်ကို သရဲသတ်တာလို့ ပါလာတယ်ကွ"

"ဗျာ…ဘယ်လို၊ ဘယ်လို လေးလေး"

"အေးကွ၊ မင်းအစ်မရီ ရေးလိုက်တဲ့စာထဲမှာ ဒီကောင် လေးသေတာ လူသတ်လို့ သေတာမဟုတ်ဘူး အစ်ကိုကြီးဘခင်၊ သရဲသတ်လို့ သေတာလို့ ရေးထားတယ်၊ ဒါကြောင့် ဒီကိစ္စ တွေကို မင်းမှ နားလည်မှာလို့ ငါတွေးမိတယ် တာတေ။ ပြီးတော့ စာထဲမှာ ရေးထားတာက မင်းညီမ ခင်ထားရော သွားမယ်တဲ့ရဲ့ မြေးမ မြနွယ်ရောက ကိုကြီးတာတေကို ရအောင်ခေါ်ခဲ့ပါလို့ ပြောကြသတဲ့ကွာ၊ ဒါကြောင့် မင်းကို ငါလာခေါ်တာ တာတေရဲ့"

"နို့…ဘန့်ဘွေးကုန်းက ကားက ဘယ်တော့ထွက်မှာတုံး လေးလေးရဲ့"

"ဆယ်နာရီ ထွက်မယ်ပြောတယ် တာတေ"

"ကဲ ဒါဆိုလည်း ကျုပ်လိုက်ခဲ့ရမှာပေါ့ဗျာ"

ကျုပ်က ဆေးလွယ်အိတ်နဲ့ အဝတ်အစားအပို နှစ်စုံထည့် ပြီး လေးလေးဘခင်နဲ့ ဘန့်ဘွေးကုန်းကို လိုက်ခဲ့တယ်။ ဆယ်နာရီ ကားနဲ့ ကျုပ် မြို့ကိုလိုက်ရတော့မှာပေါ့ဗျာ။

မြို့ရောက်တော့ ကလေးမတွေနဲ့ ကျုပ်တွေ့တယ်။

ခင်ထားဆိုတာက လေးလေးဘခင်နဲ့ အရီးပိုင်းကြည်တို့ရဲ့ သမီးဗျ၊ အသက်ကြီးမှ ကလေးရကြတာ၊ သားသမီးဆိုလို့ လေးလေးတို့မှာ ခင်ထားတစ်ယောက်ပဲ ရှိတာ။

ခင်ထားဆိုတဲ့ ကောင်မလေးက လှချက်ကတော့ လွန်ရောဗျာ။ ကျုပ်တို့ အညာသူလို့တောင် ပြောဖို့ခက်သားဗျ။ အသားကလည်း ဖြူဖွေးပြီး မျက်လုံးဝိုင်းဝိုင်းလေးတွေက နက်မှောင်နေလို့ပါဗျာ။ မျက်ခုံးကြီးတွေကလည်း မည်းနက်နေတာဗျ။ ကိုယ်လုံးကိုယ်ပေါက်ကလည်း သွယ်သွယ်လျလျလေးဗျ။ အရပ်ကလည်း ရှည်လည်းမရှည်၊ ပုလည်းမပုဘဲ အနေတော်လေးဗျာ။

ကာလသားတွေက ခင်ထားကို ကြိုက်မယ်ဆိုလည်း ကြိုက်စရာပေါ့ဗျာ။ ဘန့်ဒွေးကုန်းက ကာလသားတွေကတော့ ခင်ထားကို မပိုးဝံ့ကြဘူးဗျ။ ခင်ထားက မြို့ကျောင်းမှာနေတော့ ပညာလည်းတတ်၊ ရုပ်ကလည်းချော၊ မိဘကလည်း လူချမ်းသာဆိုတော့ တော်ရုံလူ ဘယ်ကပ်ဝံ့ပါ့မလဲဗျာ။

ကျုပ်ကိုတော့ ကိုကြီးတာတေဆိုပြီး ခင်ရှာပါတယ်။

"ကဲ နင်တို့ခေါ်ခိုင်းတဲ့ ကိုကြီးတာတေကို အဘ ပါအောင်ခေါ်လာခဲ့ပြီ၊ နင်တို့ ဘာတွေဖြစ်ကြတယ်ဆိုတာ အမှန်အတိုင်း နင်တို့ကိုကြီးတာတေကို ပြောပေတော့"

လေးလေးနဲ့ ကျုပ်က ခေါင်းရင်းဘက်မှာ ထိုင်လို့ဗျ။

ကလေးမလေးတွေက ကျုပ်တို့ရှေ့မှာ ဖျာလေးတွေခင်း

ပြီး ထိုင်နေကြတယ်ဗျ။

"ကဲ…ငါ့ညီမတွေ နင်တို့ရဲ့ အဖြစ်အပျက်တွေကို အစ ကနေစပြီး ကိုကြီးတာတေကို ပြောပြကြပေတော့၊ ဒါမှ ကိုကြီး တာတေက အမှန်ကို စဉ်းစားပေဖန်နိုင်မှာ"

ကျုပ်နဲ့ လေးလေးက သူတို့အဖြစ်အပျက်တွေကို မေးကြ တာပေါ့ဗျာ။

"ကဲ…မြနှယ်၊ နင်အရင်ပြောပေတော့"

လေးလေးချစ်စိန်ရဲ့သမီး ညိုမြက မြနှယ်ကို စပြီးပြော ခိုင်းတာဗျို့။ မြနှယ်ဆိုတာက ကျုပ်တို့ရွာက ဘွားမယ်တုံကြီးရဲ့ မြေးမလေးဗျ။ သူကတော့ ကျုပ်ချိုပိုးပြီး ထိန်းခဲ့ရတဲ့ ကလေးပေါ့ ဗျာ။ မြနှယ်က ခေါင်းညိတ်ပြပြီး ကျုပ်ကို ပြောပြတယ်။

"တနင်္ဂနွေနေ့ဆိုတော့ ကျောင်းပိတ်ရက်လေ။ ကျုပ်တို့ သူငယ်ချင်း ငါးယောက်လုံး ဖျင်းနေကြတာတော့၊ ဘယ်မှလည်း သွားစရာမရှိ၊ ဘာမှလည်း လုပ်စရာမရှိတော့ ဖျင်းတော့တာပေါ့ ကိုကြီးတာတေရာ။

"ဟဲ့ကောင်မတွေ ဖျင်းကြောထူမနေနဲ့၊ ငါတို့ ဖျာလိပ် နတ် မေးကြမလား"

လို့ ကျုပ်က စမေးလိုက်တော့ ဟိုကောင်မ လေးယောက် က ဖျင်းပြီး တုံးလုံးတွေလှဲနေရာကနေ တစ်ပြိုင်တည်း ထထိုင် လိုက်ကြတယ် တော်ရေ။

"အေး၊ ကောင်းတယ် မြနှယ်၊ ကောင်းတယ်၊ နင်

ဖျာလိပ်နတ် ပင့်တတ်တယ်မို့လား'

လို့ ဝိုင်းမေးလိုက်ကြတာ စိတ်ပါလက်ပါပဲ ကိုကြီးတာတေရေ၊ ဇါသနာသိပ်မပါဘူး ထင်ပါရဲ့တော်။

'ဟဲ့ ညီလှရဲ့ မေးတတ်တာပေါ့အေ၊ ငါက ထနောင်းကုန်းက ဘွားမယ်တုံ့ရဲ့ မြေးပဲအေ'

လို့ ကျုပ်က ပြန်ပြောတော့ ဒီကောင်မ လေးယောက် ပျော်ပြီးတော့ လက်ခုပ်တွေတောင် တီးလိုက်ကြသေးသတော့။ ဖျာလိပ်နတ် မအောင်ဖြူကို ကျုပ်တို့အိမ်မှာပင့်ပြီး မေးနေကျလေ ကိုကြီးတာတေရဲ့။ ဒီလိုကိစ္စမျိုးတွေကို ကျုပ်ဘွားတော်ကြီးက လွှတ်ကျွမ်းတာကို ကိုကြီးတာတေလည်း သိမှာပါလေ။

ကျုပ်က ဖျာတစ်ချပ်ယူပြီး လိပ်လိုက်တယ်။ ပြီးတော့ ခင်ထား ယူလာတဲ့ ထဘီတစ်ထည်ကို ဝတ်လိုက်တယ်။ ထဘီကို ကြိုးနဲ့ချည်ရတာပေါ့ ကိုကြီးတာတေရဲ့။ ပြီးတော့ ခင်ထားပေးတဲ့ အင်္ကျီကို ဖျာလိပ်အပေါ်ပိုင်းမှာပတ်ပြီး ဝတ်လိုက်တယ်။ ပြီးတော့မှ အရိုးမရှိ ဆံထုံးထုံးရင်သုံးတဲ့ ဆံတုကြီးကို ဖျာလိပ်ထိပ်မှာ ကြိုးချည်ပြီး တပ်တယ်။ အိမ်ဝိုင်းထဲမှာ ပေါက်နေတဲ့ ခေါင်ရမ်းပင်က ပန်းတစ်ပွင့်ကို တပ်ထားတဲ့ ဆံတုမှာ ပန်ပေးလိုက်တယ်''

''ခေါင်ရမ်းပန်းက အနီရောင်လား မြနွယ်''

''ဟုတ်တယ်တော့၊ ကိုကြီးတာတေရဲ့''

မြနွယ်ပြောတဲ့ ဖျာလိပ်ကြီးပုံစံကို ကျုပ်မျက်စိထဲမှာ မြင်လာပြီး ဟိုတစ်ညက ကျုပ်နောက်ကို လိုက်တယ်လို့မက်တဲ့

အိမ်မက်ကို ချက်ချင်းသတိရသွားတာဗျို့။ ကျုပ်ဖြင့် ကြက်သီးတွေတောင် တဖြန်းဖြန်း ထသွားရောဗျာ။

"အဲဒီလို ပြင်ဆင်ပြီးတော့မှ ကျုပ်တို့ငါးယောက် ဖျာလိပ်ကို အောက်ကနေမပြီး မြှောက်ထားလိုက်ကြတယ်တော့"

"ဟဲ့ မြနွယ်၊ နင်ပဲ ပြောလေဟယ်၊ ငါတို့က မပြောတတ်ဘူးဟဲ့"

လို့ ခင်ထားက ကျုပ်ကို ပြောတာတော့။ ကျုပ်ကတော့ ပြောတတ်တာပေါ့တော်၊ ဘွားမယ်တုံမြေးပဲ၊ ကဲ ကောင်မတွေ နင်တို့စိတ်ရှုတွေကို လျှော့ထားကြ၊ တင်းမထားနဲ့ ကြားလား၊ ငါ မအောင်ဖြူကို ပင့်တော့မယ်နော်၊ ပြီးတော့ နင်တို့လက်တွေက ယိုင်ပေးတာတို့ လှုပ်ပေးတာတို့ ဘာမှမလုပ်ကြနဲ့နော်။

"အေးပါဟယ်၊ မြနွယ်ရယ်၊ မအောင်ဖြူကိုသာ ပင့်စမ်းပါ"

"စကားကို ဘောက်ဆတ်ဆတ် ပြောတတ်တဲ့ ညိုလှက ကျုပ်ကိုပြောတာ ကိုကြီးတာတေရေ၊ ဒီကောင်မက အမြဲစိတ်တိုနေသလား မသိပါဘူးတော်"

ကျုပ်နဲ့ လေးလေးရှေ့မှာ တန်းစီပြီး ထိုင်နေကြတဲ့ ကောင်မလေးတွေက မြနွယ်စကားကို ကြားတော့ အားလုံး ပြုံးလိုက်ကြတယ်ဗျ။

"အဲဒါနဲ့ ကျုပ်က ဖျာလိပ်နတ် မအောင်ဖြူကို ပင့်ရတော့တာပေါ့တော်"

"နေပါဦး မြနွယ်ရဲ့၊ ဖျာလိပ်နတ်ပင့်တာ ဘယ်လိုပင့်ရတာတုံး"

"သြော်..ကျုပ်ပြောတာ နည်းနည်းလောသွားလို့ ကိုကြီးတာတေရေ၊ မပင့်ခင် ဖျာလိပ်ကြီးရှေ့မှာ ကျောက်ပျဉ်ရယ်၊ သနပ်ခါးတုံးရယ်၊ ဘီးရယ်၊ မှန်ရယ် ချပေးထားရသေးတာတော့၊ ပြီးရင် ဖျာလိပ်ကြီးမှာ မျက်နှာနေရာကို မှန်းပြီး ပေါင်ဒါနဲ့ တို့ပတ်ရိုက်ပေးရသေးတာ၊ ပြီးမှ လက်ဖက်ပွဲနဲ့ မြှောက်ပြီးပင့်ရတာတော့၊ ကိုကြီးတာတေရဲ့"

"နေပါဦး မြနွယ်ရဲ့ ပင့်တော့ ဘယ်လိုပြောပြီး ပင့်ရတာတုံး"

"ဒီလိုတော့...

**ရှင်မအောင်ဖြူ၊ မအောင်ဖြူတော့**
**အပျိုစင်ကျွန်မ၊ ပင့်ဖိတ်ရာ ကြွခဲ့ပ**
**လက်ဖက်တစ်ရိုး၊ အကြော်မျိုးကစုံလင်**
**ရွှင်ရွှင်လန်းလန်း၊ အပျော်တမ်းပ**
**ဆော့တမ်းကစားရအောင်**
**ရှင်မအောင်ဖြူ၊ မအောင်ဖြူရှင့်**
**လျှင်စွာမကြာ၊ ကြွတော်မူလာပါ**
**ယောကျ်ားမှန်သမျှ စိတ်နာလှတဲ့**
**သစ္စာရှင်မကြီး၊ မေတ္တာရှင်မကြီးတော့"**

"ကျုပ်က လက်ဖက်ပွဲလေးမြှောက်ပြီး တတွတ်တွတ်

ရင်း မအောင်ဖြူကို ပင့်လိုက်တာပေါ့ ကိုကြီးတာတေရ၊ ပထမ တစ်ကြိမ်ပင့်တော့ ဘာမှမထူးဘူး၊ ဒါနဲ့ ကျုပ်က နောက်တစ်ခေါက် ထပ်ပြီးပင့်လိုက်တယ်။

ဟာ ဒီကောင်မတွေ ကိုင်ထားတဲ့ ဖျာလိပ်ကြီးက တဆတ်ဆတ် တုန်လာရော လေးလေးရေ၊ တုန်တာမှ နတ်ဝင်သည် နတ်ပူးသလိုကို တုန်တာတော့၊ ကျုပ်က ဒီကောင်မတွေ တုန်ပေး နေတယ်လို့ ထင်သွားတာ ကိုကြီးတာတေရေ။

'ဟဲ့ကောင်မလေးယောက်၊ နင်တို့လက်တွေကို ငြိမ်ငြိမ် ထား လှုပ်မပေးနဲ့'

လို့ ကျုပ်ကပြောလိုက်တော့ ခင်ထားက စပြောတယ်။

'ဟဲ့ မြနွယ်၊ ငါတို့ လှုပ်ပေးတာ မဟုတ်ဘူး၊ သူ့ဟာသူ တုန်နေတာဟဲ့'

ဒါနဲ့ ကျုပ်က ညိုမြနဲ့ ညိုလှ ညီအစ်မကို ကြည့်လိုက် တော့ 'ငါတို့လည်း ဘာမှမလုပ်ဘူး မြနွယ်၊ သူ့ဟာသူ တုန်နေ တာဟဲ့'။

ကျုပ် ဖျာလိပ်နတ် မအောင်ဖြူကို ရွာမှာ ခဏ ခဏ ပင့်ဖူးတာပဲ ကိုကြီးတာတေရ၊ အခုလို ဖျာလိပ်ကြီး တဆတ်ဆတ် တုန်တာ ကျုပ် တစ်ခါမှ မမြင်ဖူးပါဘူးတော်။ ဒါနဲ့ ကျုပ်က…

'ဟဲ့ကောင်မတွေ၊ ဖျာလိပ်ကို ကြမ်းပြင်ပေါ် ချလိုက်ပြီး နင်တို့လက်တွေ ဖယ်လိုက်'

လို့ ပြောတော့ သူတို့လေးယောက်က ဖျာလိပ်ကြီးကို

ထောင်လျက်အတိုင်း ကြမ်းပြင်ပေါ် ချလိုက်ကြတယ်။ ဟာ ကြမ်းပြင်ပေါ် ချလိုက်တော့လည်း ဖျာလိပ်ကြီးက တဆတ်ဆတ် တုန်နေတာပဲ ကိုကြီးတာတေရဲ့"

"ဟေ…ဟုတ်လား၊ နင်တို့ဟာက ဆန်းလှချည်လား မြနွယ်ရဲ့၊ ဖျာလိပ်နတ် မအောင်ဖြူ တကယ်ဝင်တာထင်တယ်"

"ကျုပ်လည်း ဒီလိုပဲ ထင်တာပဲတော့၊ စိတ်ထဲမှာလည်း တော်တော်မျော်သွားတယ်၊ မအောင်ဖြူကို တကယ်ကြွလာအောင် ပင့်နိုင်တဲ့ ငါပါလားလို့ တွေးမိတာကိုး ကိုကြီးရဲ့"

"အေးပေါ့ မြနွယ်ရဲ့၊ နင်တွေးတာ အမှန်ပေါ့"

"ဒါနဲ့ ကျုပ်က တကယ်ဝင်တာ ဟုတ်မဟုတ် သိချင်တာနဲ့ ဖျာလိပ်ကို ကြမ်းပြင်မှာ ချထားလျက်နဲ့ပဲ–

'ရှင်မအောင်ဖြူရှင့်၊ အခုမေးနေတဲ့ အပျိုစင် ငါးယောက် ထဲမှာ တနင်္လာသမီး ဘယ်သူဆိုတာ ဖျာလိပ်နဲ့ ရိုက်ပြပါရှင်'

'ဟာ'

ကျွန်မတို့ ငါးယောက်လုံး သံပြိုင်အော်လိုက်မိတယ် ကိုကြီးတာတေရေ"

"ဟေ…ဘယ်လိုဖြစ်လို့တုံး မြနွယ်ရဲ့"

"ဟာ ကိုကြီးတာတေနယ်၊ ကြမ်းပြင်မှာ ချထားတဲ့ ဖျာလိပ်ကြီးက ခါးလယ်ကနေ တစ်ဆစ်ချိုးပြီးတော့ကို ရိုက်တာ ကိုကြီးတာတေရဲ့"

"ဘာ…ဘယ်လို၊ ဖျာလိပ်က ခါးလယ်က တစ်ဆစ်ချိုး

ဖြိုးရိုက်တယ် ဟုတ်လား၊ မြန္မယ်''

''ဟုတ်မှာတော်''

''ဟုတ်တယ် ကိုကြီးတာတေရဲ့''

''ကျုပ်ဖြင့် လန့်တောင်သွားတယ် ကိုကြီးတာတေရာ''

ကောင်မလေးတွေက ကျုပ်ကို တအံ့တသြကို ပြောနေကြတာဗျ။ ကျုပ်လည်း မြန္မယ်ပြောတဲ့ ဖျာလိပ်ကြီးက တဆတ်ဆတ်တုန်ပြီး တစ်ဆစ်ချိုး ချိုးပြီး ရိုက်တယ်ဆိုတာကို လွှတ်အံ့ဩနေတာဗျ။

''နေပါဦး မြန္မယ်ရဲ့၊ တနင်္လာသမီးကို ရိုက်ပါဆိုတော့ ဘယ်သူ့ကို ရိုက်တုံး''

''ခင်ထားကို ရိုက်တာပေါ့ ကိုကြီးတာတေရဲ့၊ ခင်ထားက တနင်္လာသမီးလေ၊ အမယ်လေး ရိုက်လိုက်တာမှ သုံးချက်တောင် ရိုက်တာတော်၊ ခါးကြီးတစ်ဆစ်ချိုး ချိုးပြီး သုံးချက်ဆက်တိုက် ရိုက်တာ ကိုကြီးရေ''

''နောက်ထပ်ရောဟဲ့''

ကျုပ်က ထပ်မေးတာပေါ့တော့။

''ရှင်မအောင်ဖြူတော့၊ ကြာသပတေးသမီးကိုလည်း ရိုက်ပြပါဦး''

''ဟေ…ဘယ်သူ့ကို ရိုက်တုံးဟဲ့''

''ကျုပ်ကို ရိုက်တာပေါ့တော်၊ ကျုပ်ကျတော့ တစ်ချက်တည်းပဲ ရိုက်တာတော့''

"ပြီးတော့ နင်တို့ ဘာတွေ ထပ်မေးသေးတုံး"

"နောက်ကြာသပတေးသမီးတစ်ယောက် ရှိသေးတယ် မအောင်ဖြူရဲ့ ရိုက်ပြပါဦး"

လို့ ကျုပ်က ပြောတော့ ညိုမြကို ရိုက်ပြတယ်၊ ဗုဒ္ဓဟူး သမီးကို ရိုက်ပြပါဆိုတော့ ညိုလှကို ရိုက်ပြတယ်တော့"

"ဟင်…ဟုတ်ရော ဟုတ်ရဲ့လား"

"ဟုတ်တယ် ကိုကြီးဘာတောရဲ့၊ ကျုပ်က ကြာသပတေး သမီး၊ ဟောဒီက ကျုပ်ညီမ ညိုလှ-က ဗုဒ္ဓဟူးသမီးလေ"

ဘန့်ဘွေးကုန်းက လေးလေးချစ်စိန့်ရဲ့ သမီးအကြီး ညိုမြ က ကျုပ်ကို ပြောပြတာဗျ။ ညိုလှကလည်း ရယ်ပြီး ခေါင်းလေး ညိတ်ပြတယ်။

"အေးဟ၊ ဒီလိုတော့လည်း မအောင်ဖြူက တော်တော် ဟုတ်သားပဲ"

"ကျုပ်က ဆက်ပြီးမေးတယ် ကိုကြီးဘာတောရဲ့၊ အဲဒီမှာ ထူးတာကို ကျုပ် ထပ်ပြောပြဦးမယ်တော့"

"အေး…ပြောစမ်းပါဦး မြနွယ်ရဲ့"

"ကျုပ်တို့ မိန်းကလေးတွေ ထုံးစံအတိုင်း ယောကျ်ား လေးတွေနဲ့ ပတ်သက်တာကို မေးတာပေါ့ ကိုကြီးဘာတောရာ၊ အဲဒီလို မေးတဲ့အချိန်မှာ ခင်းထားနဲ့ ပတ်သက်ပြီး မေးရင် ဖျာလိပ် ကြီးက ဒေါသတကြီးနဲ့ ဆတ်ဆတ်တုန်ပြီး ကျုပ်ကို ဘုမ်းဖုန်းနဲ့ ရိုက်တော့တာပဲတော်၊ ကျုပ်ကလည်း သေချာအောင် ထပ်ထပ်မေး

ကြည့်တယ်၊ ခင်ထားကို ကြိုက်နေတဲ့ကောင်လေး ရှိသလားလို့ မေးလိုက်တိုင်း ဖျာလိပ်ကြီးက တဆတ်ဆတ်တုန်ပြီး ကျုပ်ကို ဖုန်းကနဲ ဖုန်းကနဲ ထပ်ရိုက်တာပဲ တော်ရေ"

"သူ မကြိုက်လို့ပေါ့ မြနွယ်ရယ်"

"ဟုတ်တယ်တော့၊ ပြီးတော့လေ ဖျာလိပ်ကို တစ်ဆစ်ချိုးပြီး ခင်ထားရဲ့ခေါင်းကို ထိထားတယ်တော့၊ ခင်ထားကို မအောင်ဖြူက တော်တော်ကို ချစ်တဲ့ပုံပဲတော့"

"အေး၊ နောက်တော့ ဘာတွေထပ်ဖြစ်သေးတုံးဟဲ့"

"ကျောင်းတက်တဲ့နေ့ရောက်တော့ ကျုပ်တို့က ဒီအကြောင်းကို ကျောင်းကခင်တဲ့ သူငယ်ချင်းတွေကို ပြောတာပေါ့တော်၊ ဒီမှာတင် ကျောင်းက သူငယ်ချင်းတွေကလည်း လိုက်လာပြီး ဖျာလိပ်နတ် မေးကြတယ် ကိုကြီးတာတေရ။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေဆိုရင် ကျုပ်တို့အိမ်မှာ လူစည်လိုက်တာမှ မပြောပါနဲ့တော့တော်"

"အေး အဲဒီလို မေးတော့ရော မအောင်ဖြူက ကြွတာပဲလားဟဲ့"

"ဟာ…အဲဒီနေရာမှာ ပြောစရာတစ်ခု ရှိသေးတယ် ကိုကြီးရေ"

"ဟေ…ဘာတုံးဟဲ့"

"ဖျာလိပ်ကိုင်တဲ့အထဲမှာ ဒီကောင်မ ခင်ထား ပါမှ ပင့်လို့ရတယ်တော်၊ ခင်ထား ဝင်မကိုင်ရင် ပင့်လို့ကို မရဘူး

ကိုကြီးဘာတောရေ"

"ဟော...ဟုတ်လား၊ ဒါဆိုရင် မအောင်ဖြူက ခင်ထား ကို တော်တော်ခင်တာပဲနော်"

"ခင်ချက်တော်၊ ၀င်လာတာနဲ့ တစ်ပြိုင်နက်တည်း ဖျာလိပ်ကို ခင်ထားရှိတဲ့ဘက် လှည့်ပေးရတယ်၊ ခင်ထားဘက်ကို မျက်နှာလှည့်ပြီးတာနဲ့ တစ်ဆစ်ချိုးပြီး ခင်ထားရဲ့ ခေါင်းလေးကို ထိထားတာ တော်ရေ"

"မြနွယ်ရယ်၊ နင်တို့ဖို့လို့ မကြောက်မရွံ့ မေးကြတာ ဟယ်၊ ငါတောင် ကြားရတာနဲ့တင် ကြောက်လာတယ်"

ကျုပ်က ပြောလိုက်တော့ လေးလေးဘခင်က ပြောရော ဗျို့။

"ဟုတ်ပါ့ မောင်ဘာတောရယ်၊ ဒီကလေးတွေ ပေါက် ပေါက်ရှာရှာကို ဆော့တော့တာပဲကွာ၊ စာသင်ဖို့လာတာ စာပဲ သင်ကြရောပေါ့၊ ဒီလို ပေါက်ပေါက်ရှာရှာ ကစားနည်းတွေကို ကစားရသလား၊ ညည်းအမေ သိရင်တော့ ညည်းကို ဆူတော့ ငေါက်တော့မှာပဲ သမီးရယ်"

"ကျုပ်တို့က ပျင်းလို့ အပျင်းပြေ ဆော့ကြတာပါ အမေ ရယ်"

"အေး၊ နေပါဦးဟဲ့ မြနွယ်ရဲ့၊ အဲဒီလို ဖျာလိပ်နတ် မအောင်ဖြူကို ပင့်ပြီး မေးကြတာတော့ ဟုတ်ပါရဲ့၊ မေးမြန်းပြီး တော့ရော ပြန်ပြီးပို့ကြရဲ့လား"

"ဟာ…ကိုကြီးတာတေကလည်း ပို့ရတာပေါ့တော့၊ ရှင်မအောင်ဖြူ ကျုပ်တို့နဲ့ ကစားရတာ ပျော်တယ်ဆိုရင် ဖျာလိပ်ကို ဟိုဘက် ဒီဘက် ယိမ်းပြပါလို့ ပြောရင် ယမ်းလိုက်တာမှ ကိုကြီးတာတေရယ်၊ နောက်လည်း ကျုပ်တို့ပင့်ရင် ခုလိုပဲ ကြွလာပါ ရှင်မအောင်ဖြူ၊ ကြွလာမယ်ဆိုရင် ဟောဒီက မအောင်ဖြူချစ်တဲ့ ခင်ခင်ထားကို ခေါင်းလေးပုတ်ပြပါလို့ ပြောလိုက်လို့ကတော့ တဆတ်ဆတ်တုန်ပြီး ခင်ထားရဲ့ခေါင်းကို သုံးလေးချက်ပုတ်တော့တာပဲတော်။ ကဲ ရှင်မ ကြွလာလို့ ကျုပ်တို့လည်း ပျော်ကြပါတယ်၊ လင်နဲ့သားအပေါ်မှာ သစ္စာတရား ကြီးမားတဲ့ ရှင်မအောင်ဖြူ ရှင်မနေတဲ့ နေရာဌာနကို ပြန်ကြွပါတော့ရှင်လို့ အမြဲပြန်ပို့ရတာပေါ့ ကိုကြီးတာတေရဲ့"

"အေး၊ အဲဒီလို ပြန်ပို့တော့ ထွက်သွားတာပဲလား"

"သွားတယ် ကိုကြီးရဲ့၊ တဆတ်ဆတ်တုန်နေတဲ့ ဖျာလိပ်ကြီးက ငြိမ်သွားတာပဲတော့"

"ဩော်…ဩော်၊ နင်တို့ ပြန်ပို့တော့လည်း ပြန်သွားသားပဲ မြနွယ်ရဲ့"

"ကိုကြီးတာတေရေ၊ ဓာတ်လမ်းက ခုမှ အစပဲ ရှိသေးတာတော့"

မီးလောင်ကုန်းက ပန်းစုံရဲ့ညီမ လှထွေးက ဝင်ပြောတာ ဗျို့။

"ဟေ…ဟုတ်လား၊ ဘာတွေများ ဖြစ်လို့တုံး"

"ကဲ…မြန္တယ်၊ နင်ပဲ ဆက်ပြောပြလိုက်ပေတော့"

ခင်ထားက မြနွယ်ကို သူ့ပခုံးလေးနဲ့တိုက်ပြီး ပြောနိုင်းလိုက်တယ်။

"အဲဒီပထမဆုံး မေးတဲ့နေ့ရဲ့ ညမှာပဲ ဇာတ်လမ်းက စတာ ကိုကြီးရေ"

"ဟဲ့…ဘာဖြစ်လို့တုံး"

"နေ့လည်က မအောင်ဖြူ မေးတဲ့ ဖျာက ညိုမြအိပ်တဲ့ ဖျာလေ၊ ညရောက်တော့ ညိုမြက သူ့ဖျာကိုသူ ခင်းအိပ်တာပေါ့ ကိုကြီးရာ"

"အေး"

"ညသန်းခေါင်လောက်ရောက်တော့ ညိုမြအိပ်နေတဲ့ ဖျာကို သူ့အောက်ကနေ ဆွဲထုတ်တာ၊ ညိုမြကလည်း အိပ်ပြီဆိုရင် ဆင်အော်လို့တောင် နိုးတာမဟုတ်တော့ သိကို မသိတာ၊ မနက်မိုးလင်းတော့မှ သူ့ကျောအောက်မှာ ကြမ်းပြင်ပဲ ရှိတာကို သိပြီး ဟိုကြည့် ဒီကြည့်လုပ်တော့ ဖျာက သူ့ခြေရင်းမှာ အခေါက်လိုက် ဖြစ်နေတာကို တွေ့တာတော့"

"ဟေ…ဟုတ်လား"

"ဒီတော့ ကျုပ်က အတွေးတစ်ခု တွေးမိတယ်တော့၊ ဒီတော့ သူတို့ကို ကျုပ်က ပြောတယ်။

'နေကြဦးဟဲ့၊ မအောင်ဖြူက သူ့ကို မေးတဲ့ဖျာကို ခင်းအိပ်တာ ကြိုက်ပုံမပေါ်ဘူးထင်တယ်' ဆိုပြီး အဲဒီဖျာကို သပ်သပ်

လိပ်ပြီး ထောင်ထားလိုက်တယ်၊ ညှိမြဲက နောက်ဖျာတစ်ချပ်နဲ့ အိပ်လိုက်တယ်၊ ဒီတော့မှ အဆင်ပြေသွားတာ ကိုကြီးတာတေရေ"

"ဟာ…အဲဒီလောက်တောင် ဖြစ်တာလား မြနွယ်"

"အင်း…ပြောရရင်တော့ အဲဒီလောက်မကဘူး ကိုကြီး တာတေရဲ့"

"ဟဲ့…ဘာဖြစ်သေးလို့တုံး"

"တစ်ည ကျုပ် တစ်ရေးနိုးတော့ အသံတစ်ခု ကြားတာ နဲ့ ခြင်ထောင်ဖွင့်ပြီး ဟိုကြည့် ဒီကြည့် လိုက်ကြည့်တော့ အခန်း ထောင့်မှာ ထောင်ထားတဲ့ မအောင်ဖြူမေးတဲ့ ဖျာလိပ်ကြီးက နတ်ပူးသလို တဆတ်ဆတ် တုန်နေတာ တော်ရေ"

"ဟေ…မှောင်ထဲမှာ နင်မြင်ရလို့လား မြနွယ်ရဲ့"

"ကျုပ် ဓာတ်မီးနဲ့ ထိုးကြည့်တာတော့၊ ကိုကြီးတာတေ ရဲ့၊ ဒီတုန်းက ကျုပ်တို့ မီးလုံးလေးတွေမအိပ်သေးဘူးလေ"

"ဟာ…ဟုတ်လား မြနွယ်"

"ကျုပ် အဲဒီအကြောင်းကို ပြန်ပြောတော့ ဒီကောင်မတွေ က ယုံတောင်မယုံဘူးတော့၊ နောက်တော့ သူတို့ကိုယ်ပိုင် တွေ့ ကြတယ်၊ ဒီတော့မှ ဒီကောင်မတွေ ယုံသွားတာ"

"ဟုတ်လား၊ နင်တို့လည်း ဖျာလိပ်ကြီး တုန်နေတာ တွေ့တယ်ပေါ့"

"တွေ့တယ် ကိုကြီးတာတေရဲ့၊ ကျုပ်နဲ့ ခင်ထားက တစ်ခြင်ထောင်တည်း အိပ်ကြတာ၊ ကျုပ်တွေ့တော့ ခင်ထားကို

ကျုပ်က အသာလက်ကုတ်ပြီး နှိုးပြတာတော့၊ ခင်ထားလည်း မြင်တယ်"

ညိုလှက ပြောတာဗျ။ ကျုပ်က ညိုမြနဲ့ လှထွေးကို လှမ်းကြည့်လိုက်တော့…

"ကျုပ်တို့လည်း မြင်တယ်တော့"

လို့ လှထွေးက ပြောတယ်ဗျ။ ဒီကောင်မလေးတွေ မကြောက်မရွံ့ ဆော့ကြတာကို ကျုပ်ဖြင့် အံ့သြလွန်းလို့ဗျာ။

"ကဲ ပြောကြပါဦး၊ နောက်တော့ ဘာတွေဆက်ဖြစ်သေးတုံး"

မြနွယ်က ခင်ထားကို တစ်ချက်လှမ်းကြည့်တာ ကျုပ် တွေ့လိုက်တယ်ဗျ။ ခင်ထားက လေးလေးကို တစ်ချက် မသိမသာ ကြည့်တယ်။ သူ့အဖေရှေ့မှာဆိုတော့ ကောင်မလေးက ပြောရခက် နေပုံပဲဗျ။ ဒါကို လေးလေးလည်း သိပုံရတယ်။

"ကဲ တာတေရေ၊ မင်းတို့မောင်နှမတွေ စကားပြောနေ ကြကွာ၊ လေးလေး ဈေးနားက မိတ်ဆွေတစ်ယောက်ဆီ သွား လိုက်ဦးမယ်"

လို့ ပြောပြီး အိမ်ထဲက ထွက်သွားတယ်ဗျ။

ဒီတော့မှ ကျုပ်က မေးရတော့တာပေါ့ဗျာ။

"ဒီလို ကိုကြီးတာတေရေ၊ စောစောက ဘထွေးရှိလို့ ကျုပ်က မပြောရဲတာတော့"

မြနွယ်ကပဲ ပြောတာဗျ။ အားလုံးထဲမှာ ဒီကောင်မက

အသွက်ဆုံးလေဗျာ။

"ကိုကြီးတာတေ ညီမ ခင်ထားက ချောတယ်လေ"

"ဟာ…မြနွယ်ရာ၊ ပြောစရာရှိတာ ပြောစမ်းပါဟာ၊ ပေါက်ကရတွေ ထည့်ပြောမနေနဲ့"

ခင်ထားက ရှက်သွားတာဗျ။ အသွက်မ မြနွယ်က ကျုပ်ကို ဆက်ပြောပြတယ်။

"ခင်ထားကိုကြိုက်တဲ့ ကောင်တွေက အများကြီးတော့ ကိုကြီးရဲ့"

ကျုပ်က ခေါင်းညိတ်ပြတယ်။

"စဖြစ်တာက ဟိုဘက်လမ်းမှာနေတဲ့ ကျော်အောင်ဆိုတဲ့ အကောင်က စတာတော့၊ ဒီကောင်က ကျုပ်တို့ အပြင်သွားရင် ခင်ထားနောက်က လျှောက်လိုက်ပြီး မကြားတကြားပြောတဲ့ အကောင်လေ၊ နောက်တော့ ဒီကောင်က အတင့်ရဲလာပြီး ဒီအိမ်ရှေ့မှာ မယ်ဒလင်နဲ့လာပြီး သီချင်းဆိုတယ်၊ သူက တီးတတ်တာ တော့ မဟုတ်ဘူး ကိုကြီးရဲ့၊ တီးတတ်တဲ့ လူတစ်ယောက်ကို ပိုက်ဆံပေးပြီး ခေါ်လာတာ ထင်ပါရဲ့တော်၊ ညတိုင်း လာလာပြီး အသံပြဲကြီးနဲ့ အော်အော်နေတာ၊ တစ်ညတော့-

'အောင်မယ်လေးဗျ' 'အောင်မယ်လေးဗျ'

လို့ အော်သံတွေ ကြားလိုက်ရတယ် ကိုကြီးရေ၊ လမ်းထဲ ကလူတွေလည်း ပြေးထွက်လာပြီး-

'ဟေ့ ဘာဖြစ်လို့တုံး' 'ဘာဖြစ်တာတုံး'

ဆိုပြီး ပိုင်းမေးကြတာပေါ့တော်။ အဲဒီကောင်က–

"ကျုပ်တို့ကို ရိုက်လို့ဗျ၊ နှစ်ယောက်စလုံးကို ရိုက်သွားတာ"

"ဟေ…မင်းတို့ကို ဘယ်သူရိုက်လို့တုံး"

"မသိဘူးဗျ၊ ဘယ်သူရိုက်တာမှန်း မသိဘူး"

"ဟိုဘက်လှည့်စမ်း၊ အင်္ကျီလှန်လိုက်"

ဆိုပြီး လူတစ်ယောက်က ကျောကုန်းကို လှန်ကြည့်တယ် ကိုကြီးရဲ့။

"ဟာ…လက်ဝါးရာကြီးဟေ့၊ နည်းတဲ့လက်ရာကြီး မဟုတ်ဘူးကွ"

"ဘယ်မှာတုံး ပြစမ်း၊ ဟာ..ဟုတ်ပါရဲ့၊ နည်းတဲ့လက်ရာကြီး မဟုတ်ဘူးဟ၊ တစ်ကျောလုံးကို ပြည့်နေတာဟေ့"

"ဟာ…ဒီတစ်ယောက်မှာလည်း ရှိတယ်ဟေ့၊ လက်ဝါးရာကြီးက ကျောကုန်းတစ်ခုလုံး အပြည့်ပါလား"

ကျုပ်တို့က အိမ်ထဲကနေ ကြည့်နေတော့ သူတို့လုပ်နေတာတွေ ပြောနေတာတွေကို အားလုံးကြားနေ မြင်နေရတာ ကိုကြီးတာတေရဲ့"

"အေး…ပြောပါဦးဟ မြနွယ်ရ"

"မယ်ဒလင်တီးတဲ့လူဆိုရင် လက်ထဲက တီးနေတဲ့ မယ်ဒလင်တောင် လွှတ်ကျသွားတာတော့၊ လူတွေလည်း တိုးတိုးတိုးတိုးနဲ့ ပြောကြတာပေါ့တော်"

"ကဲ ဟောကောင်တွေ၊ မင်းတို့ ပြန်ကြတော့၊ မင်းတို့ ကျောကုန်းမှာ ထင်နေတဲ့ လက်ဝါးရာကြီးက လူလက်ရာ မဟုတ်တာတော့ သေချာတယ်၊ ဘာတုံးဆိုတာတော့ ငါတို့လည်း မပြောတတ်ဘူး၊ တို့လမ်းမှာ ဒါမျိုးတွေ တစ်ခါမှ ဖြစ်ဖူးတာ မဟုတ်ဘူးကွ"

လို့ ပြောတော့ ဟိုကောင်နှစ်ကောင်လည်း မယ်ဒလင်လေးယူပြီး ပြန်သွားကြရော ကိုကြီးရေ"

"ကျောကုန်းမှာ ထင်နေတဲ့ လက်ဝါးရာကြီးက တော်တော်ကြီးသလား မြနွယ်"

"ကျုပ်တို့လည်း အိမ်ထဲက လှမ်းကြည့်ရတာဆိုတော့ မမြင်ရဘူးတော့၊ ဒါပေမဲ့ ဟိုဘက်အိမ်က ဘိုးကြာညွှန့် ပြောတာတော့ လက်ဝါးရာကြီးက အလျှမှာကမ်းတဲ့ စက္ကူယပ်တောင်ကြီး တစ်တောင်လောက်တောင် ရှိတယ်တဲ့ ကိုကြီးတာတေရဲ့"

"ဟော...ဒီလောက်တောင် ကြီးသလားဟဲ့"

"ဟာ ကြီးသတဲ့တော်ရေ၊ ဒီအနီးအနားက လူတွေဆိုတာ အံ့ဩလွန်းလို့တော့"

ကလေးမတွေက တစ်ယောက်တစ်ပေါက်နဲ့ ကျုပ်ကို ပြောပြနေကြတာဗျို့။

"နေပါဦးဟဲ့၊ ဒီလောက်ကြီးတဲ့ လက်ဝါးရာကြီးကိုတွေ့တော့ ဒီလမ်းထဲကလူတွေက ဘာပြောကြတုံး"

ကျုပ်က ကလေးမတွေကို မေးလိုက်တာဗျ။ ကျုပ်တို့

ရောက်တဲ့နေ့က စနေနေ့ဆိုတော့ သူတို့ကျောင်းကလည်း ပိတ်ရက် ဖြစ်နေတာဗျ။

"ဟာ ပြောလိုက်ကြတာ ကိုကြီးတာတေရယ်၊ တချို့က လည်း ဒါ သရဲရိုက်သွားတာ လူရိုက်တာမဟုတ်ဘူးလို့ ပြောလို ပြော၊ တချို့ကလည်း လမ်းဆောင့်နတ်က နားငြီးလို့ ရိုက်သွားတာ လို့ ပြောတယ်တော့၊ တချို့ကြတော့လည်း မဖဲဝါရိုက်တာလို့ ပြောလိုပြောပေါ့တော်"

"ဘာ…မဖဲဝါ ဟုတ်လား"

"ဟုတ်တယ်တော့၊ သူတို့လည်း လက်ဝါးရာကြီးကို ကြည့်ပြီး လန့်သွားကြတော့ ပြောမိပြောရာတွေ ပြောကြတာပေါ့ ကိုကြီးတာတေရာ"

ကျုပ်က သူတို့ကို ခေါင်းညိတ်ပြလိုက်တယ်။

"ဒါပေမဲ့ ဒါဟာ မဖဲဝါ မဟုတ်တာတော့ သေချာတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ မဖဲဝါက မြို့တွေထဲကို သူ့သဘောနဲ့သူ ဝင်ချင်တိုင်း ဝင်လို့မှမရတာ၊ မဖဲဝါ ရောက်လာခဲ့ရင်တောင် ဒီမြို့ရဲ့ သင်္ချိုင်းထဲမှာပဲ သူနေတာ၊ အကြောင်းမရှိဘဲ ဆရာသမား တွေ မခေါ်ဘဲ ဒီမြို့ထဲကို မဖဲဝါ မဝင်ဘူး"

"ကျုပ်တို့က ကိုကြီးတာတေကို ခေါ်ခဲ့ပါလို့ စာထဲမှာ ထည့်ရေးရတာလည်း ဒါကြောင့်ပဲပေါ့တော်၊ ကိုကြီးတာတေက ဒီလိုမျိုး ဗဟုသုတတွေ ရှိတယ်မို့လား"

ကျုပ်က ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်တယ်။

"နေဦး၊ ခင်ထား ပြောဦးမယ်၊ တစ်ည ခင်ထား တစ်ရေးနိုးလာတော့ ထူးဆန်းတာတစ်ခု မြင်လိုက်ရတယ် ကိုကြီးတာတေရဲ့"

"ဟော…ဟုတ်လား ခင်ထားရဲ့၊ ကဲ…ပြောစမ်းပါဦး"

"ခင်ထားအိပ်တဲ့ ခြင်ထောင်ကလည်း ဇာခြင်ထောင်ဆိုတော့ တစ်ရေးနိုးရင် အပြင်ကို အားလုံးမြင်နေရတာတော့၊ အိမ်ထဲမှာလည်း ညတိုင်း စီးရိုးဝပ်မီးလုံးလေး အမြဲထွန်းထားတော့ တစ်အိမ်လုံးကို မြင်နေရတာ ကိုကြီးတာတေရဲ့၊ အဲဒီည အိပ်ကာနီးမှာ ညှိလှကဖျာလိပ်ကြီးက သူ့အလိုလို တဆတ်ဆတ်တုန်နေတာကို ကြောက်တယ်ပြောလို့ မြနွယ်က ဖျာလိပ်ကို ကြမ်းပြင်မှာဖြန့်ပြီး ခင်းထားလိုက်တယ်လေ။ ခင်ထား တစ်ရေးနိုးတော့ အဲဒီဖျာကို သတိရပြီး ကြည့်နေမိတာတော့။ ကျုပ်ကြည့်နေတုန်းမှာပဲ ဖျာက ဖြန့်ခင်းထားတဲ့နေရာမှာ သူ့အလိုလို လိပ်နေတယ်တော့၊ လူတစ်ယောက် ဖျာလိပ်နေသလိုပါပဲ ကိုကြီးတာတေရာ။ ဖျာတစ်ချပ်လုံး လိပ်ပြီးသွားတာနဲ့ ဖျာလိပ်ကြီးက လူထောင်လိုက်သလို သူ့အလိုလို ထထောင်သွားတယ်။ ပြီးတော့ နတ်ပူးသလို တဆတ်ဆတ် တုန်တော့တာပဲတော်၊ ကျုပ်ဆိုတာ တစ်ကိုယ်လုံးကြက်သီးတွေ တဖျန်းဖျန်းထပြီး ကြောက်လိုက်တာ မပြောပါနဲ့တော့တော်"

ခင်ထားက ပြောရင်းနဲ့ကို ကြောက်နေတဲ့ပုံဗျ။

"ခင်ထားက ဒီအကြောင်း သူငယ်ချင်းတွေကို ပြောမပြ

ဘူးလား"

ကျုပ်က မေးလိုက်တော့ ခင်ထားက ဖျာဖျာသလဲနဲ့ ပြန်ဖြေတယ်။

"ပြောပြပြီလား ကိုကြီးတာတေရယ်၊ ပြောပြတာပေါ့၊ ပြောလို့တောင် မြနွယ်က ပြောသေးတယ်"

"မြနွယ်က ဘယ်လိုပြောတုံး ခင်ထားရဲ့"

"ဖျာလိပ်နတ်က တို့တွေကို လိပ်ပြာလှလို့ လာနေတာ ဖြစ်မှာပေါ့ ခင်ထားရဲ့၊ ဖျာလိပ်နတ် မအောင်ဖြူ စောင့်ရှောက်နေတဲ့ ငါတို့ကို ဘယ်သူမှ လာပြီးမစော်ကားရဲဘူးပေါ့ဟယ်၊ အထူးသဖြင့်က နင်ပေါ့ ခင်ထားရဲ့၊ နင်က တစ်ကျောင်းလုံးမှာကို အချောဆုံးဆိုတော့ နင့်ကို ထိကပါး ရိကပါး ပြောမယ့်ကောင်တွေ၊ ရည်းစားစာ ပေးမယ့်ကောင်တွေ တုံ့ကနဲ ရပ်သွားကြမှာပေါ့။ မယုံလို့ စမ်းချင်တယ်ဆိုလည်း စမ်းကြည့်ကြပေါ့။ ဖျာလိပ်နတ် မအောင်ဖြူရဲ့ လက်ဝါးရာကြီး ကျောကုန်းမှာ ထင်သွားမှာပေါ့ ခင်ထားရဲ့လို့ ပြောတယ် ကိုကြီးတာတေရဲ့"

ကျုပ်လည်း ခေါင်းညိတ်ပြီး နားထောင်နေမိတာပေါ့ဗျာ။

"ကျုပ်က အိပ်မက် မက်တာတော့ ကိုကြီးတာတေရဲ့"

"ဟေ…ဟုတ်လား လှထွေးရဲ့၊ နင့်အိပ်မက်အကြောင်း ကိုလည်း ပြောစမ်းပါဦးဟဲ့"

ကျုပ်က လှထွေးကို မေးလိုက်တယ်။ လှထွေးဆိုတာ မီးလောင်ကုန်းက ကျုပ်သူငယ်ချင်း ဖန်းစုံဆိုတဲ့ကောင်ရဲ့ ညီမ

လေဗျာ။

"အိပ်မက်ထဲမှာ ကျုပ်တို့ငါးယောက် ဖျာလိပ်နတ် မေး နေတာတဲ့တော့၊ ကျုပ်တို့ မေးနေကြရင်းနဲ့ ဖျာလိပ်ကြီးက ဖျာလိပ် ပုံစံပျောက်ပြီး ခင်ထား ဖြစ်နေတယ်၊ ကျုပ်တို့ တစ်ခုခုမေးလိုက် ရင် ခင်ထားက သူ့လက်ဝါးနဲ့ ကျုပ်တို့ခေါင်းကိုပုတ်ပြီး ဖြေတယ် တော့။ ကျုပ်တို့က မေးလိုက်၊ ခင်ထားက လက်ဝါးနဲ့ပုတ်ပြီး ဖြေလိုက်နဲ့ပေါ့တော်။ ဒါပေမဲ့ ကိုကြီးတာတေရေ၊ ကျုပ်တို့ကြည့် နေတုန်းမှာပဲ ခင်ထားပုံစံ ပျောက်သွားပြီး ထဘီတွေ အင်္ကျီတွေ ဝတ်ထားတဲ့ ဖျာလိပ်ကြီးပုံစံ ပြန်ပြောင်းသွားတယ်၊ ကျုပ်ဖြင့် တော်တော်ကို လန့်သွားတာတော့၊ အိပ်မက်က လန့်နိုးတော့မှပဲ အိပ်မက်မှန်း သိရတော့တာ တော်ရေ"

"ကိုကြီးတာတေကို ထူးဆန်းတာတစ်ခု ပြောပြရဦး မယ်"

လို့ ညိုမြက ပြောတာဗျ။ ကျုပ်ကလည်း…

"အေး…ပြောစမ်း ညိုမြရဲ့၊ ဘာများ ထူးထူးဆန်းဆန်း ဖြစ်လို့တုံး"

"ဒီလို ကိုကြီးတာတေရဲ့၊ တစ်ညကတော့ ညိုလှက ကျုပ်ကို လှုပ်နိုးတယ်တော့၊ မမြ…ညိုလှ ရေသောက်ချင်တယ် ဆိုတာနဲ့ ကျုပ်က အိပ်ရာကထပြီး ညိုလှကို မီးဖိုခန်းထဲမှာ ရေလိုက်တိုက်ရတယ်၊ ရေသောက်ပြီး ညီအစ်မနှစ်ယောက် ပြန် ထွက်လာတော့ ညိုလှက ကျုပ်ကို ပြတာတော့။ 'မမြ၊ ဝိုင်းထဲ

က သရက်ပင်အောက်မှာ ရပ်နေတာ ခင်ထားမို့လား' လို့ မေး တော့ ကျုပ်က သေသေချာချာ လှမ်းကြည့်လိုက်တယ်။ ဆံပင်ရှည် ကြီးကို ဖားလျားချပြီး သရက်ပင်အောက်မှာ ငြိမ်ပြီးရပ်နေတဲ့ ခင်ထားကို တွေ့ရတယ်တော့။ ဒါပေမဲ့ အိပ်ဘက်ကို ကျောပေး ထားတော့ ခင်ထားမျက်နှာကိုတော့ ကျုပ်တို့ညီအစ်မ မမြင်ရဘူး ပေါ့တော်၊ အဲဒါနဲ့ ကျုပ်က အိမ်လယ်ခန်းကိုကျော်ပြီး အိမ်ရှေ့ ဖိနပ်ချွတ်ကို ထွက်ကြည့်လိုက်တယ်။ ဒါပေမဲ့ ကျုပ်အိမ်ရှေ့ရောက် တော့ ခင်ထားကို မတွေ့တော့ဘူးတော့်၊ ဒါနဲ့ ကျုပ်လည်း စိတ်ထဲ မသက်သာတာနဲ့ ခင်ထား အိပ်ရာကိုသွားပြီး ခြင်ထောင်မ ကြည့် လိုက်တော့ ခင်ထားက နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်နေတာ တွေ့ရ တော့ ကျုပ်တို့ညီအစ်မ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာပြောရမှန်း မသိအောင်ကို ဖြစ်သွားကြတာ ကိုကြီးဟာတောရေ၊ အိမ်ရှေ့ကို လှမ်းကြည့်တော့လည်း စောစောကတွေ့တဲ့ ခင်ထားလို့ ယင်ပဲ့ဟာကို မမြင်ရတော့ဘူးတော့်"

"အဲဒီအကြောင်း ခင်ထားကို နင်တို့ ပြန်ပြောပြကြသေး လား"

"ဟာ ပြောတာပေါ့ ကိုကြီးဟာတောရဲ့"

"ဒီတော့ ခင်ထားက ဘာပြောတုံး"

"နင်တို့ညီအစ်မ အိပ်ချင်မူးတူးနဲ့ အမြင်မှားတာနေမှာပါ ဟယ်၊ ငါက တစ်ညလုံး တစ်ရေးတောင် မနိုးဘူးလို့ ပြန်ပြော တယ် ကိုကြီးဟာတောရဲ့"

"အင်း…နင်တို့ကိစ္စက တော်တော်ကို ထူးဆန်းနေတာပဲ၊ ခင်ထားတို့ မြနွယ်တို့ရေ၊ ကဲ ဆက်ပြောပါဦး၊ နောက် ဘာတွေဖြစ်သေးတုံး"

"နောက်တစ်နေ့မှာ တောင်ဘက်က လေးလေးလှဝင်းတို့ ကုန်စုံဆိုင်မှာ ကျုပ်က ကြက်သွန်နဲ့ အာလူးသွားဝယ်တာ ကိုကြီး တာတေရေ၊ အဲ့ဒီမှာ ထူးထူးဆန်းဆန်းတစ်ခုပြောသေးတယ်"

"ဘယ်သူက ပြောတာတုံး မြနွယ်"

"လေးလေးလှဝင်း ပြောတာလေ"

"ဘယ်လိုပြောလို့တုံး"

"ညက အချိန်မရှိမှ ဟိုကောင်မလေး ခင်ခင်ထား ဘယ်က ပြန်လာတာတုံး၊ အဖော်မပါ ဘာမပါနဲ့၊ ဒီကလေးမကို တစ်ယောက်တည်း နင်တို့ ဘာလို့ လွှတ်လိုက်ကြတာတုံး"

"ဟာ…ခင်ထား ဘယ်မှ မသွားပါဘူး လေးလေးရဲ့၊ မနေ့က ကျုပ်တို့နဲ့ တစ်နေ့လုံး တစ်ညလုံး ရှိနေတာပါ၊ အပြင် သွားရင်လည်း ကျုပ်တို့က ငါးယောက်လုံး သွားတာပါ၊ အိမ်မှာ အစိုး မရှိတစ်ယောက်မဲ့ ကျန်ခဲ့တာတော့"

"သြော်…မြနွယ်ရယ်၊ ငါက သေသေချာချာ မြင်လိုက် တာပါဟယ်၊ ပြီးတော့ ပြောရဦးမယ်၊ ဆံပင်အရှည်နဲ့ မိန်းကလေး တွေဟာ ညနေ နေဝင်ချိန်ကစပြီး ဆံပင်ကို ဖားလျားမချရဘူးဟဲ့၊ ညက ငါမြင်လိုက်တာ ခင်ခင်ထားက ဆံပင်ကိုလည်း ဖားလျား ကြီးချလို့၊ အဲဒါမျိုးဆိုရင် မကောင်းဆိုးဝါးတွေဘာတွေ ကပ်ပြီး

ပါလာတတ်တယ် မြနွယ်၊ နင့်သူငယ်ချင်းကို သတိလေးဘာလေး ပေးထားဦးဟဲ့''

''ဟုတ်ကဲ့ လေးလေး၊ ဟုတ်ကဲ့''

''ကျုပ်လည်း ဘာမှရှင်းပြလို့ မရတော့တာနဲ့ လေးလေး လှဝင်း ပြောသမျှကို ဟုတ်ကဲ့လို့ပဲ ပြောလိုက်ရရော ကိုကြီး တာတေရေ''

''ဒါဆိုရင် အဲဒီညက အိမ်အပြင်မှာ ခင်ထားကို မြင် လိုက်ရတာ ညီမြနဲ့ ညီလှတို့ နှစ်ယောက်တင်မဟုတ်ဘူးပေါ့၊ ဟိုဘက်ဝိုင်းက လေးလေးလှဝင်းလည်း ပါတာပေါ့ ဟုတ်လား မြနွယ်''

''ဟုတ်တယ်တော့်၊ လေးလေးလှဝင်း မြင်တဲ့ပုံစံနဲ့ ညီမြ တို့ညီအစ်မ မြင်တဲ့ပုံစံက တစ်ပုံစံတည်းပဲ ကိုကြီးတာတေရဲ့''

''နင်တို့ကရော အဲဒီတုန်းက ဘယ်လိုထင်ခဲ့ကြတုံး မြနွယ်ရဲ့''

''ကျုပ်တို့ ထင်တာတော့ ဖျာလိပ်နတ် မအောင်ဖြူက ခင်ထားကို တော်တော်ချစ်တာ ကျုပ်တို့ အသိပဲလေ၊ ဒီတော့ မအောင်ဖြူက ခင်ထားပုံစံနဲ့ ကျုပ်တို့ကို လာစောင့်ရှောက်တယ်လို့ ပဲ ထင်တာပေါ့တော်၊ ဒါနဲ့ ကျုပ်တို့က ကျောင်းမသွားခင်မှာ မအောင်ဖြူအတွက် လက်ဖက်တစ်ပွဲ အမြဲမြင်ပေးခဲ့တယ်တော့်၊ မအောင်ဖြူနဲ့ ပိုပြီးရင်းနှီးအောင်လုပ်တာလည်း ပါတာပေါ့တော်၊ ဒါမှ ကျုပ်တို့ ပင့်တိုင်း မအောင်ဖြူ ကြွလာမှာလေတော်''

ကျုပ်က ခေါင်းညိတ်ပြလိုက်တယ်။ သူတို့အတွေးနဲ့ သူတို့တော့ ဟုတ်နေတာပဲဗျို့။

"ကဲ..နောက်ထပ် ထူးခြားတာတွေရှိရင် ပြောကြပါဦး"

လို့ ကျုပ်က ထပ်ပြောလိုက်တော့ ကောင်မလေးတွေ တစ်ယောက်နဲ့ တစ်ယောက်ကြည့်ပြီး စဉ်းစားနေကြသေးတယ်ဗျ။ ပြီးတော့မှ ခင်ခင်ထားက ပြောတယ်။

"ထူးခြားတာတစ်ခု ရှိသေးတယ် ကိုကြီးတာတေရေ၊ ကျုပ်တို့နဲ့ တစ်ခန်းတည်း ကျောင်းတက်တဲ့ ခင်မိဆိုတဲ့ ကောင်မလေးက တစ်ရက်မှာ ကျုပ်ကို ပြုံးပြုံးပြပြနဲ့ ပြောတယ်တော်"

"အေး ဘာပြောတုံး"

"ဟဲ့ ငါအခုပဲ ခင်ထား အိမ်သာဘက်ကို သွားတာတွေ့လိုက်တယ်၊ ငါတောင် လှမ်းပြောလိုက်သေးတယ်၊ ဟဲ့ ခင်ထား၊ နင်အဖော်လေးဘာလေး ခေါ်မလာဘူးလားလို့၊ အဲဒါ ငါမေးတာ မကြားလို့လားတော့ မသိဘူး၊ ဘာမှပြန်ပြောမသွားဘူး၊ ဒါနဲ့ ငါ့စိတ်ထဲမှာတောင် တစ်မျိုးဖြစ်သွားတာ၊ ခင်ထား တစ်ယောက် ယောက်ကို စိတ်ကောက်လာတာများလားလို့ ထင်သွားတာလေ၊ အခုတော့ နင်က ဒီမှာ ချက်ချင်းပြန်ရောက်နေတာ ဘယ်လိုဖြစ်လို့တုံး"

"ဟဲ့ ခင်မိ၊ ငါ ဘယ်မှမသွားဘူး၊ ဒီမှာပဲ ထိုင်နေတာ၊ သူတို့အသိပဲလေလို့ ကျုပ်ကပြောတော့ အတန်းထဲက သူငယ်ချင်းတွေက ခင်မိကို ဝိုင်းစကြရော တော်ရေ၊ ခင်မိ နင် မျက်မှန်တပ်ဖို့

ကောင်းပြီနော်၊ တခြားတစ်ယောက်ကို ခင်ထားနဲ့ လူမှားပြီး ပြောလိုက်တာနေမှာပေါ့ဟဲ့၊ ခင်ထားက တို့နဲ့ စကားပြောနေတာ ကြာလှပြီ၊ ဘယ်မှမသွားဘူးလို့ ဝိုင်းပြောကြတော့ ခင်မိလည်း ခပ်ကြောင်ကြောင်ဖြစ်သွားရော ကိုကြီးရေ၊ ပြီးတော့မှ ဒီကောင်မ က ပြောတယ်တော့၊ ဟဲ့ ငါမမှားဘူး ခင်ထားမှ ခင်ထားအစစ်၊ ဒီရွာစ်ကျောင်းလုံးမှာ ခင်ထားနဲ့တူတဲ့လူ တစ်ယောက်မှ မရှိဘူးလို့ မကျေမနပ်ပြောပြီး ငြိမ်သွားတော့တာပေါ့တော်"

ခင်ထား ပြောပြီးသွားမှ ကျုပ်က ပြောလိုက်တာဗျ။

"နင်တို့ရဲ့ ဖျာလိပ်နတ် မအောင်ဖြူတိစ္ဆကလည်း တဖြည်းဖြည်းနဲ့ ရှုပ်ထွေးလာပါရောလားဟဲ့"

လို့ ကျုပ်က မှတ်ချက်ချလိုက်တော့ ကောင်မလေးတွေ က ဆက်ပြောပြန်ရောဗျို့။ ပြောတာကတော့ အသွက်ဆုံး မြနွယ် က ပြောတာပေါ့ဗျာ။

"ဒါက ဘာဟုတ်သေးလို့တုံး ကိုကြီးတာတေရာ၊ တစ်ရက်ကျတော့ ခင်ထားက နေမကောင်းလို့ဆိုပြီး အတန်းပိုင် ဆရာမကို ခွင့်တိုင်ပြီး အိမ်ကို တစ်ယောက်တည်း ပြန်သွားတယ်၊ အဲဒါကို ဘီခန်းက ကျော်ကျော်ဆိုတဲ့ကောင်က အခွင့်ကောင်းယူ ပြီး ခင်ထားနောက်ကို လိုက်သွားတယ်တော့၊ လမ်းမှာ ခင်ထားကို ဒီကောင်က ရည်းစားစာပေးတယ်၊ ခင်ထားက သူပေးတဲ့စာကို မယူဘဲ လှွင့်ပစ်လိုက်တော့ ဒီကောင်က စာကို ပြန်ကောက်ပြီး ခင်ထားလက်ကို အတင်းဆွဲပြီး လက်ထဲရိုက် စာထည့်ပေးတယ်၊

ခင်ထားကလည်း စာကို အတင်းလွှင့်ပစ်ခဲ့တယ်၊ ဒါကို ဒီကောင်က မကျေနပ်ဘူးတော့၊ "နင့်လို မာနကြီးတဲ့ မိန်းမတစ်ယောက်ကို ငါ မရ ရအောင် ယူပြမယ်၊ နင်မှတ်ထား ခင်ထား" လို့ ပြောပြီး လမ်းမှာ ကျိန်ရစ်ခဲ့သတဲ့တော်"

"အေးပေါ့လေ၊ အပျို လူပျိုဘဝမှာ ဒီကိစ္စမျိုးတွေကတော့ ရှိမှာပေါ့ မြနွယ်ရယ်"

"ဟာ...ကိစ္စက မပြီးသေးဘူးတော့ ဆက်ပြောဦးမယ်၊ အဲဒီညက ကျော်ကျော် ဆိုတဲ့ကောင်က အိမ်ကို တော်တော်မိုးချုပ်မှ ပြန်ရောက်တယ်ဆိုပဲ။ ခင်ထားက သူပေးတဲ့စာကို မယူလို့ အသည်းကွဲသလို ဘာလိုပေါ့တော်၊ သူငယ်ချင်းတွေနဲ့ သောက်စားပြီးမှ ပြန်တာတဲ့တော်၊ အဲဒါ သူ့အိမ်ကို အဝင်မှာ "ဘုန်း" ဆိုပြီး ကျောကုန်းကို ရိုက်ချလိုက်တာ ရှေ့ကို ဟပ်ထိုးကြီး လဲကျသွားတာတဲ့ တော်ရေ၊ အိမ်ထဲက သူ့အမေက မြင်လိုက်လို့ ပြေးထွက်လာပြီး ခွဲထူရတာတဲ့။ ရိုက်သွားတဲ့သူလည်း မမြင်လိုက်ဘူးတဲ့။ ဒီကောင့်ကျောကုန်းကို လှန်ကြည့်ကြတော့ လက်ဝါးရာကြီး အကြီးကြီး တွေ့သတဲ့၊ ကိုကြီးတာတေရေ၊ အဲဒီကျော်ကျော် ဆိုတဲ့ကောင်လည်း ခုနစ်ရက်လောက်တောင် ဖျားသွားတာတော်၊ မနည်းကို ကုယူရသတဲ့"

"အဲဒါလည်း နင်တို့ ဖျာလိပ်နတ် မအောင်ဖြူရဲ့ လက်ချက်မဲလား"

"ဒါပေါ့တော့၊ သူမဟုတ်လို့ ဘယ်သူရှိဦးမှာတုံး ကိုကြီး

တာတေရာ."

ညိုမြက ဝင်ပြောလိုက်တာဗျို့။

"ကျုပ်တို့ ငါးယောက်ကို မအောင်ဖြူ စောင့်ရှောက်ထားတာတော့ ကိုကြီးတာတေရဲ့၊ သူများတွေဆိုရင် မအောင်ဖြူ စောင့်ရှောက်တာ ခံချင်လွန်းလို့ ပူဇော်ပသလိုက်ကြရတာ၊ ကျုပ်တို့ကတော့ လက်ဖက်ကလေးတစ်ပွဲပဲ မြှောက်နိုင်တာပါ၊ ဒါပေမဲ့ နတ်ဆိုတာ သူချစ်တဲ့သူကိုမှ စောင့်ရှောက်တာ ထင်တယ်တော့၊ အခု မအောင်ဖြူက ခင်ထားကို ချစ်တာ သေချာတယ်၊ ဒါကြောင့် ကျုပ်တို့အဖွဲ့ကို စောင့်ရှောက်တာ ဖြစ်မှာပေါ့"

အသွက်မ မြနွယ်က ကျုပ်ကို ရှင်းပြနေတာဗျ။

"ကဲပါ၊ ဒါတွေ ထားလိုက်ပါဦး၊ နင်တို့ အဖြစ်အပျက်တွေကို ဆုံးအောင်ပြောကြပါ"

ကျုပ်က ဝင်ပြီး ထိန်းပြောတော့မှ မြနွယ်ကပဲ ဆက်ပြောတာဗျို့။

"အဲ…တစ်ညကျတော့ မိုးချုပ်စလေး ရှိသေးတယ် ကိုကြီးတာတေရဲ့၊ ကျုပ်က အိမ်ရှေ့တံခါးပေါက်နားမှာထိုင်ပြီး မြန်မာစာ ကျက်နေတာ၊ ကျော်ကျော်ဆိုတဲ့ကောင်က စက်ဘီးတစ်စီးနဲ့ အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် စီးနေလို့ ကျုပ်က စာကျက်ရင်း မသိမသာ အကဲခတ်နေတာတော့်"

"ကျော်ကျော်ဆိုတာ ခင်ထားကို စာပေးတဲ့ ကောင်လေးလား"

"ဟုတ်တယ်လေတော်၊ ကျောကုန်းမှာ လက်ဝါးရာကြီး ထင်အောင် အရိုက်ခံရလို့ ခုနစ်ရက် ဖျားသွားတဲ့ ကောင်လေ၊ အမှတ်မရှိဘူး၊ အိမ်ရှေ့အထိ ရောက်လာတာ၊ ပြီးတော့ ဒီအကောင်က ပါးစပ်ကလည်း သီချင်းတစ်ပုဒ် အော်ဆိုလိုက်သေးတယ်၊ 'ချစ်တဲ့သူ ခင်ခင်ထားကို ပြုံးနေတာပဲ ကိုယ်ကြည့်ချင်တယ်' တဲ့တော့၊ အိမ်ရှေ့ကနေ စက်ဘီးတစ်ခေါက်ဖြတ်တိုင်း အဲဒါပဲ အော်အော်သွားတာ၊ ခဏနေတော့ 'အောင်မယ်လေးဗျ' လို့ အော်သံကြားလို့ ကျုပ်လှည့်ကြည့်လိုက်တာ ဒီကောင်စီးလာတဲ့ စက်ဘီးက လူရော စက်ဘီးပါ အပေါ်ကို မြောက်တက်သွားလိုက်တာတော်၊ လူတစ်ရပ်လောက် မြင့်သွားပြီးမှ အောက်ကို ဝုန်းကနဲ ပြုတ်ကျသွားတာ။ အဲဒီကောင်ဆိုတာ အော်လိုက်တာမှ ယယ်သံကို ပါနေတာပဲ။ စက်ဘီးကတော့ နှစ်ဘီးလုံး ခွေခေါက်သွားတာ ရစရာကို မရှိပါဘူးတော်၊ လူကတော့ ဘာမှမဖြစ်ဘူးတော့။ လမ်းထဲကလူတွေကလည်း အားလုံးမြင်လိုက်ကြတာဆိုတော့ တော်တော်ကို အံ့ဩသွားကြတာ ကိုကြီးတာတေရဲ့၊ ကျော်ကျော့်ရဲ့ စက်ဘီးကို ဒီလမ်းထဲမှာနေတဲ့ သူသူငယ်ချင်းတစ်ယောက်က ကူမပေးပြီး လိုက်ပို့လိုက်တယ်။ လမ်းထဲကလူတွေကတော့ ဒီနားမှာ စုစု စုစုနဲ့ ဒီအကြောင်းကို ပြောနေတော့တာပေါ့တော်။

"ငါတို့လမ်းတော့ တစ်ခုခု ထူးခြားနေပြီပဲ၊ အားလုံး သတိဝီရိယနဲ့ နေကြမှဖြစ်မယ်"

"ဘာဖြစ်တယ်လို့ထင်တုံး ဘိုးရဲ့"

"ဟ ငါလည်း ဘယ်လိုလုပ်ပြီး အတတ်ပြောနိုင်မှာတုံး၊ ဟိုတစ်ခါလည်း မယ်ဒလင်တီးတဲ့ သူငယ်တွေ အခေါ်ခံလိုက်ရတယ်၊ ဒီနေ့လည်း စက်ဘီးရော လူရော မြောက်တက်သွားပြီး ပြုတ်ကျလိုက်တာ ကံကောင်းလို့ မကျိုးမပဲ့တာကွ၊ ဘိုးမျက်စိအောက်တင် ဖြစ်သွားတာ၊ ဘိုးအသက်ခုနစ်ဆယ်ကျော်ပြီ၊ ဒါမျိုး တစ်ခါမှ မမြင်ဖူးပါဘူးကွယ်"

"ဟုတ်တယ် ဘိုးရဲ့၊ ထူးတော့ တော်တော်ထူးနေတယ်၊ လမ်းထဲမှာ ဘုန်းကြီးတွေပင့်ပြီး ပရိတ်လေးဘာလေး ရွတ်ကြရင်ကောင်းမလား"

ဈေးဆိုင်က လေးလေးလှဝင်းကလည်း ဝင်ပြောသေးတယ် ကိုကြီးတာတေရဲ့။

"နေကြစမ်းပါဦးကွာ၊ ဘာမှန်းမသိဘဲ ရမ်းသမ်းလုပ်လို့ သွားဆွသလိုဖြစ်ပြီး ပိုဆိုးလာမှ လမ်းထဲကလူတွေ ထွက်ပြေးနေရဦးမယ်"

ဘိုးကြာညွန့်က အဲဒီလို ပြောလိုက်တော့မှ အားလုံးငြိမ်သွားတာတော်၊ ဒီနေရာမှာတော့ ဘိုးကြာညွန့်ကို လူတွေက လေးစားကြသားတော့။ နောက်တော့လည်း အိမ်တွေဝေါ် ပြန်တက်သွားကြတော့တာပေါ့တော်"

""တော်တော်ကို စိပ်တာပဲ""

ကျုပ်က တစ်ယောက်တည်း ပြောလိုက်တာဗျ။

""ဘာစိပ်တာတုံး ကိုကြီးတာတေ""

"ဟဲ့ အဖြစ်အပျက်တွေက စိပ်တာကို ပြောတာလေ"

"အင်း…ဟုတ်တော့ဟုတ်တယ်၊ တစ်ခုနဲ့ တစ်ခုက သိပ်မကွာလှဘူး"

ခင်ထားက ဝင်ပြောတာဗျ။

"ဩော်…ညိုမြ နှင်မှုန်ထဲမှာ တွေ့တာကို ကိုကြီးတာတေကို ပြောပြလိုက်ဦးလေဟယ်"

"ဟေ…ညိုမြက မှုန်ထဲမှာ တွေ့တယ် ဟုတ်လား၊ ဘာတွေ့တာတုံး ပြောစမ်းပါဦးဟဲ့ ညိုမြရဲ့"

ညိုမြကို လေးယောက်စလုံး ဝိုင်းကြည့်နေတော့ ညိုမြက ပြောရတော့တာပေါ့ဗျာ။

"ဒီလို ကိုကြီးတာတေရဲ့၊ အဲဒီနေ့က သောကြာနေ့တော့၊ ကျုပ်တို့က သောကြာနေ့ဆိုရင် မဂ္ဂဖင်းတွေ၊ ဝတ္ထုတွေ ငှားပြီး ဖတ်ကြတာတော့၊ ကျုပ်တို့ လမ်းထိပ်မှာ မြစာပေဆိုတဲ့ စာအုပ်အငှားဆိုင် ရှိတယ်လေ၊ အဲဒီမှာ ခင်ထားနဲ့ မြနွယ် စာအုပ်သွားငှားကြတယ်"

"နှင်ကရော မလိုက်မငှားဘူးလား"

"ကျုပ်က သူတို့နဲ့ လိုက်ပြဲ မှာလိုက်တာတော့"

"ဩော်…ကဲ ဆက်ပြောပါဦး"

"ကျုပ်က ဟိုအခန်းထဲမှာ ရေချိုးပြီးလို့ သနပ်ခါးလိမ်းနေတာတော့၊ အဝတ်အစားလဲပြီး ခေါင်းဖြီးနေတုန်း မှန်ထဲမှာ ခင်ထားပုံကို တွေ့လိုက်တယ်၊ အိမ်အလယ်လောက်မှာ ရပ်နေတာ၊

ကျုပ်ကိုတောင် မှန်ထဲကနေ ပြုံးပြလိုက်သေးတယ်''

''နင် နောက်ကို လှည့်မကြည့်ဘူးလား ညိုမြ''

ကျုပ်က ရုတ်တရက် မေးလိုက်တာဗျ။

''မကြည့်မိဘူး ကိုကြီးတာတေရဲ့၊ ကျုပ်စိတ်ထဲမှာ ခင်ထားနဲ့ မြနွယ် စာအုပ်ဆိုင်က စာအုပ်ငှားပြီး ပြန်လာပြီလို့ပဲ ထင်တာတော့၊ ဒါနဲ့ အခန်းထဲက အပြင်ကို ထွက်လာတော့ ညိုလှနဲ့ လှထွေးက ဘုရားစင်ရှေ့က တန်းလျားမှာထိုင်ပြီး မဂ္ဂဇင်း စာအုပ် တစ်ယောက်တစ်အုပ် ဖတ်နေကြတာ တွေ့လို့ 'ဟဲ့ ခင်ထားနဲ့ မြနွယ်ရော' လို့ ကျုပ်က မေးလိုက်တယ်။ အဲဒါကို လှထွေးက ရယ်ပြီး....

'ညိုမြ နင် အသွားကြီး ဖြစ်သွားပြီထင်တယ်၊ ခင်ထား တို့ စာအုပ်သွားငှားတယ်လေ၊ ချက်ချင်းမေ့သွားတာလား'

'ဟာ ငါက မေ့မလားဟဲ့ လှထွေးရဲ့၊ စောစောက မှန် ထဲမှာ ခင်ထားကို တွေ့လိုက်လို့ မေးတာဟဲ့'

'မလာသေးပါဘူးဟယ်၊ နင့်စိတ်က ထင်လို့နေမှာပါ ဟယ်'

'ဟဲ့ လှထွေး၊ ငါထင်တာမဟုတ်ဘူး၊ သေသေချာချာကို တွေ့လိုက်တာဟဲ့၊ ငါ့ကိုတောင် မှန်ထဲကနေ ပြုံးပြသွားသေးတယ်'

'မဟုတ်တာ မမြရယ်၊ ဟိုက ပြန်မှမလာသေးတာ'

ဒီကောင်မတွေ ပြောတော့ ကျုပ်လည်း ဇဝေဇဝါ ဖြစ် သွားတော့တာပေါ့တော်၊ ဒါနဲ့ ဒီအကြောင်းကို ဆက်မပြောတော့

ဘဲ နေလိုက်ရတာပေါ့ ကိုကြီးတာတေရယ်"

"အဲဒီနေ့က ခင်ထား ဝတ်ထားတဲ့ အဝတ်အစားနဲ့ နှင်မှုန်ထဲမှာ တွေ့လိုက်တဲ့ အဝတ်အစားက အတူတူပဲလား"

"အတူတူပဲတော့၊ ကျုပ်တော့ အဲဒီကိစ္စကို အခုထက်ထိကို စဉ်းစားလို့ မရပါဘူး ကိုကြီးတာတေရယ်"

ကျုပ်လည်း ညိုမြလိုပဲဗျ။ သူတို့ကိစ္စကို အဖြေရှာလို့ကို မရတာပါဗျာ။

"ကိုကြီးတာတေ သိပ်လည်း ခေါင်းခြောက်မနေနဲ့ဦး၊ ပြောစရာတွေက အများကြီးကို ကျန်သေးတယ်တော့"

လှထွေးက ပြောတာဗျ။ သူတို့ထဲမှာ လှထွေးက အရပ်အပုဆုံးဗျ။ ညိုညိုပုပု လုံးလုံးလေးဗျ။ ချစ်ဖို့တော့ ကောင်းပါတယ်။ ဒီကောင်မ ငယ်ငယ်တုန်းက မီးလောင်ကုန်းက ပန်းစုံဆီသွားရင် ကျုပ်ချီနေကျပေါ့ဗျာ။ အခုတော့ လှထွေးတောင် ဆယ်တန်းကျောင်းသူ ဖြစ်လို့ဗျ။ သူတို့ထဲမှာ အလှဆုံးကတော့ ခင်ခင်ထားပေါ့ဗျာ။ ဒီကောင်မလေးက ငယ်ငယ်လေးကတည်းက ချောတာဗျ။ အသားဖြူဖြူလေး၊ မျက်ခုံးတွေများ မည်းနက်နေတာ၊ မျက်လုံးတွေကလည်း ကြီးကြီးဝိုင်းဝိုင်းဗျ။ ဆံပင်က အခုတော့ ခါးကောက်ခွက်ကျော်အောင်ရှည်တာ။ ကောင်လေးတွေ ကြိုက်မယ်ဆိုလည်း ကြိုက်စရာပေါ့ဗျာ။ ညိုမြနဲ့ ညိုလှတို့ ညီအစ်မကတော့ အရပ်ရှည်ရှည်၊ ပိန်ခြောက်ခြောက်နဲ့ တကယ့်ကျုပ်တို့အညာသူပုံစံဗျ။ မြန္မယ်ကတော့ အရပ်မရှည်မပုဗျ။ နည်းနည်းဝတယ်။

အသားကတော့ ညိုညိုပါပဲ။ စကားပြော အားကြီးသွက်တာ။ လူကလည်း အသွက်ဗျ။ ဒီငါးယောက်မှာ မြနွယ်က ဦးဆောင်နေတာလေဗျာ။

"ဟော..ဟုတ်လား၊ ဒါဆိုရင်လည်း ဆက်ပြောစမ်းပါဦး လှထွေးရဲ့"

လှထွေးက ဒီတော့မှ ကျုပ်ကို ပြောပြတာဗျ။

"တစ်ခါတလေမှဖြစ်တာ ဆိုပေမယ့် ကြောက်စရာကောင်းတယ် ကိုကြီးတာတေးရဲ့"

"ဟော...ဘယ်လိုဖြစ်လို့တုံး လှထွေးရဲ့"

"ခင်ထား ရေချိုးနေရင် ကျောက်ပျဉ်ပေါ် တင်ထားတဲ့ သနပ်ခါးတုံးကြီးက သူ့အလိုလို သွေးတော့တာတော့"

"ဟော...ဟုတ်လား"

"ဟုတ်ပါ့တော်၊ ခင်ထားလိမ်းဖို့ သွေးပေးတာနေမှာပေါ့တော်၊ အဲဒါ မြနွယ်က 'ကဲ...ဒီလောက်သွေးချင်ရင်လည်း များများသာ သွေးပေတော့ မအောင်ဖြူရေ' လို့ ပြောပြီး ရေထည့်ပေးတာတော့၊ မြနွယ်က ရေထည့်ပေးလေ ဟိုကလည်း သွေးလေပေါ့တော်"

"ဟဲ့ သနပ်ခါးရော ထွက်လို့လား"

"အို...ထွက်လိုက်တာမှတော် အပုံလိုက်ကို ရတာတော့၊ ခင်ထားတစ်ယောက်တည်း လိမ်းလို့မကုန်လို့ ကျုပ်တောင် ရေချိုးပြီး လိမ်းလိုက်ရသေးတယ်"

ကျုပ်လည်း ဘာပြောလို့ ပြောရမှန်းတောင် မသိပါဘူး ဗျာ။

"ဟဲ့ နေပါဦး မြနှယ်ရဲ့၊ ဒီအကြောင်းတွေကို ရွာပြန်တဲ့ အခါ ဘွားမယ်တုံကို ပြောမပြဘူးလား"

"ဟာ…ကိုကြီးတာတေကလည်း ဒီအကြောင်းတွေ ဖြစ်မှ ကျုပ်တို့ ရွာကို တစ်ခေါက်မှ မပြန်ကြသေးဘူးလေ၊ ဒီနှစ် ဆယ်တန်းဆိုတော့ စာမေးပွဲကြီး ပြီးတော့မှပဲ ရွာပြန်တော့ မယ်လို့ ပြောထားကြတာ၊ ဒါတွေကို ဘွားတုံ မသိဘူးတော့"

"ဪ၊ ဪ၊ ဒီလိုလား"

"နေဦး ကိုကြီးတာတေရဲ့၊ ကျုပ်ပြောဦးမယ်"

မြနှယ်က ပြောဖို့ သတိရသွားပြီး အလုအယက်ကို ပြော တော့တာဗျို့။

"တစ်ရက်ကျတော့ ကျုပ်တို့သူငယ်ချင်း နှယ်နီဆိုတာ အိမ်လာလည်တယ်တော့၊ တကယ်တော့ ဒီကောင်မက ဖျာလိပ် နတ် မေးချင်လို့ လာတာပါတော်၊ ကျုပ်တို့လည်း ဒီကောင်မ ဖျာလိပ်နတ် မေးဖို့အတွက် ကျုပ်တို့က ထုံးစံအတိုင်း ဖျာလိပ်ကို ထဘီတွေ၊ အင်္ကျီတွေ ဝတ်ပေးကြတာပေါ့တော်၊ ပြီးတော့ ဖျာလိပ် ထိပ်မှာ ဆံတုတပ်၊ ယန်းယန်ပေါ့။ ဒီမှာတင် နှယ်နီက သူ့လွယ်အိတ် ထဲက တစ်ခုထုတ်ပေးတယ်တော့"

"ဟင်၊ ဘာထုတ်ပေးတာတုံး မြနှယ်ရဲ့"

"ပွဲဈေးတန်းမှာရောင်းတဲ့ မျက်နှာဖုံးကြီးတော့၊ မိန်းမ

တစ်ယောက်ရဲ့ မျက်နှာလုပ်ထားတာလေ၊ ကျုပ်ကတော့ သဘော ကျတယ်တော့၊ ဒါနဲ့ နွယ်နီ ယူလာတဲ့ မျက်နှာဖုံးကို ဖျာလိပ်ရဲ့ မျက်နှာနေရာမှာ ကျုပ်တပ်ပေးလိုက်တယ်၊ ဟာ အဲဒီတော့မှ ကျုပ်တို့ ဖျာလိပ်က ပိုပြီးအသက်ဝင်သွားတာ ကိုကြီးတာတေ ရေ"

"မြနွယ်ရယ်၊ အသက်ဝင်တာထက် ကြောက်စရာ ကောင်းတာက ပိုပါတယ်ဟယ်"

ညိုမြက ဝင်ပြောတာဗျ။ ညိုမြ ပြောတော့မှ ကျုပ်လည်း တွေးကြည့်မိတယ်။ ဖျာလိပ်ကြီးတစ်လိပ်ကို ထဘီဝတ်၊ အင်္ကျီ ဝတ်၊ ဆံပင်ကြီးတပ်၊ ပန်းပွင့်ကြီးပန်၊ ပြီးတော့ လူမျက်နှာကြီး တပ်ထားတာလေဗျာ။ ကျုပ်တောင် တွေးရင်း လန့်လာတယ်။ ဒီကောင်မလေးတွေ ဒါကိုများ မကြောက်မရွံ့ လုပ်နေတာ၊ ကျုပ် အံ့သြပါရဲ့ဗျာ။

"ဟဲ့ ညိုမြရဲ့၊ ဖျာလိပ်နတ် မအောင်ဖြူက ငါတို့နဲ့ မိတ်ဆွေဖြစ်နေပြီပဲ၊ ဘာကြောက်စရာရှိလို့တုံး"

"အဲဒါနဲ့ ထုံးစံအတိုင်း မအောင်ဖြူကို ကျုပ်က ပင့်တာ ပေါ့တော်"

'ရှင်မအောင်ဖြူ၊ မအောင်ဖြူတော့
အပျိုစင်ကွန်မ၊ ပင့်ဖိတ်ရာကြွခဲ့ပ
လက်ဖက်ကတစ်ရိုး၊ အကြော်မျိုးကစုံလင်
ရွှင်ရွှင်လန်းလန်း၊ အပျော်တမ်းပ

ဆော့တမ်းကစားရအောင်
ရှင်မအောင်ဖြူ၊ မအောင်ဖြူရှင်
လျှင်စွာမကြွ၊ ကြွတော်မူလာပါ
ယောက်ျားမှန်သမျှ၊ စိတ်နာလှတဲ့
သစ္စာရှင်မကြီး မေတ္တာရှင်မကြီးတော့"

"ကျုပ်ပင့်လို့မှ စကားမဆုံးသေးပါဘူးတော်၊ ဟိုကောင်မတွေ ကိုင်ပြီးမ,ထားတဲ့ ဖျာလိပ်ကြီးက လူတစ်ယောက် နတ်ပူးသလို တဆတ်ဆတ်တုန်လာရော တော်ရေ။

"နင်တို့ မ,ထားနော်၊ လက်ပြောင်းလက်လွှဲ မလုပ်နဲ့၊ ညောင်းရင်ပြော၊ ငါ ဝင်ကိုင်မယ်၊ အခုတော့ လက်ဖက်ပွဲ မြှောက်လိုက်ဦးမယ်"

ကျုပ်က အဆင်သင့် ပြင်ထားတဲ့ လက်ဖက်ပွဲကို ကိုင်ပြီး မအောင်ဖြူကို မြှောက်လိုက်တယ်။

"ရှင်မအောင်ဖြူ၊ လက်ဖက်လည်း သုံးဆောင်ပါရှင်၊ ညီမတော်တို့နဲ့လည်း ပျော်ပျော်ပါးပါးနေပါ"

ကျုပ်က လက်ဖက်မြှောက်ပြီးတော့ ပေါင်ဒါဘူးနဲ့ တို့ပတ်စကို ယူလိုက်တယ်။ ပြီးတော့ ဖျာလိပ်မှာ တပ်ထားတဲ့ လူမျက်နှာ မျက်နှာဖုံးကို ပေါင်ဒါရိုက်လိုက်တယ်။

"ရှင်မအောင်ဖြူကို လှသထက်လှအောင် ပေါင်ဒါမှုန့် အမွှေးနံ့သာ လိမ်းခြယ်ပေးပါတယ်၊ ဟောဒီဘက်မှာက ကျောက်ပျဉ်နဲ့ သနပ်ခါးတုံး၊ ဟောဒီဘက်က ဘီး၊ ဟောဒီမှာက မှန်၊

ရှင်မအောင်ဖြူ စိတ်တိုင်းကျ အလှပြင်ပါရှင်"

လို့ ပြောပြီး ကျုပ်က ဘီးနဲ့ ခေါင်းဖြီးပေးလိုက်တယ်။ ဖျာလိပ်မှာ တပ်ထားတဲ့ ဆံတုကို ဖြီးရတာပေါ့ ကိုကြီးတာတေရဲ့၊ အဲဒီလို ဆင်ယင်ဖြီးပေးနေရင်းနဲ့ ကျုပ်စိတ်ထဲမှာ တွေးလိုက်မိတာ တော့"

"အောင်မယ် မြနှယ်၊ နင်က ဘာတွေးလိုက်တာတုံး"

ကျုပ်က ဝင်မေးလိုက်တော့ မြနှယ်က ပြုံးပြီးပြောတယ် ဗျ။ မြနှယ်က အပေါ်နှုတ်ခမ်းထောင့်မှာ မှဲ့လေးတစ်လုံး ပါတယ် ဗျ။ သူပြုံးလိုက်ရင် မှဲ့လေးဟာ အပေါ်ကို ရွေ့သွားတာ။ ချစ်စရာ ကောင်းမလေးဗျ။ အပေါ်နှုတ်ခမ်းမှာ မှဲ့ပါတဲ့ ကောင်မလေးတွေက စွာတယ်ဆိုတာလည်း ဟုတ်လောက်တယ်ဗျ။ မြနှယ်က ငယ်ငယ် တည်းက လွှတ်စွာတဲ့ ကောင်မလေးဗျ။ သူ့ကို ကျုပ်တို့ရွာက တချို့လူတွေက 'မြစွာ' လို့တောင် ခေါ်ကြတာ။

"ဒီလို ကိုကြီးတာတေရေ၊ ရှင်မအောင်ဖြူက သူချစ်တဲ့ ခင်ထားလိမ်းဖို့ သနပ်ခါးတောင် သွေးပေးသေးတာ၊ ဘီးလည်း ကိုယ့်ဟာကိုယ် ယူဖြီးပေါ့လို့ တွေးလိုက်တာတော့"

"အေး၊ အဲဒီလို တွေးလိုက်တော့ ဘာဖြစ်တုံး"

"ဘာဖြစ်ရမှာတုံး ကိုကြီးရဲ့၊ မြနှယ်လက်ထဲက ဘီးကို ဆတ်ကနဲ ဆွဲယူပြီး သူ့ဟာသာ ဖြီးတော့တာ ကိုကြီးတာတေရေ"

"ဟေ…သူ့ဟာသူ ခေါင်းဖြီးတယ် ဟုတ်လား၊ ဟာ ဒီကောင်မလေးတွေ နင်တို့ မကြောက်ကြဘူးလား"

"ကိုကြီးတာတေကလည်း မြနွယ်တို့က ကိုကြီးတာတေရဲ့ ညီမတွေလေ၊ ကိုကြီးတာတေလိုပဲပေါ့၊ အတူးအဆန်းတွေဆိုရင် လွှတ်စိတ်ဝင်စားတာ၊ ကြောက်ကြောက်ကြီးနဲ့ကို လုပ်နေကြတာတော့"

"အေး ကောင်းတယ် မြနွယ်ရေ၊ ကောင်းတယ်၊ ကဲ ဆက်ပြောစမ်းပါဦး"

"ဟာ ဖြီးလိုက်တာမှ ကိုကြီးတာတေရယ်၊ ဆံတုကို ဟိုထိပ်ကနေ စဖြီးတာ အောက်ဆုံးအထိ ဖြီးတာ တော်ရေ၊ မအောင်ဖြူ မေးချင်လို့လာတဲ့ နွယ်နီဆိုတာ ကြောက်လွန်းလို့ မျက်လုံးတွေပြူးပြီး ပါးစပ်ကြီးဟလို့တော့၊ ဘာမှလည်း မမေးကြဘူး၊ မအောင်ဖြူက ခေါင်းကို စိတ်တိုင်းကျ ဖြီးပြီးတော့ ဘီးကို ပစ်ချလိုက်တယ်၊ ဒီတော့ ကျုပ်ကပဲ စပြီးပြောရတော့တာပေါ့ ကိုကြီးတာတေရယ်"

"အေး...ဘယ်လိုပြောတုံး"

"ရှင့်မအောင်ဖြူရှင့်၊ ညီမတော်တို့နဲ့ အတူတူနေပြီး ကစားဖို့ ခုလိုကြွလာတာကို ဝမ်းသာပါတယ်ရှင်၊ ဟောဒီထဲမှာ စနေသမီးတစ်ယောက် ရှိနေတယ် ရှင့်မအောင်ဖြူ၊ သူ့ကို ဖျာလိပ်နဲ့ ရိုက်ပြပါ မအောင်ဖြူ"

"ကျုပ်ပြောလိုက်တာနဲ့ ဖျာလိပ်က ခါးလယ်က တစ်ဆစ် ချိုးပြီး နွယ်နီခေါင်းကို 'ဘုတ်၊ ဘုတ်' ဆိုပြီး နှစ်ချက် ပုတ်ပြတယ်"

“ဟာ”

“နွယ်နီဆိုတာ အုံ့ညြလွန်းလို့ ဘာပြောရမှန်း မသိတော့ အောင် ဖြစ်နေတော့တာတော့”

“ရှင်မအောင်ဖြူရေ…စနေသမီးမှာ ရည်းစားရှိတယ်ဆို ရင် နှစ်ချက်ထပ်ရိုက်ပြပါရှင်”

“ဘုတ် ဘုတ်”

“ဟာ”

“နွယ်နီက တဟားဟားကို ဖြစ်နေတာ ကိုကြီးရေ၊ သူ့ ခေါင်းကို ဖျာလိပ်တစ်ဆစ်ချိုးပြီး နှစ်ချက်ပုတ်ပြတာကိုး။

‘မအောင်ဖြူရှင်မရှင့်၊ စနေသမီးရဲ့ ရည်းစားက တခြား မိန်းကလေးတစ်ယောက်နဲ့ ဖောက်ပြန်သလို ဖြစ်နေတယ်ဆိုတာ ဟုတ်ပါသလားရှင်၊ ဟုတ်ရင် စနေသမီးကို နှစ်ချက်ရိုက်ပြပါ’

မအောင်ဖြူက ရိုက်မပြဘူးတော့၊ ဖျာလိပ်ကြီးကတော့ တဆတ်ဆတ်တုန်နေတာ၊ ဒါပေမဲ့ နွယ်နီ့ကို မရိုက်ဘူး။

‘ဟဲ့ နွယ်နီ၊ နင့်အကောင်က မဖောက်ပြန်ပါဘူးဟဲ့၊ နင် သံသယဖြစ်တာပါဟယ်’

‘ငါတော့ တင့်တင့်နဲ့ ဒီအကောင်နဲ့ ဖြစ်နေတယ်လို့ ထင်တာပါပဲအေ’

‘ကဲ ဒါဆိုရင်လည်း နင်ရှင်းအောင် ငါမေးပေးပါမယ် ဟယ်’

လို့ ကျူပ်ကပြောပြီး ဖျာလိပ်နတ် မအောင်ဖြူကို ထပ်မေး

လိုက်တယ်။

"ရှင်မအောင်ဖြူရှင့်၊ စနေသမီးရဲ့ ရည်းစားက တင့်တင့်ဆိုတဲ့ ကောင်မနဲ့ ဖြစ်နေတယ်ဆိုရင် စနေသမီးကို နှစ်ချက်ရိုက်ပြပါ"

ဖျာလိပ်ကြီးက မရိုက်ဘူးတော့၊ တုန်ရုံပဲ တုန်နေတာ။

"ကဲ ဒါဆိုရင် ကျုပ် ပြန်မေးပါ့မယ် မအောင်ဖြူ၊ စနေသမီးနွယ်နီရဲ့ ရည်းစားက နွယ်နီ့အပေါ်မှာ သစ္စာရှိတယ်၊ တခြားဘယ်မိန်းကလေးနဲ့မှ ကြိုက်နေတာ မရှိဘူးဆိုရင် ဟောဒီစနေသမီးကို သုံးချက်ရိုက်ပြပါ' မအောင်ဖြူရှင်"

"ဘုတ်၊ ဘုတ်၊ ဘုတ်"

ဟော ရိုက်ပြီတော်ရေ သုံးချက်တိတိကို ရိုက်တာတော့။

"ကဲ...နွယ်နီ၊ ညည်းရှင်းသွားပြီလား၊ ညည်းသံသယဖြစ်တာပါလို့ ငါပြောတယ်မို့လား"

ဒီတော့မှ နွယ်နီလည်း ရယ်နိုင် ပြုံးနိုင်တော့တာ တော်ရေ၊ ကျုပ်တို့လည်း ထုံးစံအတိုင်း ဟိုမေး ဒီမေးတွေ မေးကြတာပေါ့တော်။

"ဟဲ့ ညိုမြ၊ ဟိုနေ့က ကျော်ကျော့်စက်ဘီးကို မြောက်ပစ်လိုက်တာ မအောင်ဖြူ လုပ်တာလားလို့ မေးပေးစမ်းပါဟဲ့"

ခင်ထားက ကျုပ်ကို ပြောတာတော့၊ ဒီတော့မှ ကျုပ်လည်း သတိရသွားတာ တော်ရေ။

"ရှင်မအောင်ဖြူရှင့်၊ ဟိုတစ်ညက ခင်ထားကို လူပျိုလာ

လှည့်တဲ့ စက်ဘီးနဲ့အကောင်ကို လူရော စက်ဘီးရော မြှောက်ပစ် လိုက်တာ မအောင်ဖြူ လုပ်လိုက်တာလားရှင်၊ ဟုတ်တယ်ဆိုရင် ခင်ထားခေါင်းကို သုံးချက်ပုတ်ပြပါ ရှင်မအောင်ဖြူ"

"ဘုတ်၊ ဘုတ်၊ ဘုတ်"

ပုတ်တော့တာပဲတော်၊ ဖျာလိပ်ကြီး ခါးက တစ်ဆစ်ချိုး ပြီး ခင်ထားခေါင်းကို သုံးချက်တိတိ ပုတ်တာ တော်ရေ"

"ဟင်…သူလုပ်တာတဲ့လား မြနွယ်ရဲ့၊ ဒါဆိုရင် ဟို ကောင်လေးတွေကို ကျောကုန်းမှာ လက်ဂါးရာကြီးထင်အောင် ရိုက်တာလည်း သူပဲ ဖြစ်မှာပဲဟဲ့"

"ဟာ…သေချာတာပေါ့ ကိုကြီးတာတောရဲ့၊ ကျုပ်မေး လိုက်တယ်လေ၊ ကျုပ်ကလည်း မေးလက်စနဲ့ မထူးပါဘူးဆိုပြီး မေးလိုက်တာတော့"

"ဟေ…နင်က ဘယ်လိုမေးလိုက်တာတုံး မြနွယ်ရဲ့"

"ရှင်မအောင်ဖြူ၊ ဟိုအရင်က ခင်ထားကို လိုက်ပြီး နှောင့်ယှက်တဲ့ကောင်တွေကို လက်ဝါးနဲ့ ရိုက်လိုက်တာလည်း ရှင်မပဲထင်တယ်၊ ဟုတ်ရင် ခင်ထားခေါင်းကို သုံးချက်ပုတ်ပြပါ။

ကျုပ်က ပြောလိုက်တော့ ဖျာလိပ်ကြီးက တဆတ်ဆတ် တုန်နေရင်းနဲ့ ခါးလယ်က တဆစ်ချိုးပြီး ခင်ထားခေါင်းကို သုံးချက်ပုတ်ပြတယ် တော်ရေ၊ ပြီးတော့ ပြောဦးမယ် ကိုကြီးရဲ့၊ မအောင်ဖြူက မျက်နှာတော့ တော်တော်လိုက်တယ်တော့"

"ဟေ…ဘယ်လိုမျက်နှာလိုက်တာတုံး မြနွယ်ရဲ့"

"တခြားသူတွေကို ဖျာလိပ်နဲ့ရိုက်ရင် 'ဘုန်း ဘုန်း' နဲ့ ခပ်ကြမ်းကြမ်းရိုက်တာတော့၊ သူ့ခင်ထားကို ရိုက်ရင်တော့ မအောင်ဖြူက ဖွဖွလေးရိုက်တာ၊ ခင်ထား နာသွားမှာစိုးလို့ပေါ့ တော်"

"ဟား၊ ဟား၊ ဟား၊ ဟား နင်တို့ကလေ နတ်ကိုတောင် အပြစ်ပြောနေသေးတယ်၊ တကယ့်ဟာမလေးတွေ၊ ကဲ ကိုကြီး တာတေကို ဆက်ပြီးပြောပြပါဦး"

"ကျုပ်ပြောဦးမယ် ကိုကြီးတာတေ"

ဒီတစ်ခါ ဝင်ပြောတာက ညိုလှမျှ၊ ဒီကောင်မလေးက စကားအားကြီးနည်းတာ၊ ခုတော့ သူကလည်း ပြောချင်တယ်ဆိုလို့ ကျုပ်တောင် အံ့သြသွားတာ။

"အေး...ပြောပါဦး ညိုလှရဲ့၊ ကျုပ်ညီမရော ဘာတွေ မြင်တုံး"

"တစ်ရက်ကျတော့ ကျုပ်တို့က ဖျာလိပ်နတ် မအောင်ဖြူ ကို လက်ဖက်ပွဲ ဆက်ကြတယ်၊ ကျုပ်က လက်ဖက်ပွဲ သေသေ ချာချာပြင်ပြီး ဟောဒီက ကျုပ်တို့ဆရာမကြီး မြနွယ်က လက်ဖက် မြှောက်တယ်တော့၊ ကျုပ်တို့က သူ့လို မပြောတတ်ဘူးတော့၊ မြနွယ်ကတော့ သေသေချာချာ ပြောတတ်တယ်လေ"

"ဟော...ပြောစမ်းပါဦး ညိုလှရဲ့၊ မြနွယ်က ဘယ်လို တွေ ပြောလို့တုံး"

"မြနွယ်က လက်ဖက်ပွဲလေးကို လက်ဝါးလေးနဲ့ဖက်

ပေါ်မှာတင်ပြီး သွားဖုံးလေးနဲ့ ပန်းကန်ကို တိုက်ထားတာတော့၊ ပြီးမှ…

"လင်နဲ့သားကို တကယ်ချစ်တဲ့
သစ္စာရှင်မကြီး မအောင်ဖြူ
မြေရာတစ်တောင် မောင်မဲခေါင်ရဲ့ အမေ
လင်ကိုချစ်တဲ့စိတ်ကြောင့်
တစ်ဘဝသေခဲ့ရတဲ့ မအောင်ဖြူ။
ညီမတော်လေးတို့က လက်ဖက်တစ်ရိုး
ကွမ်းတစ်ရိုးနဲ့
ရိုးရာမပျက်
ပူဇော်မြဲ ပူဇော်
ပသမြဲ ပသပါတယ် မအောင်ဖြူ။
ညီမတော်တို့ဆက်တဲ့ ဒီလက်ဖက်ပွဲကို
စားတော်ခေါ်ဖို့ ကြွခဲ့ပါ ရှင်မအောင်ဖြူရှင့်"

လို့ ပြောပြီးမှ ကျုပ် အဆင်သင့်ပြင်ပေးထားတဲ့ ခွေးခြေခုံပေါ်မှာ တင်လိုက်တာတော့၊ ကျုပ်ကလည်း ခွေးခြေခုံပေါ်မှာ ခုံခင်းလေး သေသေချာချာ ခင်းထားသေးတာတော့"

"အေး…အဲဒီတော့ မအောင်ဖြူက ကြွလာပြီး စားရောလား"

ကျုပ်က စကားကိုထောက်ပြီး မေးလိုက်တာဗျို့။

"အဲဒီလက်ဖက်ပွဲကို ကျုပ်တို့က မသိမ်းဖြစ်ဘူး ကိုကြီး

တာတေရေ၊ မနက်ရောက်မှ သတိရလို့ ကြည့်လိုက်တော့ လက်ဖက်ပန်းကန် မတွေ့တော့ဘူးတော့၊ ဒါနဲ့ ကျုပ်တို့ လိုက်ရှာကြတာ ပန်းကန်က ပို့ဗိုင်းက သရက်ပင်ကြီးအောက်မှာ ရောက်နေတာ ကိုကြီးရေ၊ ပန်းကန်ထဲမှာ လက်ဖက်တော့ တစ်စက်မှ မရှိတော့ဘူးတော့''

''ဟဲ့ နင်တို့ဖာက တယ်လည်း ထူးဆန်းပါလား ညီလှရယ်''

''ဟုတ်တယ် ကိုကြီးရဲ့၊ ကျုပ်တို့ ထင်တာတော့ မအောင်ဖြူက လက်ဖက်ပန်းကန်ကိုယူပြီး အဲဒီသရက်ပင်ကြီးအောက်မှာ သွားစားတာလားလို့''

ကျုပ်က ဘာမှပြန်မပြောတော့ဘဲ ခေါင်းညိတ်ပြီး စဉ်းစားနေလိုက်တယ်။ ဒီလောက်တောင် မကြောက်မရွံ့ဆော့တဲ့ ဒီကောင်မလေးတွေကိုလည်း ကျုပ် တော်တော်အံ့ဩနေတယ်ဗျ။

''ကဲ ပြောကြပါဦး၊ နောက်ထပ် ဘာတွေဖြစ်သေးတုံး''

''ဟဲ့ ဖြစ်တာပေါ့တော့၊ ညဘက်ကြီးတော့၊ . သန်းခေါင်ချိန်လောက်ကြီး တော်ရေ၊ ခွေးကြီးတစ်ကောင် ဟောင်တာတော်၊ အဆက်မပြတ်ကိုဟောင်တာ ကိုကြီးရေ၊ ကျုပ်တို့တွေ အကုန်လုံး နိုးပြီး ထထိုင်နေကြရတယ်။ ဒါနဲ့ ကျုပ်က တံခါးဖွင့်ပြီး အိမ်ရှေ့ကို • ကြည့်လိုက်တော့ ခွေးက လမ်းပေါ်ကနေပြီး ကျုပ်တို့အိမ်ကို တည့်တည့်ကြည့်ပြီး ဟောင်နေတာ ကိုကြီးရေ''

ညီမြက ပြောတာဗျ။ ကျန်တဲ့သူတွေကလည်း ခေါင်း

ညိတ်ပြပြီး ညိုမြပြောတာကို ထောက်ခံကြတယ်။

"နေပါဦး ညိုမြရဲ့၊ ခွေးက ခပ်ငယ်ငယ်လား ခပ်ကြီး ကြီးလား"

"ဟာ ကိုကြီးတာတေကလည်း ခွေးက အကောင်ခပ် ကြီးကြီးတော့၊ အသံကြီးကလည်း အကြီးကြီးနဲ့ ဟောင်တာ၊ ဟောင်တာမှ တစ်ချက်မှကို ရပ်မသွားတာတော့၊ လူတွေကလည်း အိပ်ကောင်းတဲ့အချိန်ဆိုတော့ ဘယ်သူမှလည်း ထပြီးမငေါက်ကြ ဘူးတော့၊ ဒါနဲ့ ကျုပ်လည်း တံခါးပိတ်ပြီး အိပ်ရာထဲ ပြန်ဝင်နေ လိုက်တယ်၊ ကျုပ်တို့ငါးယောက်လုံး အိပ်လို့တော့ မပျော်ကြဘူး ပေါ့တော်၊ တော်တော်ကြာတော့ ခွေးက ဟောင်နေတာရပ်ပြီး မာန်ဖီတဲ့အသံကြီး ကြားရတယ်တော့၊ ကျုပ်ထင်တာတော့ တခြား က ခွေးတစ်ကောင် ရောက်လာလို့ မာန်ဖီတာလို့ ထင်တာတော့၊ ဒါပေမဲ့ ခွေးနှစ်ကောင်ကိုက်တဲ့အသံ မကြားရဘဲ စောစောက ဟောင်နေတဲ့ ခွေးကြီးရဲ့ မချိမဆန့်အော်တဲ့အသံကို ကြားလိုက်ရ တာ ကိုကြီးရဲ့၊ အော်တာမှ မချိမဆန့်ဝေဒနာ ခံစားရတဲ့အသံနဲ့ကို အော်တာပါတော်။

"ကိန် ကိန် ကိန်၊ အီ အီ အီ အီ"

ဆိုတဲ့ အသံကြီးက တဖြည်းဖြည်း ရပ်သွားရော တော်ရေ"

"ဟေ... ဟုတ်လား၊ ခွေး ဘာဖြစ်သွားလို့တုံးဟဲ့"

"မနက်မိုးလင်းတော့မှ လမ်းထဲကလူတွေ ထွက်လာကြ ပြီး ဝိုင်းအုံကြည့်ကြတာ ကိုကြီးရေ"

"ဟင်၊ ခွေးကြီး သေသွားတာပေါ့၊ ဟုတ်လား ညိုမြ"

"ဟုတ်ပါ့တော်၊ သေတာမှ ဆိုးဆိုးဝါးဝါးကို သေတာ ကိုကြီးရေ၊ ဇက်ကြီးကို လိမ်ချိုးထားတာတဲ့တော်၊ မျက်နှာကြီးက ခွေးရဲ့ ကျောကုန်းဘက်ကို ရောက်နေတာတဲ့တော်၊ လည်ပင်းက ကျိုးနေတာတဲ့၊ လာကြည့်တဲ့လူတွေဆိုတာ ကြောက်လန့်ပြီး မျက်နှာကို ဖျက်နေကြတာ ကိုကြီးရေ၊ ခွေးကိုယ်ပေါ်မှာ တခြား ဘာဒဏ်ရာမှ မတွေ့ရဘူးတဲ့"

"ဒါဆိုရင် ခွေးကို လည်ပင်းလိမ်ချိုးပြီး သတ်လိုက်တာ ပေါ့ ညိုမြရဲ့"

"ဟုတ်တယ် ကိုကြီးရဲ့၊ လမ်းထဲကလူတွေလည်း တိုးတိုး တိုးတိုးနဲ့ပြောပြီး ခွေးသေကြီးကို မြှုပ်ပစ်ဖို့ ယူသွားကြရော ကိုကြီးရေ"

"နေဦး ကိုကြီးတာတော၊ ကျုပ်ပြောဦးမယ်"

လှထွေးက ဝင်ပြောတာဗျ။ လှထွေးက စကားသိပ်နည်း တာ။ ဒါကြောင့်လည်း ညိုလှနဲ့ သူနဲ့က ပိုတွဲဖြစ်ကြတာပေါ့ဗျာ။

"အေး၊ ပြောစမ်းပါဟ့ လှထွေးရဲ့"

"အဲဒီတုန်းက ကျုပ်တွေးမိတာကို ပြောမလို့တော့"

"အေး ပြော၊ လှထွေး၊ နင် ဘာများတွေးမိတာတုံး"

"မြနှယ်က ဖျာလိပ်နတ် မအောင်ဖြူရဲ့ ရာဇဝင်ကို ပြောပြဖူးတယ်တော့၊ မအောင်ဖြူမှာ ဘီလူးမဘဝနဲ့ မွေးတဲ့ သား တစ်ယောက် ရှိခဲ့ဖူးတယ်တဲ့၊ ခြေရာတစ်တောင် မောင်မဲခေါင်လို့

ပြောတယ်၊ ကျားတွေ ဆင်တွေကိုတောင် သတ်မစ်တာတဲ့ ကိုကြီးရဲ့၊ ဆင်ကြီးတွေဆိုရင် အစွယ်တွေကို ချိုးပစ်တာဆိုပဲ၊ ကျားကြီးတွေဆိုရင် လည်လိမ်ပြီးချိုးပစ်တာတဲ့တော့၊ ဒီခွေးလောက်တော့ မောင်မဲခေါင်က အပျော့ပေါ့တော်၊ အဲဒါ ကျုပ်ထင်တာက ဖျာလိပ်နတ် မအောင်ဖြူက သူ့သား မောင်မဲခေါင်ကို ခေါ်ပြီး သတ်နိုင်းလိုက်သလားလို့"

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ကျုပ်ရော ခင်ထားတို့ ညိုမြတို့ ညိုလှတို့ မြနွယ်တို့ ရယ်လိုက်ကြရတာဗျာ။ လှထွေးရဲ့ အတွေးကတော့ အံ့ပါရဲ့။

ကျုပ်တို့ ဝိုင်းရယ်တော့ လှထွေးက ရှက်ပြီး ရောရယ်နေတယ်ဗျ။

"ဟဲ့ လှထွေးရဲ့၊ ခြေရာတစ်တောင် မောင်မဲခေါင်ဆိုတာ လူစွမ်းကောင်းဟဲ့၊ ဆင်တွေ ကျားတွေနဲ့ ယှဉ်ပြိုင်ရဲတဲ့လူ၊ နင့်ဟာယ် ကြံကြံဖန်ဖန် တွေးရတယ်လို့အေ၊ လူစွမ်းကောင်းကြီးက ခွေးကို လည်လိမ်ချိုးပြီး သတ်ပါ့မလားဟဲ့"

"မသိဘူးလေဟယ်၊ ထူးဆန်းနေလို့ ငါလည်း တွေးကြည့်ရတာပေါ့အေ"

"ခြေရာတစ်တောင် မောင်မဲခေါင်တော့ မဟုတ်နိုင်ပါဘူး လှထွေးရယ်"

လို့ ကျုပ်က ပြောပြလိုက်ရတယ်ဗျ။ ကျုပ်လည်း ကြာလာတော့ မနေနိုင်တော့ဘူးဗျို့။ ခံတွင်းက ချဉ်လာတာနဲ့ နဂါး

ဆေးပေါ့လိပ်ကလေး သုံးလေးဖွာ ဖွာပြီး တွေးနေလိုက်တယ်။ ဘာတွေ ဘယ်လိုဖြစ်နေမှန်း ကျုပ်ဖြင့် တွေးလို့ကို မရတော့ပါ ဘူးဗျာ။

"ကိုကြီးတာတေကို ကျုပ် တစ်ခုပြောရဦးမယ်"

ခင်ထားက ကျုပ်ကို ပြောတာဗျ။ ကျုပ်က ဖွာလက်စ နဂါးဆေးပေါ့လိပ်ကလေးကို ဆေးလိပ်ခွက်ထဲကို ခဏချထား လိုက်တယ်။

"အေး ပြောပါဦး ခင်ထားရဲ့"

"ဒီလိုတော့၊ အဲဒီနေ့က တနင်္ဂနွေနေ့၊ ကျောင်းက သူငယ်ချင်းတွေက ဖျာလိပ်နတ် မေးချင်လို့ လာကြတယ်၊ ကျုပ် တို့လည်း လုပ်နေကျအတိုင်း လုပ်ကိုင်ပြီး ဖျာလိပ်နတ် မေးကြတာ ပေါ့ ကိုကြီးတာတေရယ်၊ အဲဒီည အိပ်တော့ ကျုပ် အိပ်မက် မက်တယ်တော့"

"အေး ဘယ်လိုမက်တုံး ခင်ထားရဲ့"

"အိပ်မက်ထဲမှာ ကောင်မလေးတစ်ယောက်နဲ့ ကျုပ်က စကားပြောနေတာ ကိုကြီးရဲ့၊ ထူးဆန်းချက်တော်၊ ကျုပ်နဲ့ စကား ပြောနေတဲ့ ကောင်မလေးက ကျုပ်ရုပ်နဲ့ တစ်ပုံစံတည်းပဲတော့၊ အသက်လည်း ကျုပ်နဲ့ ရွယ်တူပဲ၊ ကျုပ်လိုပဲ ဆံပင်အရှည်ကြီးကို ကျောပေါ်မှာ ဖားလျားချထားတာတော့"

"ခင်ထားတို့ ဘာအကြောင်းတွေ ပြောကြတုံး"

ကျုပ်က ခင်ထားကို မေးလိုက်တာဗျ။

"ကျုပ်က ဘာမှမပြောပါဘူး၊ သူပြောတာကိုပဲ နားထောင်နေတာ၊ သူက ကျုပ်ကို ပြောတယ်တော့်၊ နင် ဘယ်တော့မှ ရည်းစားမထားနဲ့တဲ့၊ ယောကျ်ားဆိုတာ ကောင်းတဲ့လူ အင်မတန်ရှားတယ်တဲ့၊ သူ ဒီလိုဘဝမျိုး ရောက်ရတာလည်း ယောကျ်ားတစ်ယောက်ကြောင့် ရောက်ခဲ့ရတာတဲ့၊ ယောကျ်ားတွေကို ဘယ်တော့မှ အရောမဝင်နဲ့လို့ ကျုပ်ကို ပြောပြီး အိမ်ပေါက်ဝဘက်ကို လှည့်ထွက်သွားတယ်တော့်၊ အိမ်ဝကိုရောက်တော့ ကျုပ်ကို သူ လှည့်ကြည့်တယ်။ အဲဒီမှာ ကျုပ် လန့်ပြီး အသံကုန် ထအော်မိတော့တာတော့်"

"ဟော...ဘာဖြစ်လို့တုံး ခင်ထားရဲ့"

"ကျုပ်ကို လှည့်ကြည့်တဲ့ မျက်နှာက စောစောက ကျုပ်နဲ့တူတဲ့ မျက်နှာ မဟုတ်တော့ဘူးတော့်၊ ကြောက်စရာ မျက်နှာကြီးဝါတော်၊ မျက်လုံးကြီးတွေ ပြူးထွက်နေပြီး ပါးစပ်ကြီးက ရွဲ့နေတာတော့်၊ အဲဒီရွဲ့နေတဲ့ ပါးစပ်ကြီးထဲက လျှာနီနီကြီးက တွဲလောင်းကြီး ကျလို့တော်၊ နားရွက်ကြီးတွေကလည်း အကြီးကြီးတွေပဲ၊ ပြီးတော့ နှာခေါင်း မပါဘူးတော့်၊ နှာခေါင်းနေရာက ပြားချပ်ကြီးတော့်၊ ကျုပ်အော်လိုက်တဲ့အသံက ခုနစ်အိမ်လောက်တောင် ကြားနိုင်တာ ကိုကြီးရဲ့၊ ဒါပေမဲ့ ကျုပ်အော်တဲ့အသံက အပြင်ကို ထွက်လာပုံ မပေါ်ဘူးတော့်၊ ကျုပ်နိုးလာတော့ ကျုပ်နဲ့အတူတူ အိပ်နေတဲ့ မြနွယ်က တရှူးရှူးနဲ့ အိပ်နေတာ၊ နိုးတောင် မနိုးဘူးတော့်၊ ကျုပ်လည်း မျက်စိကျယ်သွားပြီး ချက်ချင်းပြန်အိပ်လို့

မပျော်တော့ဘူး၊ အဲဒီအချိန်မှာ အိမ်ထဲက စီးရိုးဝပ်မီးအလင်းရောင်လေးနဲ့ ကျုပ် ဘာကိုမြင်ရတယ်ထင်လဲ ကိုကြီးတာတေ"

"ဟေ…ဘာကို မြင်ရလို့တုံး"

"နေ့လည်က ကျုပ်တို့ ဖျာလိပ်နတ်မေးတဲ့ ဖျာလိပ်ကြီးက တဆတ်ဆတ်တုန်လာပြီး လူလမ်းလျှောက်သလို ရွေ့နေတာ ကိုကြီးတာတေရေ"

"ဟာ…ဟုတ်လား ခင်ထား"

"နင် သူတို့ကို နှိုးပြီးမပြဘူးလား"

"နှိုးဖို့နေနေသာသာ ကြောက်တာနဲ့ လှုပ်တောင် မလှုပ်ရဲဘူး ကိုကြီးတာတေရေ"

"အေး၊ နောက်တော့ အဲဒီဖျာလိပ်ကြီး ဘာဖြစ်သွားတုံး"

"ခဏပဲ ကိုကြီးရဲ့၊ ခဏရွေ့သွားပြီးတော့ ပြန်ငြိမ်သွားတယ်၊ မနက်မိုးလင်းတော့ ဒီကောင်မတွေကို ကျုပ်က ပြန်ပြောပြတာ၊ ဒီကောင်မတွေက မယုံဘူးတော့၊ နင်အိပ်မက်မက်ပြီး စိတ်ဂယောင်ချောက်ချား ဖြစ်သွားလို့ နေမှာပါလို့ ပြောကြတယ်၊ တကယ်က ကျုပ် သေသေချာချာ မြင်တာတော့"

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးကို ပြန်ဖွာပြီး တွေးနေမိဘာဗျ။ ဖျာလိပ်နတ် မေးတာကို အစွဲလန်းကြီး စွဲလန်းနေတဲ့ ဒီကောင်မလေးတွေ့အကြောင်း ကျုပ်တွေးနေတာပေါ့ဗျာ။ ခင်ထားအိပ်မက်ထဲမှာ မအောင်ဖြူက ခင်ထားပုံစံ ဖန်တီးပြီး ယောက်ျားတွေကို ကင်းကင်းရှင်းရှင်းနေဖို့ ပြောသွားတယ်ဆိုတာလည်း

ဟုတ်လောက်တယ်ဗျ။ သွားမယ်တဲ့ ကျုပ်တို့ကို ပြောပြတဲ့ ဖျာလိပ်နတ် မအောင်ဖြူ ရာဇဝင်ထဲမှာ မအောင်ဖြူက သူ့ယောက်ျား ပညာဗလအမတ်ကို သိပ်ချစ်တာဗျ။ သူ့ယောက်ျား အဖမ်းခံရတယ်ကြားလို့ ဖျာလိပ်ကလေးပိုက်ပြီး လိုက်သွားရာကနေ အသတ်ခံရတာဗျ။ ဒီတော့ မအောင်ဖြူ ပြောသလို ယောက်ျားတစ်ယောက်အတွက် သူ့ ဒီဘဝကို ရောက်ခဲ့ရတာဆိုတဲ့စကားက အမှန်ပဲပေါ့ဗျာ။

"နေဦး ကိုကြီးတာတေရဲ့၊ ကျုပ်ပြောဦးမယ်"

ကျုပ်က တွေးနေတာနဲ့ ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်တယ်။ ပြောတာက မြနှယ်ဗျ။

"တစ်ညမှာ ကြောင်နှစ်ကောင် သဲကြီးမဲကြီးကိုက်တာတော်ရေ"

"ဟေ...ဟုတ်လား၊ ဘယ်မှာကိုက်တာတုံးဟဲ့"

"ကျုပ်တို့အိမ်ခေါင်မိုးမှာ ကိုက်တာတော့၊ ကိုက်လိုက်တာမှ သဲကြီးမဲကြီးကို ကိုက်ကြတာ ကိုကြီးရေ၊ သွပ်မိုးပေါ်မှာ ပြေးကြလွှားကြတဲ့ အသံတွေ၊ အော်ကြ ဟစ်ကြ မာန်ဖီကြတဲ့ အသံ‌ကျေဆိုတာ ဆူညံနေတာပါပဲတော်၊ ခေါင်းမိုးပေါ်မှာ တဝုန်းဝုန်း ပြေးနေလိုက်ကြတာ။ ကျုပ်တို့ငါးယောက်စလုံး အိပ်လို့မရတော့ဘဲ ထထိုင်နေကြရတော့တာ ကိုကြီးရေ၊ ခဏကြာတော့ ကြောင်နှစ်ကောင် ဘယ်လိုဖြစ်ပြီး မြေကြီးပေါ် ရောက်သွားမှန်းမသိပါဘူးတော်၊ အိမ်ဝိုင်းထဲမှာ ပြေးလွှားကိုက်ခဲနေတဲ့ အသံတွေ

ကြားရတယ်တော့၊ ခဏကြာတော့ ဝိုင်းစက သရက်ပင်ကြီးပေါ်ကို ပြေးတက်သွားတဲ့အသံ ကြားရတယ် ကိုကြီးရေ၊ သရက်ပင်ပေါ်မှာ နှစ်ကောင်သား ကိုက်နေကြတဲ့အသံ ကြားရတယ်၊ သရက်ပင်ပေါ်မှာ ကိုက်နေရင်းကနေ အသံတွေ ပျောက်သွားရော တော့၊ ဒီတော့မှပဲ ကျုပ်တို့လည်း အိပ်လို့ရသွားတော့တယ်''

ကျုပ်က မြနွယ် ဘာပြောချင်မှန်း မသိတော့ဘူးဗျ။ ဒါပေမဲ့ မြနွယ်က စကားဆက်သေးတာဗျ။

''မနက်မိုးလင်းတော့မှ ဓာတ်လမ်းက စတော့တာ ကိုကြီးတာတော်ရေ၊ ညက ကြောင်နှစ်ကောင် အသံပျောက်သွားတာ ဘာကြောင့်လဲဆိုတာ၊ ဒီတော့မှ သိရတာ တော်ရေ''

''ဟော . . . ဘာဖြစ်လို့ အသံပျောက်သွားတာတုံးဟဲ့''

ကျုပ်က မြနွယ်ကို မေးလိုက်တာဗျ။

''နှစ်ကောင်လုံး သေသွားတာ ကိုကြီးတာတေရဲ့''

''ဟဲ့ ကြောင်ကြောင်ချင်းကိုက်တာ သေတယ်လို့ မရှိပါဘူးဟဲ့''

''ဟုတ်တယ် ကိုကြီးရေ၊ ဒါပေမဲ့ အဲဒီညကကိုက်တဲ့ ကြောင်ကြီးနှစ်ကောင်ကတော့ နှစ်ကောင်လုံး သေလို့တော့၊ သေတာမှ လည်ပင်းတွေ လိမ်ချိုးခံရပြီး သေတာ တော်ရေ၊ ဇက်ကြီးတွေကျိုးပြီး ရှက်နှာကြီးတွေက ကျောကုန်းဘက်ကိုတောင် ရောက်နေတာတော့၊ ပြီးတော့ ကြောင်တွေက သစ်ပင်ပေါ်က ပြုတ်ကျတာ၊ ကျုပ်တို့ဝိုင်းထဲကို ကျတာမဟုတ်ဘူးတော့၊ လမ်း

ပေါ်ကို ကျတာ၊ လမ်းပေါ်မှာ လူတွေ ဝိုင်းကြည့်ပြီး ပြောနေကြလို့ ကျုပ်တို့ သိတာ"

"ဟုတ်၊ နင်တို့ကိစ္စကလည်း တဖြည်းဖြည်း ရှုပ်ထွေးလာပါလား မြနွယ်ရဲ့"

"အဲဒါတော့ ကျုပ်တို့လည်း မသိဘူး ကိုကြီးတာတေရေ"

"နင်တို့ကတော့ ဖျာလိပ်နတ်ကို ဆက်မေးနေတာပဲလား"

"ကျောင်းပိတ်ရက်ဆိုရင် မေးတာပဲတော့၊ ကျုပ်တို့မမေးလည်း ကျောင်းကကောင်မတွေက တစ်ယောက်မဟုတ် တစ်ယောက် ရောက်လာပြီး မေးတော့တာတော့၊ ဩော် နောက်တစ်ခုရှိသေးတယ် ကိုကြီးတာတေရဲ့၊ ကျုပ်တို့ ဆယ်တန်းကပဲ မျိုးခင်ဆိုတဲ့အကောင်၊ လူက ရုပ်ဖြောင့်ဖြောင့်ပါ၊ မြာကလည်း အင်မတန်ပွေတဲ့အကောင်၊ အဲဒီအကောင်က ခင်ထားကို လစ်ရင် လစ်သလို ရည်းစားစကား လိုက်ပြောတဲ့ အကောင်တော့၊ အဲဒီနေ့ကလည်း ခင်ထားကို လှေကားအဆင်းအတက်မှာ နှစ်ယောက်တည်းတွေ့လို့ အတင်းလမ်းပိတ်ပြီး ရည်းစားစကား ပြောတာတဲ့တော့၊ အဲဒါ ခင်ထားက သူ့ကို အတင်းတွန်းဖယ်ပြီး လှေကားက နေ ကျောင်းအပေါ်ထပ်ကို တက်လာတာ၊ 'အောင်မယ်လေးဗျ' လို့ အော်သံကြားလို့ ခင်ထားက နောက်လှည့်ကြည့်လိုက်တော့ မျိုးခင် လှေကားကနေ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားတာတဲ့ တော်ရေ၊ လှေကားတက်လာတဲ့ သချာဆရာ ဦးအောင်ခွေးက

တွေ့လို့ ဆီးတွန်းထားလို့ မသေတာ တော်ရေ၊ ဆရာဦးအောင်ခွေး နဲ့သာ မတွေ့ရင် ဒီအကောင် လေကားအောက်က အုတ်သမံ တလင်းနဲ့ ခေါင်းနဲ့ ရိုက်မိပြီး ပွဲချင်းပြီးသွားနိုင်တယ် ကိုကြီးရေ၊ ဖျာလိပ်နတ် မအောင်ဖြူက ခင်ထားကို သွားလေရာ လိုက်ပြီး စောင့်ရှောက်နေတာ ကိုကြီးတာတေရဲ့၊ ခင်ထားကို စိတ် အနှောင့် အယှက်ဖြစ်အောင် လုပ်လို့ကတော့ လူရော၊ ခွေးရော၊ ကြောင်ရော ဘာမှကို မထားဘူး တော်ရေ၊ အားလုံးကို လုပ်ပစ်တာတော့၊ ဘွားမယ်တုံ ပြောတာ ဟုတ်လိမ့်မယ်တော့"

"ဟော…ဘာများတုံး မြနွယ်ရဲ့"

"မအောင်ဖြူက ဖျာလိပ်နတ် မဖြစ်ခင် ဘီလူးမ သွား ဖြစ်သေးတာတဲ့တော့၊ ဒီတော့ အဲဒီအရှိန်နဲ့ ဖျာလိပ်နတ်ဖြစ်တဲ့ ဘဝမှာ တစ်ခါတလေ ကြမ်းတမ်းတတ်တယ်လို့ ဘွားပြောဖူး တယ်တော့"

"ဟုတ်လား၊ ဘွားမယ်တုံက အဲဒီလို ပြောသလား၊ အေး၊ ဒီလိုဆိုတော့လည်း ဟုတ်နေတာပဲပေါ့ မြနွယ်ရဲ့၊ ခင်ထား ကို မအောင်ဖြူက ဘာဖြစ်လို့ ဒီလောက်ခင်တွယ်သွားရတာတုံး ဆိုတာ စဉ်းစားလို့ မရဘူးဟဲ့"

"အို…ကိုကြီးတာတေကလည်း နတ်ဆိုတာ လိပ်ပြာလှ ရင် ချစ်တယ်လို့ ပြောကြတယ်၊ ခင်ထားက လူတင်လှတာ မဟုတ်ဘဲ လိပ်ပြာပါလှလို့ရှိမှာပေါ့တော်"

ကျုပ်က ဘာမှပြန်မပြောနိုင်ဘဲ နဂါးဆေးပေါ့လိပ်ကလေး

ကို မီးညှိပြီး နေလိုက်ရတော့တာပေါ့ဗျာ။

"ကဲ နောက်ရော ဘာတွေ ထူးထူးခြားခြား ဖြစ်သေးတုံး ပြောပါဦး"

လို့ ကျုပ်ကမေးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခင်ထားက ပြောတယ်ဗျ။

"နောက်ထပ်တော့ ဘာမှမဖြစ်တော့ပါဘူးတော်၊ ဟိုအကောင် သေတာပဲ ရှိတော့တယ်"

"အေး အဲဒီသေသွားတဲ့ကောင်က ဘယ်သူတုံးဟဲ့"

အသွက်မ မြနွယ်က ပြောဖို့ ပါးစပ်ပြင်လိုက်တယ်ဗျ။ ကျန်တဲ့သူတွေက ဘာမှမပြောတော့ဘဲ မြနွယ်မျက်နှာကို ဝိုင်းကြည့်နေကြတယ်။

"ဘယ်အကောင်ရှိဦးမလဲ ကိုကြီးတာတေးရယ်၊ ကျော်ကျော်ပေါ့၊ ကျော်ကျော် သေတာ"

"ဘာ...ခင်ထားကို စာပေးတဲ့ကောင်လေး သေတာဟုတ်လား၊ ဖြစ်မှဖြစ်ရလေဟာယ်"

"ဟုတ်တယ် ကိုကြီးရေ၊ ဒီအကောင်က ကျောကုန်းကို လက်ဝါးရာကြီးထင်အောင် ရိုက်လည်း အမှတ်မရှိဘူး၊ စက်ဘီးရော လူရော မှောက်ပစ်လိုက်တာလည်း အမှတ်မရှိဘူးတော့၊ အဲဒီညက ဆယ်နာရီလောက် ဒီအိမ်ရှေ့ကို ရောက်လာတာ၊ ဒီအနီးအနားက လူတွေက တံခါးတွေတောင် ပိတ်နေကြပြီတော့၊ ဒီကောင်က အရက်တွေ မူးလာတာ၊ ဘေးက အကောင်နှစ်ကောင်က

တွဲလာရတာတော့၊ ဒီအိမ်ရှေ့ကို ရောက်တော့ အသံပြဲကြီးနဲ့ အော်တော့တာပါပဲတော်"

"ဟော…ဘယ်လိုအော်လို့တုံး မြနွယ်ရဲ့"

"ခင်ထား၊ ငါပါ ကျော်ကျော်ပါ၊ နင့်ကို ရူးမတတ်ချစ်မိနေတဲ့ကောင်လေဟာ၊ ခင်ခင်ထား နင် မာနကြီးလှချည်လား၊ ကျော်ကျော်ဆိုတဲ့ကောင်က သိပ်အချစ်ကြီးတဲ့ကောင်ပါ ခင်ထားရဲ့၊ ဒီည နင်ကိုယ်တိုင် ထွက်လာပြီး ကျော်ကျော် ပြန်တော့လို့ပြောမှ ငါပြန်မယ်၊ နင်ထွက်မပြောချင်း ငါမပြန်ဘူး ဒါပဲ၊ အဲဒါပဲ ခင်ထားရေ"

"ကျုပ် ချောင်းကြည့်တော့ ဒီကောင်က သူ့ဘေးက ကောင်ဆီက အရက်ပုလင်းကိုယူပြီး ထပ်မော့နေသေးတာ တော်ရေ၊ ကျုပ်တို့လည်း ဘာလုပ်ရမှန်း မသိတော့ဘူး ကိုကြီးတာတေရေ၊ ခင်ထားဆိုတာလည်း ရှက်ပြီး ငိုနေပြီတော်၊ ဒီအကောင်က မူးပြီး အသံပြဲကြီးနဲ့ အော်ချင်တိုင်း အော်နေတာတော့၊ တော်တော်ကြာတော့ ဟိုဘက်ဝိုင်းက လေးလေးလှဝင်း ထွက်လာပြီး ပြောတဲ့ အသံ ကြားရတယ် ကိုကြီးတာတေရဲ့"

"အေး၊ လေးလေးလှဝင်းက ဘာပြောတုံးဟဲ့"

"တူလေးတို့၊ မင်းတို့ ဒီလိုလုပ်လို့ မသင့်တော်ပါဘူးကွယ်၊ ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်ကွဲ့၊ စုဟာက လူကြားမကောင်းအောင် အော်ဟစ်နေတာ၊ ပြန်ကြပါတော့ကွယ်၊ လေးလေး မေတ္တာရပ်ခံပါတယ်"

လို့ ပြောတာတော့။ ဒီတော့ ကျော်ကျော်က အရက်မူးသံ ကြီးနဲ့ ပြန်ပြောတယ်တော့။

"ဒီမှာ ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူး၊ ဘာမှလည်း မပတ်သက်ဘူး၊ ကျုပ်နှလုံးသားကိစ္စကို ကျုပ်ဖာသာ လာပြီးရှင်းတာ၊ ခင်ခင်ထားက ထွက်လာပြီး ကျော်ကျော်ရယ် ပြန်ပါတော့လို့ ပြောမှ ကျုပ်ပြန်မယ် ဒါပဲ၊ ခင်ဗျား ပြန်တော့၊ ဘာမှ လာမပြောနဲ့၊ ဘယ်သူပြောလို့မှ မရဘူး၊ တစ်လမ်းလုံး ထွက်ရိုက်လည်း ကျုပ် အရိုက်ခံမယ်၊ ပြန်တာတော့ မပြန်ဘူး"

"လေးလေး တောင်းပန်တာပါ တူလေးရယ်၊ ပြန်ပါကွာ၊ တစ်ဖက်သား မိန်းကလေးအတွက်လည်း မကောင်းပါဘူးကွာ၊ အရှက်ရစရာ ဖြစ်တာပေါ့ တူလေးရာ ပြန်ပါကွာ"

"ဟေ့လူ ခင်ဗျား တော်တော်စကားရှည်တာပဲ၊ ကျုပ် မပြန်ဘူးလို့ ပြောပြီးပြီမို့လား၊ ကျုပ်ပြန်စေချင်ရင် ခင်ဗျား အိမ်ထဲ ဝင်ပြီး ခင်ခင်ထားကို ခေါ်ထုတ်ခဲ့၊ ဒါမှ ကျုပ်ပြန်မယ်၊ ခင်ဗျားတို့ မှတ်ထား၊ ကျုပ်နာမည် ကျော်ကျော်တဲ့"

"အေး ကောင်းကောင်းပြောလို့ မရရင်တော့ ကျုပ်က ရဲသွားခေါ်ရမှာပဲ ငါ့တူ"

"ခေါ်ဗျာ၊ သွားခေါ်၊ ရဲတွေအားလုံး ခေါ်လာခဲ့၊ ကျုပ်က ဂရုလုံးဝမစိုက်ဘူး"

အဲဒါနဲ့ လေးလေးလှဝင်းက သူ့အိမ်ထဲ ပြန်ဝင်ပြီး စက်ဘီးယူတယ်၊ စက်ဘီးလေးနင်းပြီး ထွက်သွားတယ် ကိုကြီး

ရဲ့။ ကျုပ်ကတော့ လေးလေး ဒီကောင်တွေကြောက်အောင် ခြောက်တယ်လို့ထင်တာ၊ ဒီအကောင် ကျော်ကျော်က လေးလေးလှဝင်းလည်း ထွက်သွားရော ဆက်အော်ပြန်တာပဲတော်၊ အော်တာမှ အသံပြဲကြီးနဲ့ အော်တာ. တော်ရေ။

"ခင်ထားရေ၊ ငါ ရူးနေပြီ ခင်ထားရေ၊ နင့်ကြောင့် ငါ ရူးနေပြီဟဲ့ ခင်ထားရဲ့၊ ခဏလေးဖြစ်ဖြစ် ထွက်လာခဲ့ပါ ခင်ထားရယ်၊ ဟောဒီက ငကျော် မင်းရဲ့မျက်နှာလှလှလေးကို ဖူးချင် တွေ့ချင်လွန်းလို့ပါ အချစ်ရယ်"

ဒီကောင် တဖြည်းဖြည်း လွန်လာပြီတော့ သူနဲ့ ပါလာတဲ့ နှစ်ကောင်ကလည်း သူ့ကို ပြန်ရအောင်လို့ ဘယ်လိုပြောပြော ဒီကောင်က မရဘူးတော့၊ ဆက်ပြီးအော်နေတာပဲတော်၊ အဲဒီအချိန်မှာ ခင်ထား ဘာလုပ်လိုက်တယ်ထင်တုံး"

"ဟော...ခင်ထားက ဘာလုပ်လိုက်တာတုံး မြနွယ်"

"မအောင်ဖြူရေ၊ ခင်ထားကို အရှက်ရအောင် လာလုပ်နေတဲ့ကောင်ကို ဘာလို့ ဒီအတိုင်းကြည့်နေတာတုံး၊ ရှင်မအောင်ဖြူ ဒီအကောင်ကို ဆုံးမလိုက်စမ်းပါတော်"

လို့ လက်အုပ်ကလေးချီပြီး ပြောလိုက်တာ ကိုကြီးတာတေ၊ ခင်ထား စကားဆုံးတာနဲ့ တစ်ပြိုင်တည်းပဲတော် ဝိုင်းရှေ့က အော်သံကြီး ထွက်လာတာတော့။

"ဟော...ဟုတ်လားဟဲ့"

"အောင်မယ်လေးဗျ၊ အား အား အား"

ဆိုတဲ့ အသံကြီးနဲ့ မချိမဆန့် အော်တော့တာ ကိုကြီးတာ တောရေ၊ အဲဒီအော်သံကြီးလည်း ဆုံးရော ကျော်ကျော်နဲ့ ပါလာတဲ့ ကောင်နှစ်ယောက် အော်တော့တာပဲတော့။

"အောင်မယ်လေးဗျ၊ လာကြပါဦးဗျို့၊ ကျုပ်တို့သူငယ်ချင်း ဘာဖြစ်တာလည်း မသိဘူးဗျ"

အဲဒီအော်သံကြီးလည်း ကြားရော လမ်းထဲကအိမ်တွေ တံခါးဖွင့်သံတွေ ကြားတယ်တော့၊ ပြီးတော့ လှမ်းမေးတဲ့အသံတွေ လည်း ကြားတယ်။

"ဟေ့ကောင်လေးတွေ ဘာဖြစ်တာတုံး"

"မသိဘူးဗျ၊ ဒီကောင် ကျော်ကျော်၊ ခေါင်းကြီးနောက်ကို လည်ပြီး လဲကျသွားတာဗျ"

လမ်းထဲကလူတွေ ဝိုင်းအုံကြည့်ပြီး တစ်ယောက် တစ်ပေါက်နဲ့ ပြောနေကြတာကို ကျုပ်တို့ ကြားနေရတာပေါ့တော်။

"ဟာ…ဟုတ်သားပဲ၊ လည်ပင်းကြီး ကျိုးနေပြီကွ"

"ဟာ…မျက်နှာကြီးက ကျောကုန်းဘက်ကို ရောက်နေ ပါလား"

"လည်လိမ်ချိုးခံရတာကွ"

"ဟိုတလောက ခွေးကြီး သေသလို သေတာပဲကွ"

"ဒါကြောင့် ဒီကောင် ဒီလောက်အော်တာကိုး"

"မချိမဆန့်ခံပြီးမှ သေသွားတာကွ"

"အေးပေါ့၊ မျက်လုံးကြီးတွေ ပြူးထွက်ပြီး ပါးစပ်ကြီး

က ဟလို့၊ မျက်နှာက ရှုံ့မဲ့ပြီးနေတာလေ၊ မချိမဆန့် ခံစားရလို့ပေါ့ကွာ"

"ဟော့ကောင်လေးနှစ်ကောင် မင်းတို့ရော ဘာဖြစ်သေးတုံး"

"ကျုပ်တော့ ကျောကုန်းတစ်ချက် အရိုက်ခံရတယ်ဗျ"

"ကျုပ်ရောပဲ၊ ကျောကုန်းအရိုက်ခံလိုက်ရတယ်၊ ကျုပ်တို့ကို အရင်ရိုက်တာဗျ၊ ကျုပ်တို့နှစ်ယောက် ရှေ့ကို ဟပ်ထိုးလဲကျသွားတုန်း ဒီကောင့်ကို လည်လိမ်ချိုးတာပဲဖြစ်မယ်"

"ဒီကောင် မချိမဆန့် အော်သံကြားလို့ ကျုပ်လှည့်ကြည့်တော့ ဒီကောင့်ခေါင်းကြီးက နောက်ကို ရွေ့သွားပြီး ဂျွတ်ဆိုကြားလိုက်ရတယ်ဗျ၊ ဒီကောင်လည်း မအော်နိုင်တော့ဘဲ ဝမ်းလျားမှောက်ကြီး လဲသွားတာ၊ ကျုပ်တို့နှစ်ယောက် ထပြီးကြည့်လိုက်တော့ ဒီကောင် မျက်နှာကြီးက အခုလိုပဲ ကျောကုန်းဘက်ကို ရောက်နေတာဗျ"

"ဒါဆို ဒီကိုလာစမ်း၊ မင်းတို့နှစ်ယောက်ရဲ့ ကျောကုန်းတွေကို ကြည့်ရအောင်"

"ဟာ…လက်ဝါးရာကြီးတွေဟေ့၊ ဟိုတစ်ခါ သီချင်းလာဆိုတဲ့ကောင်တွေလိုပဲဟ၊ နည်းတဲ့လက်ဝါးကြီး မဟုတ်ဘူးဟေ့"

"ဟာ..အေးဟ၊ ငါ့လက်ဝါးငါးဆလောက် ရှိတယ်ဟေ့"

လူတွေ ကျွက်စီ ကျွက်စီနဲ့ ပြောနေတုန်းမှာပဲ ရဲသွားခေါ်

တဲ့ လေးလေးလှဝင်း ပြန်ရောက်လာတယ်တော့။ ရဲတွေလည်း ပါလာတယ်။

"ဟ…ဝကြီး၊ ဘာတွေဖြစ်ကုန်ပြီလဲဟ"

"သေပြီ လေးလေးလှဝင်းရေ၊ လည်လိမ်ချိုးခံလိုက်ရတာ ဗျ၊ ဟောဒီကောင်လေးနှစ်ယောက်ကတော့ ကျောကုန်းကို တစ်ချက်စီ အရိုက်ခံရတာ၊ ကျောကုန်းမှာ လက်ဝါးရာကြီးတွေ ထင်လို့ဗျ"

"ဟာ ဖြစ်မှဖြစ်ရလေကွာ၊ ငါတောင်းပန်တာကွ၊ အိမ်ပြန် ဖို့ တောင်းပန်တာ၊ ဘယ်လိုတောင်းပန်လို့မှ မရဘူးကွာ၊ ဟောဒီ ကောင်လေးတွေ သိပါတယ်"

"ဟုတ်ပါတယ် လေးလေးရယ်၊ ကျော်ကျော်က မူးလာ ရင် သွေးဆိုးတယ်ဗျ၊ ကျုပ်တို့လည်း အိမ်ပြန်ဖို့ တောက်လျှောက် ကိုပြောနေတာပါဗျာ၊ ဘယ်လိုပြောလို့မှကို မရဘူးဗျ"

"ကဲ မဆိုင်တဲ့လူတွေက နောက်ဆုတ်ကြပါဗျာ၊ ဒါ လူသတ်မှုဖြစ်သွားပြီ၊ ကဲ မောင်ထွန်း မင်းက စခန်းပြန်ပြီး စခန်းမှူးကို အကျိုးအကြောင်းပြောပြီး ခေါ်လာပေတော့"

ကျုပ်တို့ အိမ်ထဲကနေပြီး အသံတွေ ကြားနေရတာပေါ့ တော်၊ ကျုပ်က အပေါက်ကနေ ချောင်းကြည့်နေတော့ မြင်လည်း မြင်နေရတယ်။ နောက်တော့ စခန်းမှူး ရောက်လာပြီး ပေတိုင်း ဓာတ်ပုံရိုက်၊ ဟိုနှစ်ကောင်ကိုလည်း သူတို့လဲကျတဲ့ပုံစံတွေ ပြန် လုပ်ခိုင်း၊ သူတို့ လဲကျတဲ့နေရာနဲ့ ကျော်ကျော် လဲကျတဲ့နေရာကို

ပေဝိုင်း ခတ်ပုံတွေ ထပ်ရိုက်နဲ့ မိုးလင်းကာနီးတော့မှ အလောင်းကို ဆေးရုံသယ်သွားကြတာပေါ့''

''နေပါဦးဟဲ့၊ သေသွားတဲ့ ကောင်လေးရဲ့ မိသားစုကို သွားမပြောကြဘူးလား''

ကျုပ်က သတိရလို့ မေးလိုက်တာဗျ။

''ဟာ..ပြောတာပေါ့ ကိုကြီးတာတေရဲ့၊ ဒီလမ်းထဲမှာ သူတို့သူငယ်ချင်းတွေ ရှိတာပဲဟာ၊ သွားခေါ်ကြတာပေါ့၊ ကျော်ကျော့်အိမ်ကလူတွေ ရောက်လာပြီး ဒီအိမ်ရှေ့မှာ ငိုလိုက်ကြတာတော်၊ ရဲက မနည်းဟန့်ယူရတယ်၊ ဒါပေမဲ့ သူတို့ပြောနေသံကြားတာတော့ ကျော်ကျော်က မိဘတွေ မရှိတော့ဘူးတဲ့တော့၊ သေကုန်ကြပြီတဲ့၊ သူ့အဒေါ်က မွေးစားထားရတာဆိုပဲ၊ ကျောက်ကုန်းအရိုက်ခံရတဲ့ အကောင်နှစ်ကောင်ရဲ့ မိဘတွေလည်း ရောက်လာကြတာပဲတော့၊ ဒါပေမဲ့ အလောင်းသယ်သွားတဲ့အချိန်မှာ အဲဒီကောင်နှစ်ကောင်ကို ရဲက အိမ်ပြန်မလွှတ်ဘူး၊ ရဲစခန်းကို ခေါ်သွားတယ်''

''နင်တို့ကိုလည်း ရဲတွေက လာစစ်တယ်ဆို၊ ဘယ်အချိန်လာစစ်တာတုံး''

''မနက်နေ့မနက်အစောကြီး လေးလေးလှဝင်းက လာပြောတယ်''

''မြနွယ်တို့ နင်တို့ ဒီနေ့ ကျောင်းမသွားကြနဲ့၊ ရဲက နင်တို့ကို မေးစရာရှိတယ်လို့ ပြောတယ်၊ သူတို့ လာလိမ့်မယ်''

"လေးလေးလှဝင်းပြောတော့ ကျုပ်တို့ ကျောင်းမသွားဘူးပေါ့တော်၊ ရဲတွေကနှစ်ခါတောင်လာစစ်တာတော့၊ အရီးမရီကတော့ ကားငှိတ်သွားပြီး ဘတွေးဘခင်ဆီကို စာပို့တယ်၊ ရဲတွေကမနက် ၉ နာရီလောက်မှ ရောက်လာတာတော့်၊ ကျုပ်တို့အိမ်ရှေ့မှာလူလေးငါးယောက် ရောက်လာလိုက်၊ စုစု စုစုလုပ်ပြီး ညကအကြောင်းတွေ ပြောလိုက်ကြပေါ့တော်၊ လေးလေးလှဝင်းတို့ဝိုင်းထဲမှာလည်း လူတွေအုံပြီး ဒီအကြောင်းပဲ ပြောနေကြတာပေါ့တော်"

"ရဲက နှင်တို့ကို ဘာတွေမေးတုံး"

"အမိက မေးတာက ခင်ထားကို မေးတာတော့်"

"အေးပေါ့၊ ခင်ထားက အမိကအကြောင်းရင်း ဖြစ်နေတာကိုး၊ အေး ဘာတွေမေးတုံး ခင်ထား"

ကျုပ်က မေးလိုက်တော့မှ ခင်ထားက ပြောပြတာဗျ။

"တူမလေးနာမည် ဘယ်လိုခေါ်တုံး"

"ကျွန်မနာမည် ခင်ခင်ထားပါ"

"တခြားနာမည် ရှိသေးလား"

"မရှိပါဘူး၊ ခင်ထားလို့တော့ ခေါ်ကြတယ်"

ခင်ထားက သူ့ကို ရဲစခန်းမှူး လာပြီးစစ်ဆေးတာကို အားလုံးပြောပြတယ်ဗျ။

"အခုသေသွားတဲ့ ကျော်ကျော်နဲ့ တူမနဲ့က ကျောင်းမှာ တစ်ခန်းတည်းလား"

"မဟုတ်ဘူးရှင့်၊ ကျွန်မက ဘီခန်း၊ ဒီကောင်က စီခန်း"

"တူမကို ကျော်ကျော်က စာပေးတယ်ဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ်"

"စာ ဘယ်နှခါ ပေးဖူးတုံး"

"တစ်ခါပဲ ပေးဖူးတာပါ"

"ဘယ်တုန်းက ပေးတာတုံး"

"လွန်ခဲ့တဲ့ နှစ်လလောက်ကပါ၊ အတိအကျတော့ မမှတ်မိဘူး"

"စာထဲမှာ ဘာတွေရေးထားတုံး"

"ကျွန်မ မသိဘူး၊ သူ့စာကို ကျွန်မ မယူဘူး၊ လွှင့်ပစ်ခဲ့တယ်"

"နောက်ထပ် ပါးစပ်နဲ့ လိုက်ပြောတာဆိုတာတွေ ရှိလား"

"တွေ့ရင်တော့ မကြားတကြား ပြောတာတွေတော့ ရှိတယ်"

"ဒီအိမ်ရှေ့ကို အမြဲတမ်းလာလား"

"ဟိုတလောက လာတာတော့သိတယ်၊ နောက်ထပ်လာလား မလာလားတော့ ကျွန်မ မသိဘူး"

"အဲဒီတစ်ခါ လာတုန်းက သူတစ်ယောက်တည်း လာတာလား၊ သူငယ်ချင်းတွေ ပါသေးလား"

"မပါဘူးရှင့်၊ သူတစ်ယောက်တည်း စက်ဘီးနဲ့ လာတာ၊

ပြီးတော့ သီချင်းလိုလို ဘာလိုလိုနဲ့ ကျွန်မနာမည်ကို အော်ဆိုသွား တာ ကြားလိုက်ရတယ်၊ ဒီရှေ့မှာ စက်ဘီးနဲ့ ခေါက်တုံ့ခေါက်ပြန် သွားပြီး အော်ဆိုနေတာ၊ နောက်တော့ စက်ဘီးမြောက်တက်သွား တယ် ပြောကြတာပဲ၊ ကျွန်မကိုယ်တိုင်တော့ မတွေ့လိုက်ဘူး"

"ဘယ်လို ဘယ်လို၊ စက်ဘီးမြောက်တက်သွားတယ် ဟုတ်လား တူမ"

"ဟုတ်တယ်ရှင့်၊ ဟိုဘက်အိမ်က လေးလေးလှဝင်းတို့ တွေ့လိုက်တယ် ပြောတာပဲ၊ စက်ဘီးရော လူရော၊ လူတစ်ရပ် လောက် မြောက်တက်သွားပြီး ပြန်ပြုတ်ကျတာ၊ စက်ဘီးနှစ်ဘီး လုံး တွန့်ခေါက်သွားတယ်လို့ ပြောကြတယ်၊ ကျွန်မတော့ ထွက် မကြည့်ဘူး"

"သြော်...ဟုတ်လား၊ ဒီအကြောင်းကို လှဝင်းတို့ဆီမှာ မေးရင် သိနိုင်တာပေါ့ ဟုတ်လား တူမ"

"သိနိုင်ပါတယ်ရှင့်"

"တူမကို ကျော်ကျော်က စာလိုက်ပေးတုန်းက ကျောင်း က ဆရာမကို တိုင်သေးလား"

"မတိုင်ပါဘူးရှင့်"

"ဟင်၊ ဘာဖြစ်လို့ မတိုင်တာတုံး"

"တိုင်ရမှာ ရှက်လို့ပါ၊ ပြီးတော့ အဲဒီလိုတိုင်ရင် ပြဿနာ ပိုကြီးလာမှာစိုးလို့ပါ"

"ကျော်ကျော်သေတဲ့ညက တူမ အိမ်ထဲမှာရှိလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"သူလာပြီး အော်ဟစ်နေတဲ့ အသံတွေ တူမ အိမ်ထဲက ကြားနေရလား"

"ဟုတ်ကဲ့၊ ကြားနေရပါတယ်"

"တူမစိတ်ထဲမှာ ဘယ်လိုနေတုံး"

"ကျွန်မ အရမ်းကို ရှက်တာပါပဲ ဦးရယ်၊ ဒီကောင်က ကျွန်မနာမည်ကို အကျယ်ကြီး အော်နေတာရှင့်"

"လမ်းထဲကလူတွေက ထွက်မပြောကြဘူးလား"

"ဟိုဘက်အိမ်က လေးလေးလှဝင်း ထွက်ပြောတာ ကြားရတယ်"

"ကိုလှဝင်း ပြောတာမှန်း တူမ ဘယ်လိုသိတုံး"

"လေးလေးလှဝင်းရဲ့ အသံကို ကျွန်မ မှတ်မိနေတာလေ"

"ကိုလှဝင်းက သူ့ကို ဒေါသတကြီး ပြောတာလား"

"ဟာ…မဟုတ်ပါဘူး၊ လေးလေးလှဝင်းက သူတို့ကို တောင်းတောင်းပန်ပန်ပြောပြီး ပြန်ခိုင်းတာပါ"

"နောက်တော့ ကိုလှဝင်းက ဘာပြောတုံး"

"ပြောလို့မရရင် ရဲသွားခေါ်မယ်လို့ ပြောတယ်ရှင့်"

"ကိုလှဝင်း ထွက်သွားပြီး ဘယ်လောက်ကြာမှ ရန်းရင်းဆန်ခတ်ဖြစ်တာတုံး"

"လေးလေးလှဝင်း ထွက်သွားပြီး ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်အကြာမှာ မချိမဆန့်အော်သံ ကြားရတာပါ"

"ဘယ်လိုအော်တာတုံး တူမရဲ့"

'အောင်မယ်လေးဗျ၊ အီး အီး အီး'

ဆိုတဲ့ အသံကြီး ကြားရတယ်။ ခဏနေတော့ သူနဲ့ ပါလာထဲ့ကောင်တွေက လာကြပါဦးဗျို့ဆိုပြီး အော်တဲ့အသံ ကြားရတယ်ရှင့်"

"အဲဒီလို ဖြစ်သွားတဲ့အချိန်မှာ ထူးထူးခြားခြား ဘာသံတွေ ကြားရသေးတုံး"

"တခြားတော့ မကြားရပါဘူး၊ သူတို့ အော်သံတွေ ကြားတော့ လမ်းထဲကလူတွေ အိမ်ထဲက ပြေးထွက်လာတဲ့အသံတွေပဲ ကြားရတယ်"

"ငါ့တူမကို တစ်ခုမေးချင်တယ်၊ ဒီသူငယ်ချင်းတွေ အချင်းချင်း ရန်ဖြစ်တာကော မဖြစ်နိုင်ဘူးလား"

"ရန်ဖြစ်တဲ့အသံတော့ ကျွန်မ မကြားပါဘူး၊ ကျော်ကျော်က ကျွန်မနာမည်ကို အော်ခေါ်ပြီး ပြောချင်ရာတွေ လျှောက်ပြောနေတာပဲ ကြားရတာပါ၊ ခဏကြာတော့ မချိမဆန့်အော်တဲ့ အသံကြီး ကြားလိုက်တာပါပဲရှင်"

"အခုသေသွားတဲ့ သူငယ်လေးက ဟောဒီက တူမလေး အပေါ်မှာ တော်တော်လေး စွဲစွဲလန်းလန်းရှိပုံရတယ်ကွဲ့၊ ငါ့တူမက ရော ဒီသူငယ်အပေါ်မှာ သံယောဇဉ်ဖြစ်တဲ့စိတ်ကလေးဘာလေး မပေါ်ဘူးလား"

"ကျွန်မမှာ အဲဒီလိုစိတ်မျိုး လုံးဝမရှိပါဘူးရှင်၊ သူ့အပေါ်

မှာမှ မဟုတ်ပါဘူး၊ ဘယ်သူ့အပေါ်မှာမှ မရှိဘူးရှင့်၊ ကျွန်မက ဒီနှစ် ဆယ်တန်းလေ၊ စာမေးပွဲအောင်ဖို့လောက်ပဲ ကျွန်မစိတ်ထဲမှာ ရှိနေတာပါ"

"ကောင်းပါတယ် တူမလေးရယ်၊ စာကြိုးစားပါ၊ ဆယ်တန်းဆိုတာ သိပ်အရေးကြီးတဲ့ အတန်းပေါ့ကွာ"

"ကဲ ကျွန်တော့်ကလေးမလေးတွေကို ဦး နည်းနည်းပါးပါး မေးချင်သေးတယ်"

"ရဲအုပ်ကြီးက အဲဒီလို ပြောပြီးတော့ ကျွန်တော့် ကျူပ်တို့ လေးယောက်ကိုရော အရီးမရီကိုရော နည်းနည်းပါးပါး မေးတယ် ကိုကြီးတာတေရဲ့၊ ဒါပေမဲ့ ကျူပ်တို့ကို မေးတာက ခင်ထားကို မေးတာလောက် မများပါဘူး၊ အရီးမရီက လူကြီးလည်း လူကြီးမို့ လား၊ အခုလို ရဲတွေဘာတွေ စစ်တာမေးတာ တစ်ခါမှ မခံရဖူး တော့ အတော်ကို ကြောက်နေတာတော့၊ ကျူပ်တို့ကို စစ်ဆေးပြီး တော့ ဟိုဘက်ဝိုင်းက လေးလေးလှဝင်းကို သွားပြီးစစ်ဆေးတယ်၊ လေးလေးလှဝင်း ပြီးတော့ တောင်ဘက်ဝိုင်းကိုလည်း သွားစစ် သေးတယ်တော့။

ရဲတွေ ပြန်သွားတော့မှ လေးလေးလှဝင်းက လာပြော တယ်။ ရဲတွေလည်း လူသတ်မှုနဲ့ အမှုဖွင့်ထားပေမယ့် သဲလွန်စက ဘယ်လိုမှကို မရဘူးဖြစ်နေတယ်တဲ့တော့၊ ကျော်ကျော်နဲ့ ပါလာတဲ့ နှစ်ယောက်ကိုတော့ ရဲစခန်းမှာ တစ်ညလုံး စစ်တာတဲ့၊ မနက် ရောက်တော့ ပြန်လွှတ်ပေးလိုက်ပါတယ်တဲ့၊ ဒါပေမဲ့ ခရီးသွားခွင့်

မပြဘူးလို့ ပြောတယ်၊ ပြီးတော့ ကျော်ကျော် သေတဲ့သတင်းက တစ်မြို့လုံးမှာ ပျံ့နေပြီလို့ လာပြောတယ်။

အဲဒီနေ့ ကျောင်းဆင်းချိန်ရောက်တော့ ကျောင်းက ကျုပ်တို့သူငယ်ချင်းမတွေ လိုက်လာပြီး သတင်းမေးကြတာပေါ့ တော်၊ ကျော်ကျော့်အသုဘကတော့ ရင်ခွဲရုံမှာ ခွဲစိတ်စစ်ဆေးပြီး နေ့ချင်း သင်္ဂြိုဟ်လိုက်ကြတယ်တော့"

"နေဦး မြနွယ်ရဲ့၊ အဲဒီကောင်လေး အသုဘကို နင်တို့ လိုက်ပို့လိုက်ကြသေးလား"

"ဟာ…ကိုကြီးတာတေကလည်း ကျုပ်တို့ မပို့ပါဘူး။ ကျုပ်တို့ လိုက်ပို့ရင် ခင်ထားကို လူတွေ ဝိုင်းကြည့်ကြမှာပေါ့တော်၊ ခက်တာက အဲဒီကိစ္စပြီးလို့ ကျုပ်တို့ ကျောင်းပြန်တက်တဲ့အချိန်မှာ ခင်ထားကို ကျောင်းမှာ ဟိုလူကြည့်၊ ဒီလူကြည့်တွေ များလာတာ ပေါ့တော်။

တချို့ကောင်တွေက ကျုပ်တို့ မကြားတကြား ပြောတယ် တော့"

"ဟေ…ဘာတွေပြောကြလို့တုံး"

"သေချင်ရင် စိန်မစားနဲ့၊ ခင်ထားအိမ် သွားတဲ့တော့"

"ဩော်…အဲဒီလိုတောင် ပြောကြသလား"

"နောက်ပြီးတော့ ပြောကြသေးတယ်တော့၊ ခင်ထားက ဥစ္စာစောင့်သိုက်ကလာတာတဲ့တော့၊ ခင်ထားနောက်မှာ ဥစ္စာစောင့် သိုက်က အစောင့်ဘီလူးက အမြဲလိုက်နေတာတဲ့၊ ဒါကြောင့်

ခင်ထားကို စာပေးတဲ့သူ၊ ရည်းစားစကား လိုက်ပြောတဲ့သူတွေ အကုန် အရိုက်ခံရ၊ အသတ်ခံရတာတဲ့တော့။ တစ်ခုတော့ ကောင်း တာပေါ့ ကိုကြီးတာတေရယ်၊ ခင်ထားကို ဘယ်အကောင်မှ စာလိုက်မပေးရဲတော့ဘူး၊ စာမပေးရဲရုံမကဘူး တော်ရေ၊ ရဲရဲ တောင် မကြည့်ရဲကြတော့ဘူးတော့၊ ခင်ထားလည်း အခုမှ အန္တရာယ်ကင်းကင်း နေရတော့တာ ကိုကြီးတာတေရေ"

ကလေးမလေးတွေကတော့ သူတို့ပြောစရာတွေကို ပြော ပြီးကြပြီပေါ့ဗျာ။ ကျုပ်လည်း ဘာလုပ်ရမှန်းတောင် မသိတော့ပါ ဘူးဗျာ။ ကလေးမလေးတွေ ငှဲ့ပေးထားတဲ့ ရေနွေးကြမ်းကို ဖူးကာနဲ့ မှုတ်ပြီး တစ်ချက်သောက်လိုက်တယ်။ ရေနွေးကြမ်း တစ်ပန်းကန် ကုန်တော့ နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး ကျုပ်က ဖွာ လိုက်တယ်ဗျ။ ပြီးတော့ တစ်ခုတွေးမိတာနဲ့ မေးလိုက်တယ်။

"နေဦးဟဲ့ မြနွယ်ရဲ့၊ နင်တို့ ဗျာလိပ်နတ်မေးတဲ့ဗျာက ဘယ်ဗျာတုံး"

မြနွယ်က ထိုင်နေရာကနေ ချက်ချင်းထသွားပြီး ဗျာလိပ် တစ်လိပ်ကို ကိုင်ပြတယ်။

"ဗျာလိပ်နတ်မေးတော့ ဘယ်နေရာမှာ မေးတာတုံး"

"ဟောဒီနေရာမှာ မေးတာတော့"

မြနွယ်ပြတဲ့နေရာက အိမ်ရှေ့ခန်းဗျ။ လေးလေးဘခင် ဝယ်ထားတဲ့ ဒီအိမ်ကြီးက ရှေးလက်ရာနဲ့ ဆောက်ထားတဲ့အိမ်ဗျ။ အိမ်က ခြေတံရှည်၊ လှေကားနဲ့ တက်ရတာ။ အိမ်ထဲကို ဝင်ဝင်ချင်း

မှာ ဖိနပ်ချွတ်နဲ့ ခြေဆေးခန်းက တစ်ပြေးတည်းဗျ။ ပြီးတော့မှ လှေကားထစ်သုံးထစ် ထပ်တက်ရတယ်။ ဒီတော့မှ အိမ်မကြီးထဲ ကိုရောက်တာ။ အိမ်မကြီးနဲ့ ဖိနပ်ချွတ်ကြားမှာ အကာရှိတယ်၊ ပြတင်းပေါက်တွေ တပ်ထားတယ်ဗျ။ တံခါးနှစ်ဆင့်ပေါ့ဗျာ။ အောက်ထပ်ကတက်တဲ့ လှေကားဝမှာ တစ်ခါးတစ်ဆင့်၊ အိမ်မ ပေါ်ကိုတက်တဲ့ လှေကားတိုလေးအဝမှာ တံခါးတစ်ဆင့်ဗျ။ ကောင်မလေးတွေ ဖျာလိပ်နတ် မေးတာက ခြေဆေးခန်းနဲ့တည့်တည့် အကာရဲ့ အတွင်းနေရာမှာဗျ။ ကျုပ်က အနေအထားကို ကြည့် လိုက်တော့ အိမ်ထဲမှာ ကလေးမလေးတွေ သနပ်ခါးလိမ်း၊ အဝတ် အစားလဲကြတဲ့အခန်း ရှိတယ်ဗျ။ အဲဒီအခန်းနဲ့ သူတို့ ဖျာလိပ်နတ် မေးတဲ့နေရာက တည့်တည့်ပဲဗျ။ ကျုပ် ဘာလုပ်ရမယ်ဆိုတာကို စဉ်းစားမိသွားတယ်။

ညနေစောင်းတော့ လေးလေးဘခင် ပြန်ရောက်လာတယ်။

"ကဲ…တာတေရေ၊ မင်းညီမတွေကို အကျိုးအကြောင်း တွေ မေးကြည့်ပြီးပြီလား"

"ကျုပ်မေးကြည့်ပြီးပြီ လေးလေးရေ၊ အခြေအနေက တော့ တော်တော်ကို ရှုပ်ထွေးနေတာဗျ၊ ကျုပ်လည်း အခုထိတော့ ဘာမှမပြောတတ်သေးဘူးဗျ"

"ဒီမှာ တာတေ၊ မင်းကို လေးလေးပြောရဦးမယ်၊ ဟိုဘက်က သုံးရပ်ကွက်ထဲမှာ လေးလေးမိတ်ဆွေတစ်ယောက် ရှိတယ်၊ ကိုလှုဝတဲ့ကွ၊ နေတာက (၃)ရပ်ကွက်၊ မြတ်လေးလမ်း

ထဲမှာ၊ သူ့ကို လေးလေးက ပြောပြတော့ သူ့အသိဆရာတစ်ယောက် ရှိတယ်ဆိုပဲ၊ ဆရာက အထက်လမ်းပဲကွ၊ လူကို သွေးစမ်းကြည့်ရုံနဲ့ အစွဲရှိမရှိ သိနိုင်သတဲ့။ ပယောဂလည်း တော်တော်လေးနိုင်တယ်တဲ့ကွ၊ နာမည်က ကိုတင်မောင်တဲ့၊ အဲဒါ လေးလေး အဲဒီဆရာကို ပင့်ပြီး ခင်ထားကို နည်းနည်းပါးပါး စစ်ခိုင်းမလားလို့ကွ"

"ကောင်းသားပဲ လေးလေးရဲ့၊ ကျုပ်ဆရာကြီးတွေလည်း ဘယ်နယ်တွေ ရောက်နေကြတုံး မသိဘူးဗျ၊ ကျုပ်ကလည်း သူတို့ကို မရှာတတ်ဘူး၊ သူတို့လာမှ တွေ့ရတာဆိုတော့ ရှိတဲ့ဆရာပဲ ပင့်ပြီး ပြကြည့်တာ ကောင်းပါတယ်၊ ကျုပ်ကလည်း ဆရာကြီးတွေနဲ့ လိုက်တာပဲရှိတာ၊ ဒီပညာတွေကို သင်ထားတာမဟုတ်ဘူးဗျ"

"အေး···မနက်ဖြန် စနေဆိုတော့ ကလေးတွေလည်း ကျောင်းပိတ်တယ်မို့လား၊ အတော်ပဲပေါ့ကွာ၊ အဲဒီဆရာကို ငါ မနက်ပိုင်း သွားပင့်လိုက်မယ်၊ မင်းက ဒီကပဲ စောင့်နေဟုတ်လား"

နောက်နေ့ရောက်တော့ လေးလေးဘခင်က ဆရာပင့်လာတယ်ဗျ။ သူ့မိတ်ဆွေ ကိုလှဝ ဆိုတာလည်း ပါလာတယ်။ ဆရာဦးတင်မောင်က ငယ်ပါသေးတယ်။ အသက်လေးဆယ်လောက်ပဲ ရှိဦးမယ် ထင်ပါတယ်။ ဆရာဦးတင်မောင်က အသားညိုညို၊ အရပ်က ပုပြတ်ပြတ်ဗျ။ နှုတ်ခမ်းမွေး ခပ်ပြားပြားကြီးလည်း

ရှိတယ်။ မျက်လုံးတွေက အရောင်သိပ်မတောက်ပေမဲ့ တော်တော်တော့ တည်ငြိမ်တဲ့ပုံဗျ။ အိမ်ပေါ်ရောက်တာနဲ့ ဘုရားစင်ရှေ့မှာ ခင်းထားတဲ့ နေကထိုင်ဖျာလေးမှာ ဝင်ထိုင်ပြီး ဘုရားကို ဦးတိုက်ပြီး ရှိခိုးတယ်ဗျ။ ပြီးတာနဲ့ ဘုရားမီး ပူဇော်တယ်၊ အမွှေးတိုင် ထွန်းတယ်၊ အထံက်ဆံရာကြီးတွေကို တိုင်တည်တယ်။

"ကဲ…ကိုဘခင် သမီးလေး ခေါ်လိုက်ဗျာ"

လို့ လေးလေးဘခင်ဘက်ကို လှည့်ပြောလိုက်တယ်။

"ခင်ထားရေ…သမီး ဒီကို လာဦးဟေ့"

လို့ လေးလေးဘခင်က လှမ်းခေါ်လိုက်တော့မှ အခန်းထဲက ခင်ထား ထွက်လာတယ်။ ခင်ထားနောက်ကနေ မြနွယ်တို့ လေးယောက်လည်း ပါလာတယ်ဗျ။

"လာ ကလေး၊ ဆရာ့ရှေ့ကို လာခဲ့"

ခင်ထားက ဆရာဦးတင့်မောင်ရှေ့မှာ ခင်းထားတဲ့ ဖျာလေးမှာ ဝင်ထိုင်လိုက်တယ်။ လေးလေးဘခင်နဲ့ ဦးလှဝက ဆရာ့ရဲ့ တောင်ဘက်မှာ ထိုင်လို့ဗျ။ ကျုပ်နဲ့ အရီးမရီက ဆရာ့မြောက်ဘက် မလှမ်းမကမ်းမှာ ထိုင်လိုက်တယ်။ ကောင်မလေးတွေကတော့ ကျုပ်တို့နောက် ခပ်လှမ်းလှမ်းမှာ ထိုင်နေကြတာဗျ။ ဆရာက ခင်ထားလက်ကိုကိုင်ပြီး သွေးစမ်းတယ်။ သွေးစမ်းတုန်းမှာ မျက်စိတွေကိုမှိတ်ပြီး အာရုံခံကြည့်နေတယ်ဗျ။ ခဏကြာတော့မှ ခင်ထားလက်ကို လွှတ်လိုက်ပြီး ခေါင်းခါပြတယ်။

"ကလေးမမှာ ဘာအစွဲမှ မရှိဘူးဗျ"

"အစွဲမဟုတ်ရင် ဘာများတုံး ဆရာရယ်"

လေးလေးဘခင်က စိုးရိမ်တကြီး မေးလိုက်တာဗျ။

"ဘာဆိုတာ နောက်တော့ သိလာမှာပါ ကိုဘခင်၊ အခု တော့ နောက်ထပ်မပတ်သက်အောင် ကျုပ် လုပ်ပေးခဲ့မယ်"

ဆရာဦးတင်မောင်က တင်ပလ္လင်ခွေ ပြင်ထိုင်ပြီး အမိန့် ပြန်တယ်ဗျ။

"ဟောဒီက ကလေးမလေး ခင်ခင်ထားကို ကပ်ငြိတွယ် တာနေသော သတ္တဝါသည် မည်သို့သော သတ္တဝါဖြစ်စေ၊ အခု ချက်ချင်း ငါဆရာရှေ့မှောက်သို့ အရောက်လာစေရမည်၊ ဘုရား အမိန့်၊ တရားအမိန့်၊ သံဃာအမိန့်၊ အထက်ဆရာကြီးများအမိန့်၊ သိကြား၊ နတ်၊ ဗြဟ္မာအပေါင်း စတုလောကပါလနတ်မင်းကြီးများ ပါ သိရှိစေရမည်"

"ဖုန်း၊ ဖုန်း၊ ဖုန်း"

ဟာ…ထောင်ထားတဲ့ ဖျာလိပ်တွေ လေမတိုက်ဘဲ တဖုန်းဖုန်းနဲ့ လဲကုန်တာဗျို့။ ဖျာလိပ်သုံးလိပ် လဲသွားတာ၊ ဟော ဘုရားပူဇော်ထားတဲ့ ဖယောင်းတိုင်တွေတောင် ငြိမ်းမလိုဖြစ်သွား တာဗျ။ ဆရာဦးတင်မောင်က ဘေးဘီကို တစ်ချက်လှည့်ကြည့်ပြီး အကဲခတ်လိုက်တယ်။

"ဘယ်လိုသော သတ္တဝါဖြစ်စေ၊ ငါဆရာ မေတ္တာရပ်ခံ ပါတယ်၊ ကလေးမလေးနဲ့ ဝေးဝေးနေပေးပါ၊ ဒီကလေးမနဲ့ ပတ် သက်ပြီးတော့လည်း လူတွေကို နှိပ်စက်ညှဉ်းပမ်းခြင်း၊ အသက်

သေသည်အထိ ပြုလုပ်ခြင်းများကို ရပ်တန်းက ရပ်စေလိုပါတယ်၊ မေတ္တာရပ်ခံလို့မှ မရရင်တော့ ဒီကလေးမနဲ့ သင်နဲ့ကို အပြီးတိုင် ခွဲပစ်ရပါလိမ့်မယ်"

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ အား"

ဆရာဦးတင်မောင် စကားလည်းဆုံးရော ဝင်ရိုက်တော့တာပဲဗျာ။ ဆရာဦးတင်မောင် ကျောကုန်းကြီး ကော့ထွက်သွားပြီး ရှေ့ကို တင်ပလ္လင်ခွေလျက်နဲ့ မှောက်ကျသွားတာဗျ။ ကျုပ်တို့လည်း ကြောင်ပြီးတော့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတော့တာပေါ့ဗျာ။ အဲဒီတုန်းမှာပဲ ဖျာလိပ်တစ်လိပ်က လဲနေရာကနေ သူ့အလိုလို ထထောင်သွားတာဗျို့။ ထောင်သွားတာနဲ့ တစ်ပြိုင်နက်ထဲမှာ လူတစ်ယောက် နတ်ပူးသလို တဆတ်ဆတ်တုန်နေရောဗျာ။ ဩော်…ကလေးမလေးတွေ ပြောတာ ဒါပဲကိုး။ ဖျာလိပ်ကိုပြတာဆိုတော့ ဖျာလိပ်နတ် မအောင်ဖြူ ထင်တယ်လို့ ကျုပ်တွေးနေတုန်း ဆရာဦးတင်မောင်က သူ့ဆေးလွယ်အိတ်ကို ကောက်လွယ်လိုက်တယ်ဗျ။

"ကိုဘခင် တခြားဆရာ ရှာတော့ဗျာ၊ ဒီကိစ္စ မပေါ့ဘူးဗျ၊ ကျုပ်တော့ မနိုင်လောက်ဘူး ကိုဘခင်"

လို့ ပြောပြီး အိမ်ပေါ်က ဆင်းပြေးတော့တာပါပဲဗျာ။

"ဆရာတင် နေဦးလေ၊ ကျုပ်လည်း လိုက်မှာပေါ့"

လို့ ကိုလူဝက ပြောပြီး သူပါ ဆရာ့နောက်ကို လိုက်သွားရောဗျို့။ ဆရာ ပြန်သွားတော့မှ စောစောက တဆတ်ဆတ်တုန်နေ

တဲ့ ဖျာလိပ်ကြီးက အတုန်ရပ်သွားရောဗျ။

"ကဲ တာတေရေ၊ ဘယ်လိုလုပ်ကြမတုံးကွာ၊ လေးလေးတော့ တော်တော်ကို စိတ်ညစ်သွားပြီကွာ"

"ဟာ…လေးလေးကလည်း ဘာမှမပူပါနဲ့ဗျာ၊ သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပါ၊ ကျုပ် စဉ်းစားကြည့်ပါဦးမယ်"

ပြောသာ ပြောတာဗျ။ ကျုပ်လည်း ဘာလုပ်ရမှန်းကို မသိတာ။ ကျုပ်ဗျာ၊ ကျုပ်ဆရာကြီးတွေကို သတိရလိုက်တာ။ အထူးသဖြင့် ဘိုးလူပေကို သတိရတာဗျ။

ကလေးမလေးတွေလည်း တော်တော်ကို လန့်သွားကြတာဗျ။ သူတို့မျက်စိအောက်မှာတင် ဆရာဦးတင်မောင်ကို ရိုက်လိုက်တာလေဗျာ။ အကောင်အထည်လည်း မြင်ရတာမဟုတ်ဘဲနဲ့ သုံးချက်ဆင့်ရိုက်လိုက်တာဗျ။

ခဏနေတော့ လေးလေးဘခင်ဆီကို သူ့မိတ်ဆွေ ကိုလူဝဆိုတာ ပြန်ရောက်လာတယ်ဗျ။ ဆရာဦးတင်မောင်ရဲ့ ကျောကုန်းမှာ လက်ဝါးရာကြီး အကြီးကြီး ထင်နေတယ်လို့ လာပြောတာဗျ။ အစစအရာရာ သတိထားဖို့၊ တော်ရုံဆရာတော့ နိုင်မှာမဟုတ်တဲ့အကြောင်း လာသတိပေးတာဗျာ။

"နေပါဦးဗျ ကိုလူဝရဲ့၊ ဆရာကိုတင်မောင်က ဒါဘာလို့ပြောတုံး"

"သူလည်း ဘာမှန်းဆိုတာတောင် မသိလိုက်ဘူးတဲ့ဗျ၊ ရိပ်ကနဲ ပြေးဝင်လာပြီး သူ့ကို တန်းဆော်တာတဲ့ဗျို့"

"ဆရာကိုတင်မောင် နောက်တစ်ကြိမ် ထပ်လုပ်ရင် နိုင်လောက်တယ်ဗျ ကိုလူဝရဲ့"

"နောက်တစ်ကြိမ် နေနေသာသာ အခုတစ်ကြိမ် ရိုက်လှတ်လိုက်တဲ့ ဒဏ်ရာတောင် ပျောက်အောင် မနည်းလုပ်ရဦးမယ် လို့ပြောတယ် ကိုဘခင်ရဲ့"

လေးလေးဘခင်ရဲ့မိတ်ဆွေ ကိုလူဝ ဆိုတဲ့လူလည်း သိပ်ကြာကြာမနေပဲဘူးဗျ။ ပြောစရာရှိတာပြောပြီး ထသွက်တော့တာဗျို့။ ပြန်ကာနီး လေးလေးဘခင်ကို ဦးလူဝက ပြောသွားသေးတယ်ဗျ။

"ကိုဘခင်ရေ၊ အကြောင်းရှိရင် ကျုပ်အိမ်ကို လာခဲ့ဗျာတဲ့။ သူတော့ ဒီအိမ်ကို မလာရဲတော့ဘူးဆိုတဲ့ သဘောပေါ့ဗျာ။

လေးလေးဘခင်ကြီးလည်း စိတ်ပျက်လက်ပျက်ဖြစ်ပြီး ငိုင်သွားတာဗျို့။ ဒီတော့ ကျုပ်က ပြောရတယ်။

"လေးလေး စိတ်ဓာတ်မကျပါနဲ့ဗျာ၊ မနက်ဖြန်ကျရင် သူတို့ကို ဖျာလိပ်နတ် ပင့်နိုင်းပြီး လှေ့လာကြည့်ပါဦးမယ်၊ အဲဒီအချိန်ကျရင် လေးလေး တခြားမှာ သွားနေဗျာ၊ မအောင်ဖြူနတ်က ယောကျ်ားရှိရင် မဝင်ဘူးပြောတယ်"

"နို့...မင်းကရော တာတေ"

"ကျုပ်က ဟိုဘက်ခန်းထဲဝင်ပြီး ပုန်းနေရမှာဗျာ"

"အေးကွာ၊ လေ့လာကြည့်ပေးပါဦး တာတေရာ၊ ဒီနေ့ကြုံရတဲ့ အဖြစ်အပျက်ကတော့ တော်တော်ကို ကြောက်စရာ

ကောင်းတာပဲကွာ၊ လေးလေးက စဉ်းစားနေတာကွ၊ ခင်ထားကို ကျောင်းမထားဘဲ ရွာပြန်ခေါ်သွားမလားလို့"

"ဟာဗျာ၊ လေးလေးကလည်း ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်မှာတုံး လေးလေးရာ"

ကျုပ်က လေးလေးဘခင်ကို တော်တော်ဖျောင်းဖျယူရတာဗျို့။

နောက်နေ့ရောက်တော့ ကျုပ်က ခင်ထားတို့အုပ်စုကို ဖျာလိပ်နတ်ပင့်ပြီး မေးခိုင်းတယ်။ အရီးမရီကိုတော့ မလှမ်းမကမ်းကပဲ စောင့်ကြည့်နေဖို့ ပြောထားတယ်ဗျ။ ကျုပ်ကတော့ မျက်ကွင်းဆေးကွင်းပြီး ကလေးမတွေ သနပ်ခါးလိမ်းတဲ့ အခန်းထဲမှာ ဝင်ပုန်းနေလိုက်တယ်။ ကျုပ်တို့ အညာအိမ်တွေက အခန်းကိုလည်း ဝါးထရံကြီးတွေ ကာတာပဲလေဗျာ။ ထရံပေါက်ကနေ ကျုပ် ချောင်းကြည့်လို့ရတာပေါ့ဗျ။

မြနွယ်က အသွက်မလေးဗျာ။ သူကပဲ ဦးဆောင်တာဗျ။ ဖျာလိပ်ကို ဂုန်နီကြိုးတစ်ချောင်းနဲ့ ခါးလယ်က စီးလိုက်တယ်။ ပြီးတော့မှ ထဘီဝတ်ပေးတယ်။ ထဘီကိုလည်း ဂုန်နီကြိုး တစ်ချောင်းနဲ့ နိုင်အောင် စည်းသေးတာဗျ။ အပေါ်ပိုင်းမှာ ရင်ဖုံး အင်္ကျီတစ်ထည် ဝတ်ပေးတယ်ဗျ။ အင်္ကျီလျှောမကျအောင် တွယ် ချိတ်ကြီးတစ်ချောင်းနဲ့ ဖျာလိပ်မှာ ချိတ်ထားလိုက်တယ်။ ပြီးတော့ ဖျာလိပ်ရဲ့ အပေါ်မှာ ဆံတုအရှည်ကြီးတစ်ချောင်းကို တပ်ပေး လိုက်တယ်ဗျ။ ဂုန်နီကြိုးတစ်ချောင်းနဲ့ပဲ ချည်တာပေါ့ဗျာ။ ပြီးတော့

မှ အဆင်သင့် ရှာထားတဲ့ ခေါင်ရမ်းပန်းအနီကြီးတစ်ပွင့်ကို ဆံထုံးမှာ ပန်ပေးလိုက်တယ်။ နောက်ဆုံးကျတော့မှ မီးမပုံ၊ မျက်နှာဖုံးကို ဖျာလိပ်မှာ တပ်ပေးလိုက်တယ်ဗျ။ ဒီတော့မှ ကျုပ် သေသေချာချာ ကြည့်မိတာဗျို့။ သူတို့ဖျာလိပ်ကြီးက ကြောက်စရာကိုကောင်းနေတာပါဗျာ။ ဖျာလိပ်က လူပုံစံကြီး ဖြစ်နေတာဗျ။

ဖျာလိပ်ရှေ့မှာ ကျောက်ပျဉ်နဲ့ သနပ်ခါးတုံး၊ မှန်နဲ့ ဘီးဗျ။ မြနွယ်က တို့ပတ်စနဲ့ ပေါင်ဒါတွေတို့ပြီး မျက်နှာကို ပေါင်ဒါတွေရိုက်ပေးတယ်။ ပြီးတော့မှ လက်ဖက်ပွဲနဲ့မြှောက်ပြီး မအောင်ဖြူကိုပင့်တော့တာဗျို့။

"ရှင်မအောင်ဖြူ၊ မအောင်ဖြူရှင်
ညီမတော်တို့နဲ့ ပျော်ပျော်ပါးပါး
ကစားရအောင်၊ အမြန်ဆုံးကြွခဲ့ပါ။
လက်ဖက်တစ်ရိုး၊ ကွမ်းတစ်ရိုးနဲ့
ရိုးရာမပျက်၊ ပူဇော်မြဲပူဇော်
ပသမြဲ ပသပါတယ်၊ ကြွပါ ကြွပါ
ရှင်မအောင်ဖြူ ကြွပါ ကြွပါ"

ကျုပ်က ထရံပေါက်ကနေ ချောင်းကြည့်နေတာဗျို့။

မကြွဘူးဗျ။ ဖျာလိပ်နတ် မအောင်ဖြူ မကြွဘူး။ မြနွယ်က ခင်ထားကို လှည့်ကြည့်တယ်။ ခင်ထားကလည်း ညီမြကိုကြည့်တယ်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြတာပေါ့ဗျာ။

"ဟဲ့ ခင်ထား၊ နင့်မအောင်ဖြူက ငါတို့ကို စိတ်ဆိုးသွားပြီ ထင်တယ်ဟဲ့"

မြနွယ်က ပြောလိုက်တာဗျ။

"ငါတို့က မအောင်ဖြူကို ဘာလုပ်လို့ စိတ်ဆိုးရမှာတုံး"

"ဟဲ့ ခင်ထား၊ မနေ့က လေးလေးဘခင် ခေါ်လာတဲ့ ဆရာက သူ့ကို အဓိဋ္ဌာန်တွေဘာတွေဖြန့်ပြီး လှမ်းခေါ်လို့ စိတ်ဆိုးပြီး ဆရာကို ရိုက်လွှတ်လိုက်တာလေဟယ်၊ စိတ်မဆိုးရင် ရိုက်ပါ့မလား"

"ဟာ မြနွယ်ကလည်း အဲဒါ ငါတို့လုပ်တာမဟုတ်ဘူးလေဟယ်၊ ငါ့အဘ လုပ်တာပဲ၊ ငါတို့နဲ့ ဘာဆိုင်လို့တုံးဟဲ့၊ အဲဒီ ဆရာကို ငါတို့ ခေါ်လာတာမှ မဟုတ်တာ"

"ငါ့စိတ်ထင်တော့ မအောင်ဖြူ ရှောင်နေတယ်ထင်တယ်"

ညိုမြက လေးလေးကြီး ပြောတာဗျ။

"ဘာ...မအောင်ဖြူက ငါတို့ကို ဘာဖြစ်လို့ ရှောင်ရမှာတုံး ညိုမြ"

"ဟဲ့...ဒီရွာမှာ ခင်ထားနဲ့ ပတ်သက်တဲ့ လူသတ်မှု ဖြစ်သွားတာလေ၊ မအောင်ဖြူ သတ်လိုက်တာမဟုတ်လို့ ဘယ်သူ သတ်တာဖြစ်မှာတုံး၊ ပြီးတော့ တို့ကို ရဲတွေ လာပြီး စစ်လားဆေး လားလုပ်တာ သူ့သိမှာပေါ့ဟယ်၊ ဒါကြောင့် ခဏရှောင်နေတာ ဖြစ်မှာပေါ့"

"ညိုမြ နင်ပြောတဲ့သဘောက တို့နဲ့ပေါင်းရင် အဖမ်းခံရ

မှာစိုးလို့ မအောင်ဖြူက ရှောင်နေတာလို့ ပြောတာလား"

မြနွယ်က ညိုမြကို မေးလိုက်တော့ ညိုမြက…

"အေး ဟုတ်တယ် မြနွယ်"

"ညိုမြရယ်၊ မဟုတ်တာတော့ နင်က တော်တော်ကို တွေးတာ၊ ဟဲ့ ညိုမြ၊ ငါပြောမယ်၊ မအောင်ဖြူက နတ်ဟဲ့ နတ်၊ ဖျာလိပ်နတ်၊ နတ်က ရဲကို ကြောက်မလားအေ့၊ ညည်းဖို့လို့ ကြံကြံဖန်ဖန် တွေးတယ်တော်"

"ဟဲ့ပါဟယ်၊ တစ်ခါထပ်ပင့်ကြည့်စမ်းပါဦး၊ မအောင်ဖြူ ခရီးတွေဘာတွေ လွန်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့"

ခင်ထားက ဝင်ပြောတာဗျ။

"အေးဟဲ့၊ ငါကြားဖူးတယ်၊ နတ်သဘင် အစည်းအဝေး ဆိုတာ ရှိတယ်တဲ့၊ မအောင်ဖြူ နတ်သဘင် အစည်းအဝေးတွေ ဘာတွေ တက်နေသလားမှ မသိတာ"

မြနွယ်က ပြောရင်းနဲ့ နောက်တစ်ခေါက် ထပ်ပင့်ဖို့လုပ် တယ်။

"ကဲ…နင်တို့ ဖျာလိပ်ကို ပြန်မ,ထား၊ ငါထပ်ပင့်ကြည့် မယ်"

"ရှင်မအောင်ဖြူ၊ မအောင်ဖြူရှင့်
မအောင်ဖြူချစ်တဲ့ တနလ်ာသမီးလေး
ခင်ခင်ထားက ပင့်ဖိတ်ပါတယ်၊
ခင်ထားတို့နဲ့ ပျော်ပျော်ပါးပါး

ကစားရအောင် ကွခဲ့ပါရှင် မအောင်ဖြူ"

ဟော ကွပြီဗျို့။ ကွပြီ။ ကျုပ် ချောင်းကြည့်နေတဲ့ ထရံပေါက်ကနေ အတိုင်းသား မြင်နေရတာဗျ။

ဖျာလိပ်ကြီးက လူကို နှတ်ဝင်ပူသလို တဆတ်ဆတ် တုန်နေတာဗျ။ ကလေးမတွေပြောတာ ဟုတ်သားဗျ။ ဖျာလိပ်ကိုင်ထားတဲ့ ကောင်မလေးတွေက ဖျာလိပ်ကို အောက်ချလိုက်တယ်။

"ဟဲ့…ဘာလို့ ချလိုက်တာတုံး ခင်ထားရဲ့"

"အလေးကြီးဖြစ်လာလို့ မြနွယ်ရဲ့၊ ငါတို့ မ,မနိုင်တော့ဘူး"

ကျုပ် ကြားဖူးတာက ဖျာလိပ်နှတ်မေးတဲ့အခါ ကိုင်ထားတဲ့လက်ကို မလွှတ်ရဘူးတဲ့ဗျ။ လွှတ်လိုက်ရင် ဖျာလိပ်နှတ်က ပြန်ထွက်သွားရောတဲ့။ ခုတော့ ဒီကောင်မလေးတွေ ဖျာလိပ်ကို ကြမ်းပြင်ပေါ် ချထားတာ ဖျာလိပ်နှတ်က မထွက်ဘူးဗျ။ ဖျာလိပ်ကြီးက တဆတ်ဆတ် တုန်နေတုန်းပဲ။ မြနွယ်က လက်ဖက်ပန်းကန်ကို မပြီး ဖျာလိပ်နှတ်ရဲ့ မျက်နှာနားမှာ မြှောက်လိုက်တယ်။ ပြီးတော့ ဘီးကိုယူပြီး ဆံပင်ကို ဖြီးပေးတယ်။

"ရှင်မအောင်ဖြူ၊ ညီမတော်တို့ကို စိတ်မခုပါနဲ့ရှင့်၊ မနေ့ကလာတဲ့ ဆရာကို ညီမတော်တို့ ပင့်လာတာ မဟုတ်ပါဘူး၊ ဘကြွေးဘခင်ပင့်လာတာပါ၊ ညီမတော်တို့အပေါ်မှာ ခါတိုင်းလိုပဲ ခင်ပါမင်ပါ၊ ခါတိုင်းလိုပဲ စောင့်ရှောက်ပါတော်၊ ကဲ မအောင်ဖြူ ညီမတော်တို့ကို စိတ်မခုဘူးဆိုရင် ဟောဒီဘီးကိုယူပြီး ရှင်မကိုယ်

တိုင် စိတ်တိုင်းကျ ဆံကေသာကို ဖြီးသင်တော်မူပါ ရှင်မအောင်ဖြူ''

ဟာ…မြနွယ်စကားလည်းဆုံးရော မြနွယ်ရဲ့လက်ထဲက ဘီးကို ဆတ်ကနဲဆွဲယူပြီး ဆံတုကြီးကို ဖြီးတော့တာပဲဗျာ။ ကျုပ် တစ်သက် တစ်ခါမှ မမြင်ဘူးတဲ့ မြင်ကွင်းပဲဗျာ။

''ရှင်မအောင်ဖြူ ဟောဒီက ခင်ထားလေးကို အရင်လိုပဲ ချစ်သေးတယ်ဆိုရင် ခင်ထားရဲ့ ခေါင်းလေးကို နှစ်ချက်ပုတ်ပြပါ ရှင်မရယ်''

''ဟော…ဟုတ်ပါ့ဗျာ၊ ကလေးမတွေပြောတဲ့အတိုင်းပဲ ဗျာ၊ ဖျာလိပ်က ခါးလယ်ကနေ တစ်ဆစ်ချိုးပြီး ခင်ထားရဲ့ ခေါင်းကို နှစ်ချက်ပုတ်ပြတယ်ဗျို့။ ကျုပ်လည်း ချက်ချင်းပဲ ဒိဗ္ဗစက္ခုဂါထာကိုရွတ်ပြီး မျက်ကွင်းဆေးကို အစွမ်းရှိအောင် လုပ် လိုက်တယ်ဗျ။

ဂါထာခုနစ်ခုပ် ရွတ်ပြီးတော့မှ ကျုပ်က ထရံပေါက်နေ ပြန်ပြီးချောင်းကြည့်လိုက်တာဗျ။ ဟာ…ထူးဆန်းလှချည်လားဗျာ။ ကျုပ်မျက်စိထဲမှာ ဖျာလိပ်မရှိတော့ဘူးဗျ။ ဖျာလိပ်နေရာမှာ ခင်ထားဗျ။ ခင်ထားနှစ်ယောက် ဖြစ်နေတာပေါ့ဗျာ။ ထိုင်နေတာ က ခင်ထားတစ်ယောက်။ ကလေးမတွေရဲ့ အလယ်မှာ ရပ်နေတာ က ခင်ထားတစ်ယောက်ဗျ။ ဒါပေမဲ့ ရပ်နေတဲ့ ခင်ထားက ဝတ်ထားတာက ဖျာလိပ်မှာ ဝတ်ပေးထားတဲ့ ထဘီနဲ့ အင်္ကျီဗျ။ ခေါင်းမှာတော့ ခင်ထားလိုပဲ ဆံပင်အရှည်ကြီး ဖားလျားချလို့ဗျ။

ကျုပ်ဖြင့် ဘယ်လိုမှကို နားမလည်တော့တာဗျို့။ လူတစ်ယောက်ကနေ နှစ်ယောက်ဖြစ်နေတာ ကျုပ် ဒီတစ်ခါပဲ မြင်ဖူးတာဗျို့။ ဒါပေမဲ့ ဖျာလိပ်နတ် မေးနေတဲ့ ကလေးမလေးတွေကတော့ သူတို့မျက်စိထဲမှာ ဖျာလိပ်ကြီးပဲ မြင်ကြမှာပေါ့ဗျာ။ ကျုပ်ကတော့ ဒိဗ္ဗစက္ခုရဂါထာနဲ့ မျက်ကွင်းဆေးရဲ့ အစွမ်းကြောင့် မြင်နေရတာကိုးဗျ။

"ရှင်မ၊ အိမ်ရှေ့မှာလာပြီး သောင်းကျန်းတဲ့အကောင်ကို ရှင်မလုပ်လိုက်တာဆိုရင် ခင်ထားခေါင်းကို သုံးချက်ပုတ်ပြပါရှင်မ"

ဟော…ကလေးမတွေရဲ့ အလယ်မှာ ရပ်နေတဲ့ ခင်ထားက ထိုင်နေတဲ့ ခင်ထားရဲ့ခေါင်းကို လက်ဝါးနဲ့ သုံးချက်ပုတ်ပြတယ်ဗျ။ ဒါပေမဲ့ ကလေးမတွေကတော့ ဖျာလိပ်ကြီးက ပုတ်တယ်လို့ပဲ မြင်တာပေါ့ဗျာ။

မြနွယ်က တော်တော်သွက်တဲ့ ကောင်မလေးဗျ။ တစ်ခုပြီး တစ်ခုကို ဆက်မေးနေတာ။ သူတို့ မေးသမျှကို ဆံပင်ဖားလျားကြီးနဲ့ မတ်တတ်ရပ်နေတဲ့ ခင်ထားကလည်း ခေါင်းလေးတွေကို ပုတ်ပုတ်ပြီး ဖြေနေတာပဲဗျို့။ တစ်နာရီလောက် မေးပြီးတော့မှ မြနွယ် အလည်မကာ မအောင်ဖြူကို ပြန်ပို့တယ်ဗျ။ ဒီတော့ ကျုပ်မျက်စိထဲမှာ ဖျာလိပ်ကြီးပဲ ပြန်မြင်ရတော့တယ်ဗျ။ ကောင်မလေးတွေက ဖျာလိပ်မှာ ဝတ်ဆင်ထားတဲ့ ထဘီတွေ၊ အင်္ကျီတွေကို ကပျာကယာ ချွတ်ပစ်လိုက်ကြတယ်ဗျ။ ဖျာလိပ်ကို

လည်း ကြမ်းပြင်မှာ ဖြန့်ခင်းလိုက်ပြီးမှ ပြန်လိပ်လိုက်တယ်။ ဒီတော့မှ ကျုပ်လည်း ပုန်းနေတဲ့အခန်းထဲက ထွက်လာခဲ့တာပေါ့ဗျာ။

"ကဲ ကိုကြီးတာတေ မြင်ပြီမို့လား၊ ဖျာလိပ်နတ် တကယ်ဝင်တာကို ယုံပြီမို့လား"

"အေးဟ၊ နင်တို့ဖျာလိပ်နတ်က တကယ်ဝင်တာဟ"

လို့ပဲ ကျုပ်က ပြောရတော့တာပေါ့ဗျာ။ ကျုပ်မြင်တဲ့အတိုင်းကတော့ သူတို့ကိုပြောလို့ ဘယ်ဖြစ်လိမ့်မတုံးဗျာ။ ညနေရောက်တော့ လေးလေးဘခင် ပြန်လာတယ်ဗျ။

"တာတေ ဘာထူးတုံးကွ"

လေးလေးဘခင်က လေသံလေးနဲ့ ကျုပ်ကို မေးတာဗျ။ ကျုပ်ကလည်း လေသံလေးနဲ့ပဲ ပြောပြတာ။

"ထူးတယ် လေးလေး"

"ဟေ…ဘယ်လိုထူးတာတုံးကွ"

"သူတို့ဆီကို လာတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ကျုပ်အံ့သြနေတာက ကြွလာတာက ဖျာလိပ်နတ်၊ ပုံစံက ခင်ထားနဲ့ချွတ်စွပ်ကို တူနေတာဗျ"

"ဟေ…ဘယ်လို ဘယ်လိုကွ တာတေရ"

"ဒီလို လေးလေးရဲ့၊ သူတို့တွေ ခါတိုင်းလိုပဲ ဖျာလိပ်နတ် ပင့်ကြတယ်၊ အဲဒီမှာ ဖျာလိပ်နတ်က တကယ်ကြွလာတာဗျ၊ ဒါပေမဲ့ ကျုပ်မျက်ကွင်းဆေးကွင်းပြီး ကြည့်တော့ ဖျာလိပ်နတ်က

ခင်ထားနဲ့ ရုပ်ရော ကိုယ်လုံးကိုယ်ပေါက်ရော ချွတ်စွပ်ကို တူတာ ဗျ"

"ဟော...ဒါ ဘယ်လိုဖြစ်တာတုံး တာတေရဲ့"

"အဲဒါတော့ ကျုပ်လည်း မသိဘူးဗျ၊ အဲ...တစ်ခု သိလိုက်ရတယ်၊ မြနှယ်က ဖျာလိပ်နတ်ကို မေးသဗျ၊ အိမ်ရှေ့မှာ လာပြီး သောင်းကျန်းတဲ့ကောင်ကို မအောင်ဖြူ လုပ်လိုက်တာလား ဆိုတော့ ဖျာလိပ်က သူတို့ခေါင်းကို ပုတ်ပြတယ်"

"ဟော..ဒါဆိုရင် သူလုပ်တာပေါ့ ဟုတ်လား တာတေ"

"ဟုတ်တယ် လေးလေး၊ ကောင်လေး သေသွားတာ သူလုပ်လိုက်တာတဲ့ဗျ"

"ဟ...ဒါဆိုရင် ဒီအကြောင်း ရဲကို အကြောင်းကြားရမှာပေါ့ကွာ"

"ဟာဗျာ၊ လေးလေးကလည်း ရဲက အဲဒီလို သွားပြောတော့ ယုံမလားဗျ၊ နတ်ဆိုတာ မြင်ရတာမျိုးမှ မဟုတ်တာ၊ ဘယ်လိုသက်သေပြမှာတုံး"

"အေးကွ၊ ဒါလည်း ဟုတ်တာပဲ၊ လေးလေး စိုးရိမ်တာက ဒီအမှုကြီး ကလေးမတွေဆီ ပတ်သက်လာမှာစိုးလို့ပါကွာ၊ မိန်းကလေးတွေမို့လား၊ ရဲက ခဏခဏ လာပြီးစစ်လားဆေးလား လုပ်ရင်လည်း ဘယ်ကောင်းမတုံးကွာ"

"ဟုတ်တော့ ဟုတ်တာပေါ့ လေးလေးရာ၊ ဒီကိစ္စကြီးတော့ ပြောလို့ ဘယ်ဖြစ်မှာတုံးဗျာ၊ အဲဒီကောင်လေးကို ဖျာလိပ်

နတ် မအောင်ဖြူ သတ်တာပါလို့တော့ ဘယ့်နှယ်လုပ်ပြောမတုံး လေးလေးရဲ့"

"အင်း၊ မင်းပြောတာ ဟုတ်ပါတယ် တာတေ၊ ငါ့တူကြီး နည်းလမ်းရှာပါဦးကွာ"

"စိတ်ချပါ လေးလေး၊ ဒီကိစ္စကို ကျုပ်လည်း တော်တော် ကို စိတ်ဝင်စားသွားပါပြီ၊ တိတိကျကျ သိရအောင် ကျုပ် လုပ်မှာ ပါဗျာ"

လေးလေးကို ပြောလိုက်ပြီးတော့ ကျုပ်စဉ်းစားတယ်ဗျ။ ကောင်မလေးတွေက ဖျာလိပ်နတ်မအောင်ဖြူကို ပင့်တယ်၊ တကယ်လည်း ကြွတယ်။ ဒါပေမဲ့ ဖျာလိပ်နတ်က ဘာဖြစ်လို့ ခင်ထားနဲ့ တစ်ပုံစံတည်း ဖြစ်နေတာတုံးဗျ။ ပြီးတော့ ဒီကောင်မလေး ငါးယောက်ထဲမှာ ခင်ထားကို ဖျာလိပ်နတ်က အချစ်ဆုံးတဲ့ဗျ။ အခုဖြစ်ခဲ့သမျှအကြောင်းတွေကို ပြန်တွေးကြည့်ရင်လည်း ခင်ထား ကို စောင့်ရှောက်ကာကွယ်တာချည်းပဲဗျ။ ကောင်မလေးတွေ ကျုပ် ကို ပြောတဲ့အထဲမှာ သူတို့သူငယ်ချင်းတစ်ယောက်က ခင်ထားနဲ့ တူတဲ့ ကျောင်းသူကို တွေ့လိုက်တယ်ဆိုတာတို့၊ ဆရာမက ကိုးတန်းဆောင်မှာ ခင်ထားကို တွေ့လိုက်တယ်ဆိုတာတွေက တော်တော်ကို စဉ်းစားစရာဖြစ်နေပြီဗျ။ ကျုပ်မျက်ကွင်းဆေးကွင်း ပြီး ကြည့်လို့ မြင်ရတာလည်း ခင်ထားနဲ့ တစ်ပုံစံတည်းဆိုတော့ တော်တော်ကို ထူးခြားတဲ့ အဖြစ်ပဲဗျ။

ညရောက်တော့ ကလေးတွေက အခန်းထဲ ဝင်အိပ်ကြ

တယ်။ ကျုပ်နဲ့ လေးလေးဘခင်က အိမ်ရှေ့ခန်းမှာ အိပ်ကြတယ်ဗျ။ သန်းခေါင်ကျော်လောက်ကျတော့ လမ်းထဲမှာ ခွေးတွေ အူလိုက်တာမှဗျာ အိပ်လို့ကို မရတော့ဘူးဗျ။ ပထမတော့ လမ်းထိပ်ဘက်မှာ အူသံကြားတာဗျ။ တဖြည်းဖြည်းနဲ့ ခွေးအူသံတွေက ကျုပ်တို့ဘက်ကို ရွေ့လာတယ်။ ခွေးက အူတာမှ ဆွဲဆွဲငင်ငင်ကို အူတာဗျ။ ကျုပ်လည်း အိပ်လို့မရတဲ့အတူတူ ထပြီး ကောင်မလေးတွေ သနပ်ခါးလိမ်းတဲ့အခန်းထဲက ကျောက်ပျဉ်မှာသွေးပြီး ဖျက်ကွင်းဆေး ကွင်းလိုက်တယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ အီ အီ"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ အီ အီ"

ခွေးအူသံတွေက တဖြည်းဖြည်း ကျုပ်တို့ဘက်နဲ့ နီးလာပြီဗျ။

"တာတေ၊ မင်း ထကြည့်မလို့လား"

လေးလေးဘခင်က စီးရိုးဝပ် မီးရောင်အောက်မှာ ကျုပ်ကို တွေ့လို့ မေးတာဗျ။

"ဟုတ်တယ် လေးလေး၊ ကျုပ် ကြည့်လိုက်ဦးမယ်"

"ဝူး၊ ဝူး၊ ဝူး၊ အီ အီ အီ"

ကျုပ်စိတ်ထင် ခွေးအကောင်နှစ်ဆယ်လောက်များ အူနေသလားလို့တောင် ထင်မိတာဗျ။ ခွေးကြီးတွေ ဆွဲဆွဲငင်ငင် အူနေတဲ့ အသံကြီးကိုက ကြောက်စရာကြီးပါဗျာ။ ကျုပ်တောင် ကျောထဲက စိမ့်သွားတယ်ဗျ။

"အဘ အဘ"

"ဟော…ဘာတုံး သမီး၊ အိပ် အိပ်၊ အိပ်ကြ၊ အဘရော နင့်ကိုကြီးတာတေရော ရှိတယ် အိပ်ကြ၊ အိပ်ကြ၊ ဘာမှမကြောက်နဲ့"

ခင်ထားက ကြောက်ပြီး သူ့အဖေကို အနေးထဲက လှမ်းခေါ်တာဗျ။

ကျုပ်က အိမ်ရှေ့တံခါးကို ဖွင့်ထွက်ပြီး ညောင်ခန်းတန်းလျားပေါ်ကထိုင်ပြီး ကြည့်နေတယ်ဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ အီ အီ အီ"

ဟော ခွေးအုပ်ကြီးက ကျုပ်တို့ဝိုင်းရှေ့ကို ရောက်လာပြီဗျို့။ ခွေးတွေက ရှေ့ကို ပြေးလာလိုက်၊ နောက်လှည့်ပြီး အူလိုက်လုပ်နေတာဗျ။ ဟော လာပြီဗျို့၊ လာပြီ။ ဟာ ဘယ်လိုဟာကြီးတုံးဗျာ။ နောက်ပြန်ကြီး လျှောက်လာတာဗျ။ ဒါပေမဲ့ မျက်နှာကတော့ အတည့်ပဲဗျ။ ဟာ မျက်နှာက ကျောဘက်ကို ရောက်နေတာဗျ။ ဒါကြောင့် လမ်းလျှောက်တာ နောက်ပြန်ကြီး လျှောက်နေတာကိုး။

ဟင်၊ ဒါဆိုရင် ဟိုတစ်နေ့က ဒီအိမ်ရှေ့မှာ သေသွားတဲ့ ကောင်လေးထင်တယ်၊ ဖြစ်ရလေဗျာ။ မျက်နှာကြီးက ကျောကုန်းဘက်ကိုလှည့်ပြီး လမ်းကို နောက်ပြန်ကြီး လျှောက်နေတာဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ"

ခွေးတွေကလည်း အူလိုက်တာဗျာ။ တစ်လမ်းလုံးကို

ဆူနေတာဗျို့။ ရှေ့က ကြိုပြေးပြီး အူတဲ့ကောင်ကအူ၊ နောက်က ပြေးလိုက်ပြီး ဟောင်တဲ့ကောင်က ဟောင်နဲ့ တစ်လမ်းလုံးဆိုတာ အမင်္ဂလာအသံကြီး လွှမ်းနေတော့တာပေါ့ဗျာ။ ဟိုဘက်အိမ် ဒီဘက်အိမ်က လူတွေလည်း ထွက်ကြည့်ကြတယ်ဗျ။ ဒါပေမဲ့ ခွေးတွေ အူနေတာကိုပဲ တွေ့ကြတာပေါ့ဗျာ။ နောက်ပြန်ကြီး လမ်းလျှောက်နေတဲ့ ကျောကုန်းမှာ မျက်နှာရောက်နေတဲ့ တစ္ဆေကို တော့ သူတို့ ဘယ်မြင်ကြပါ့မလဲဗျာ။

ဒီတစ္ဆေဟာ ကျော်ကျော်ဆိုတဲ့ ကောင်လေးပဲဗျ။ ဒီကောင် လေးကို ကျုပ် သနားလိုက်တာဗျာ။ မျက်နှာက နောက်ကျော ဘက်ကို ရောက်နေတော့ သူ့ခမျာ လမ်းကို နောက်ပြန်ကြီး လျှောက်နေရရှာတာပဲပေါ့ဗျာ။

တဖြည်းဖြည်းနဲ့ ခွေးတွေက ဝေးဝေးသွားပြီဗျ။ တစ္ဆေ သွားလေရာကို ခွေးတွေက လိုက်ဟောင်နေတာဗျ။ ဖျာလိပ်နတ်က လူကို ရက်ရက်စက်စက် သတ်သတဲ့လားဗျာ။ ဒီကလေးမလေးကို ခင်မင်တယ်ပဲ ထားပါတော့ဗျာ၊ လူငယ်ဘာဝ ချစ်ရေးဆိုကြတဲ့ ကိစ္စမှာ သူကဝင်ပြီး ရက်ရက်စက်စက် သတ်ပစ်ရသလား။ ကျုပ်စိတ်ထဲမှာ ဒီကိစ္စကို မကျေနပ်ဘူးဗျ။ ဒါပေမဲ့ ဘာလုပ်ရမှန်း လည်း မသိဘူး။ အခြေအနေကို ဆက်ပြီးကြည့်ရတော့မှာပဲလို့ ကျုပ်တွေးလိုက်တယ်။

အိမ်ရာထဲကို ပြန်ဝင်ပြီး အိပ်နေလိုက်တယ်။ ကျုပ်မျက်စိ မှာ ကွင်းထားတဲ့ မျက်ကွင်းဆေးကို ကျုပ်ဖျက်ဖို့ မေ့သွားတယ်ဗျ။

ကျုပ် အိပ်ပျော်သွားတယ်။ ခဏနေတော့ ကျုပ် အိပ်နေ သလို နိုးနေသလိုဖြစ်ပြီး အသံတစ်ခု ကြားနေရတယ်ဗျ။ ဘာသံ လဲလို့ ကျုပ်နားစွင့်လိုက်တော့ အမြင့်တစ်နေရာကနေ ခုန်ချလိုက် တဲ့အသံဗျ။

"ဘုန်း"

ကျုပ် နားစွင့်လိုက်တယ်။ ဘာသံမှ မကြားတော့ဘူး၊ ငြိမ်သွားပြန်တယ်။

"ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟော ခြေသံကြီးက အိမ်ဘက်ကို လျှောက်လာတာဗျ။ ဟော အိမ်တောင်ဘက်ကို လျှောက်သွားတဲ့ အသံဗျ။ ဟာ တဖြည်းဖြည်းနဲ့ အိမ်အနောက်ဘက်ကို ရောက်သွားပြီဗျ။ လက်စ သတ်တော့ အိမ်ကိုပတ်ပြီး လျှောက်နေတာဗျ။ ကျုပ် အိပ်ရာက ထပြီး အိမ်ပြင်ကို ထရံပေါက်ကနေ ချောင်းကြည့်လိုက်တယ်။ ခြေသံကြီးက တောင်ဘက်ကနေ ဝင်သွားပြီး အိမ်နောက်ဘက်က နေပတ်ပြီး မြောက်ဘက်ကိုပတ်ပြီး ပြန်လာတာဗျ။ ကျုပ်စောင့် ကြည့်နေတယ်။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ခြေသံက တော်တော်ကို ကျယ်တာဗျ။ ခြေသံ ဒီလောက် ပြင်းရင်တော့ အကောင်တော်တော်ကြီးမယ့်ပုံပဲဗျ။ ဟော လာပြီ ဗျို့၊ လာပြီ။ ခြေထောက်ကြီးကို မြှောက်မြှောက်ပြီး ဖြန့်ချတာဗျို့။ ဒါကြောင့် ဘုန်းကနဲ ဘုန်းကနဲ မြည်တာကိုး။

ဟော…မြင်ရပြီဗျို့။ ကျုပ်တည့်တည့်ကို ရောက်လာပြီဗျာ။ ဟာ…နည်းတဲ့အကောင်ကြီးမှ မဟုတ်တာ။ မိန်းမဗျ။ ထဘီကြီးက ဒူးခေါင်းလောက် ဝတ်ထားတာ၊ ဆံပင်က ဖားလျားကြီးချပြီး မျက်လုံးကြီး တစ်လုံး တစ်လုံး ရေနွေးကြမ်းပန်းကန်လောက် ရှိတယ်။ နီရဲပြီး ပြူးထွက်နေတာဗျ။ အင်္ကျီကတော့ ပါတယ်။ ဒါပေမဲ့ စုတ်ပြဲပြီး အမျှာ အမျှာကျနေလို့ဗျို့။ ပါးစပ်ကြီးက အကြီးကြီးဗျာ။ မျက်နှာရဲ့ သုံးပုံတစ်ပုံလောက်က ပါးစပ်ကြီးဗျ။ ပါးစပ်ထဲက လျှာနီနီကြီးက တွဲလောင်းတွဲလောင်းနဲ့ ရမ်းခါကျနေတာဗျို့။

အိမ်မြောက်ဘက်ကပတ်ပြီး အိမ်အရှေ့ဘက်ကို ထွက်လာတာဗျ။ ဟော့ပျောက်သွားပြီဗျို့။ ဝိုင်းဝက သရက်ပင်ကြီးနားလည်းရောက်ရော ပျောက်သွားတာဗျို့။ ဝိုင်းအပြင်ထွက်သွားလား၊ ထွက်မသွားဘူးလားဆိုတာ ကျုပ် မသိလိုက်ဘူးဗျ။

ဒီသရဲမကြီးက ဘယ်ကရောက်လာတာတုံး။ ဒီဝိုင်းကို ဘာလို့ တစ်ပတ် ပတ်ရတာတုံး။ ကျုပ်စိတ်ထင်တော့ အိမ်ကို တစ်ပတ် ပတ်တာဗျ။ အိမ်ကို စောင့်ရှောက်တဲ့ သဘောပဲ။ ဘာကြောင့် သူက ဒီအိမ်ကို စောင့်ရှောက်ရတာတုံး။ ကျုပ်လည်း အခန်းထဲဝင်ပြီး ဝကွင်း ဆနွင်းဖြူကို သွေးလိုက်တယ်။ ပြီးတာနဲ့ မျက်ကွင်းဆေးကို ဖျက်ပစ်လိုက်တယ်။ တစ်အိမ်လုံးကတော့ အိပ်မောကျနေကြပြီဗျ။ လေးလေးဘခင်ဆိုရင် ဟောက်တောင် ဟောက်နေပြီ။ သူလည်း တစ်နေ့လုံး သူ့သမီးအတွက်ရော

ကလေးမလေးတွေအတွက်ရော မှုယန်နေတာဆိုတော့ အိပ်ရောပေါ့ ဗျာ။

ကျုပ်တွေ့နေ မြင်နေရတဲ့ အနေအထားတွေကတော့ တော်တော်ကို ရှုပ်ထွေးနေပြီဗျို့။ ဒီအိမ်ကို တစ်ပတ်ပတ်လျှောက် သွားတဲ့ သရဲမကြီးက ဘယ်ကဲရောက်လာတာတုံး။ ကျုပ်နားထဲ မှာတော့ ခပ်မြင့်မြင့်တစ်နေရာကနေ ခုန်ချလိုက်တဲ့ အသံကို ကြားလိုက်သလိုပဲဗျ။

ကလေးမတွေ မအောင်ဖြူ ပင့်ပြီးမေးတော့ ဖျာလိပ်နတ် မအောင်ဖြူကလည်း တကယ်ဝင်တာဗျ။ ဒါပေမဲ့ သူ့လို ဖျာလိပ် နတ်က ဘာဖြစ်လို့ ခင်ခင်ထားနဲ့ ချွတ်စွပ်တူနေရတာတုံး။ ကျုပ် တွေးလို့ကို မရဘူးဗျ။

ဒါပေမဲ့ ကျုပ်ကြားဖူးတာတစ်ခုတော့ ရှိတယ်ဗျ။ တချို့ နတ်စိမ်းတွေက သူတို့စောင့်ရှောက်ရမယ့်လူကို ကိုယ်တိုင်လာပြီး မစောင့်ရှောက်နိုင်တဲ့အခါမှာ အနီးအနားက သူတို့ရဲ့ တပည့်လက် သားတစ်ယောက်ကို စောင့်ရှောက်ခိုင်းတတ်တယ်တဲ့ဗျ။ အဲဒီလို များ ဖြစ်နေသလားတော့ မသိဘူးဗျ။ ဖျာလိပ်နတ်က သူချစ်တဲ့ လိပ်ပြာလှတဲ့ ခင်ခင်ထားကို သူ့ကိုယ်စား စောင့်ရှောက်ဖို့ ခပ် ကြမ်းကြမ်း တပည့်လက်သားတစ်ယောက်ကို ခိုင်းစေထားလို့များ ခင်ခင်ထားနဲ့ ပတ်သက်တဲ့ လူတွေကို ကြမ်းကြမ်းတမ်းတမ်း ရိုက်ပုတ်လွှတ်တာတို့၊ လက်လွန်ပြီး သေတဲ့အထိ လုပ်ပစ်တာတို့ ဖြစ်နိုင်တယ်ဗျ။

ခွေးတွေ ဝိုင်းအုံနေတဲ့ တစ္ဆေကတော့ ဟိုတစ်နေ့ကမှ သေသွားတဲ့ ကောင်လေးဖြစ်မှာ သေချာတယ်ဗျ။ သေတဲ့အချိန်မှာ အရက်တွေကလည်း မူးနေပြီးတော့ ခင်ခင်ထားကို စွဲလန်းတဲ့စိတ်နဲ့ သေတာဆိုတော့ တစ္ဆေဘဝကို ရောက်သွားပြီး ဒီလမ်းထဲမှာ လျှောက်သွားနေတာ ဖြစ်မယ်ဗျ။

ဒီတစ္ဆေလေးကို တွေ့ရတာလည်း ကျုပ်တော့ တော်တော်ကို စိတ်မကောင်းဖြစ်မိတယ်ဗျာ။ မျက်နှာကြီးက ကျောကုန်းဘက်ကို ရောက်နေပြီးတော့ လမ်းကို နောက်ပြန်ကြီး လျှောက်နေရတဲ့ ဘဝဗျာ။ ကျုပ်ကြည့်တောင် မကြည့်ရက်ဘူးဗျာ။

နောက်တစ်နေ့ရောက်တော့ လေးလေးဘခင်က စောစောစီးစီး ကျုပ်ကို မေးတယ်ဗျ။

"တာတေ၊ လေးလေးတို့ ဘာဆက်လုပ်ကြမှာတုံး"

"ကျုပ်လည်း အဲဒါကိုပဲ စဉ်းစားနေတာဗျ၊ အနေအထားတွေက တော်တော်ကို ရှုပ်ထွေးနေတယ်"

"ဟော…ဟုတ်လား၊ ညက မင်း ဘာတွေမြင်လို့တုံး၊ မင်းမှာ ဆေးဝါးအစုံအလင်ရှိတော့ မင်းကတော့ မြင်ရမှာပဲပေါ့၊ တာတေရာ၊ မင်းမြင်တာတွေ လေးလေးကို ပြောစမ်းပါကွာ"

ကျုပ်က နဂါးဆေးပေါ့လိပ်အသစ်တစ်လိပ်ကို မီးညှိတယ်ဗျ။ ဆေးလိပ်ကလေးကို နှစ်ဖွာ သုံးဖွာ ဖွာလိုက်ပြီးတော့မှ ကျုပ်က စဉ်းစားတာဗျ။ လေးလေးဘခင်ကို ကျုပ် ညကမြင်တာတွေ ပြောလို့မှ သင့်တော်ပါ့မလား။ ဒါပေမဲ့ အခြေအနေတွေကို

လေးလေးလည်း သိသင့်တယ်လို့ ထင်တာနဲ့ ကျုပ်ပြောပြလိုက်တယ်။

"လေးလေးကို ကျုပ်ပြောမယ်၊ ညက ခွေးတွေအူတဲ့အချိန် ကျုပ် မျက်လုံးကို ဆေးကွင်းပြီး ထကြည့်တယ်ဗျ"

"အေး လေးလေး သိတယ်လေကွာ"

"အဲဒါ ကျုပ်မြင်တာ လေးလေးကို ပြောပြမယ်"

"အေး ပြောကွာ"

ကျုပ်က အခန်းထဲမှာ အိပ်နေကြတဲ့ ကောင်မလေးတွေ မကြားအောင် လေးလေးအနားကိုကပ်ပြီး ခပ်တိုးတိုးပြောပြတာဗျ။

"ဟိုတစ်နေ့က သေသွားတဲ့ကောင်လေး တစ္ဆေဖြစ်ပြီး လျှောက်သွားနေတာ လေးလေးရဲ့"

"ဟော…ဟုတ်လား၊ ဒီကောင်လေးမှန်း မင်း ဘယ်လိုလုပ် သိတာတုံး တာတေရဲ့"

"ဟာ လေးလေးကလည်း အသိသာကြီးဗျ၊ ခေါ်ကြီးလိမ်ကျိုးနေပြီး မျက်နှာက ကျောကုန်းဘက်ကို ရောက်နေတာဗျ။ လမ်းလျှောက်တော့ နောက်ပြန်ကြီး လျှောက်တာဗျို့၊ တစ်လှမ်းချင်း လှမ်းပြီး ဖြည်းဖြည်း ဖြည်းဖြည်း လျှောက်နေတာ၊ အဲဒါကို ခွေးတွေက ဝိုင်းအူပြီး ဟောင်နေကြတာဗျ။ ဒီကောင်လေးကို တွေ့တော့ ကျုပ်စိတ်ထဲမှာ တော်တော်ကို မကောင်းဖြစ်မိတယ် လေးလေးရာ"

"ဖြစ်မှဖြစ်ရလေ တာတေရာ၊ လေးလေးလည်း စိတ်

မကောင်းပါဘူးကွာ၊ မင်း ထကြည့်နေတာ သိပေမယ့် ခွေးအုပ်တွေ စေးသွားတာ လေးလေးလည်း အိပ်ပျော်သွားတယ်ကွ"

"ဟုတ်တယ် လေးလေး၊ လေးလေးက နေခင်းကလည်း ပင်ပန်းထားတာကိုး၊ ပြီးတော့ စိတ်ရောလူရော ပင်ပန်းနေတာမို့လား"

"အေးကွာ၊ လေးလေးစိတ်တွေ တော်တော်ကို ရှုပ်နေတာကွ၊ တာတေရ"

"အဲဒါနဲ့ ပြောရဦးမယ် လေးလေးရဲ့ ကျုပ်လည်း အိပ်ရာထဲဝင်ပြီး ပြန်အိပ်လိုက်တယ်၊ မှေးမှေး မှေးမှေးနဲ့ ပြန်ပြီးအိပ်ပျော်ကာစ ရှိသေးတာဗျ၊ ဘုတ်ဆိုတဲ့အသံကြီးတစ်ခု ကြားပြီး နိုးလာတယ်"

"ဟာ..ဘာသံကြီးတုံးကွ၊ လေးလေးကတော့ တစ်ချက်မှကို မနိုးတော့တာကွ"

"တစ်ခုခုပြုတ်ကျသလိုလို တစ်ယောက်ယောက် ခုန်ချလိုက်သလို အသံဗျ၊ ဒါနဲ့ ကျုပ်လည်း အိမ်ထဲကနေ အသံကြားတဲ့ဆီကို ချောင်းကြည့်လိုက်ရောဗျို့။ ကျုပ်က မျက်ကွင်းဆေးကိုလည်း မေ့ပြီး မဖျက်ဘဲ ထားလိုက်တာဆိုတော့ မြင်ရတာပေါ့ လေးလေးရာ"

"ဟာ၊ ဘာကို မြင်ရတာတုံး တာတေ"

"ဘုတ်၊ ဘုတ် ဆိုတဲ့ အသံကြီးဗျ၊ ခြေသံကြီး တစ်သံဗျ၊ အိမ်ဘေးကနေ ပတ်လျှောက်သွားပြီး အိမ်နောက်ကနေ ပတ်ပြီး

ပြန်လွှောက်လာတာဗျ။ ကျုပ်လည်း ထရံပေါက်က ချောင်းကြည့်လိုက်တာ လေးလေးရေ၊ သရဲမကြီးဗျာ၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျ၊ ဆံပင်ဖားလျားကြီးနဲ့ ထဘီက ဒူးခေါင်းလောက် တိုတိုကြီး ဝတ်ထားတယ်။ အင်္ကျီကလည်း စုတ်ပြတ်နေပြီ။ မျက်လုံးကြီး နှစ်လုံးက နီရဲပြီး ပြူးထွက်နေတာဗျ။ ပါးစပ်ကြီးကလည်း အကြီးကြီးဗျာ။ မျက်နှာရဲ့ သုံးပုံတစ်ပုံလောက် ရှိတယ်ဗျ။ ပါးစပ်ထဲက လျှာကြီးကလည်း တွဲလောင်းကြီး ကျနေတာဗျ"

"ဟေ…နောက်တော့ ဘယ်ရောက်သွားတုံး"

လေးလေးဘခင်က ကျုပ်ပြောတာ ကြားရတော့ တော်တော်လေး လန့်နေတဲ့ပုံမျိုးဗျ။

"ကျုပ်လည်း လိုက်ကြည့်တာပဲဗျ၊ ဒါပေမဲ့ ပျောက်သွားတော့ ပိုင်းအပြင်ထွက်သွားသလား မသွားဘူးလား မသိလိုက်ဘူး လေးလေးရဲ့"

"ဟေ…ဘယ်နားမှာ ပျောက်သွားတုံး"

"ပိုင်းဝမှာပဲ ပျောက်သွားတာဗျ"

"ဟေ…ဟုတ်လား၊ ပိုင်းဝမှာ ဟုတ်လား၊ ဒါဆိုရင် အပြင်ကို ပြန်ထွက်သွားတာ နေမှာပေါ့ကွ"

"အဲဒါလည်း ဖြစ်တော့ဖြစ်နိုင်တယ်ဗျ"

"မင်း ဘယ်လိုထင်တုံး တာတေ"

"ကလေးမလေးတွေ ပြောပုံအရဆိုရင် ဖျာလိပ်နတ်

မအောင်ဖြူက သူတို့ကို စောင့်ရှောက်တဲ့သဘော ရှိတယ်ဗျ၊ အဲဒါ ဖျာလိပ်နတ်က သူ့တပည့်လက်သား တစ်ယောက်ယောက် ကလေးမတွေ စောင့်ရှောက်ဖို့တာဝန် ပေးထားသလားမှ မသိတာ လေးလေးရဲ့"

"အေးလေ၊ ဒါလည်း ဟုတ်နိုင်တာပဲ တာတေရ၊ ဒါပေမဲ့ ကွာ ကလေးတွေကို စောင့်ရှောက်ပေးနေတယ်ဆိုရင်လည်း ဒီလောက်အထိ ကြမ်းတမ်းတဲ့ တပည့်လက်သားကို ဖျာလိပ်နတ် က မထားသင့်ဘူးပေါ့ တာတေရာ"

"ဒါကလည်း ကျုပ်အထင်ပါ လေးလေးရာ၊ ဟုတ်ချင်မှ လည်း ဟုတ်မှာပါ"

လေးလေးနဲ့ ကျုပ်နဲ့ တိုင်ပင်ပြီးတော့ မြနှယ်တို့ ခင်ထား တို့တွေကို ဒီရက်အတွင်း ဖျာလိပ်နတ် မမေးဖို့ မှာထားတယ်။ ဖျာလိပ်နတ်ကို လက်ဖက်ဆက်တာတို့ ဘာတို့လည်း မလုပ်ဖို့ ပြောထားတယ်ဗျ။

"အေး နောက်တစ်ခု ကိုကြီးတာတေ ပြောထားဦးမယ်၊ ခုရက်အတွင်း ထူးထူးခြားခြားဖြစ်တာရှိရင် ကိုကြီးကို ချက်ချင်း ပြောကြ ငါ့ညီမ၊ အိပ်မက် ထူးထူးခြားခြားမက်ရင်လည်း ပြောကြ ဟုတ်လား"

"ဟုတ်ကဲ့ ကိုကြီးတာတေ"

ကျုပ်နဲ့ လေးလေးလည်း မြို့ထဲ ထွက်ကြတယ်။ ကလေး မလေးတွေကလည်း ကျောင်းသွားတက်မှာဆိုတော့ အိမ်မှာ အရီး

မရီတစ်ယောက်တည်း ချက်ပြုတ်ကျွန်နေခဲ့တာဗျ။ တော်သေးတာပေါ့ဗျာ၊ အရီးမရီက မကြောက်တတ်ပေလို့ပေါ့။ လေးလေးဘခင်နဲ့ ကျုပ်နဲ့ ထမင်းသုတ် တစ်ယောက်တစ်ပွဲ စားတယ်၊ ထမင်းသုတ်ကလည်း တော်တော်ကောင်းတာဗျ။ အမဲကြော်ကလည်း မွှမွလေးဗျာ။ ထမင်းသုတ် စားပြီးတော့ လက်ဖက်ရည် တစ်ယောက်တစ်ခွက် သောက်ကြတယ်ဗျ။ ပြီးတော့ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေး ဖွာလိုက်တယ်။ လေးလေးဘခင်ကတော့ ဒေါ်သိန်းခင်ဆေးပေါ့လိပ် သောက်တယ်ဗျ။ ဒေါ်သိန်းခင် ဆေးပေါ့လိပ်ကို ကျုပ်တို့ဆီမှာ ကြိုးကြာနီဆေးလိပ်လို့လည်း ခေါ်တယ်ဗျ။ တံဆိပ်က ကြိုးကြာနီပုံလေး၊ အောက်ကစာက ဒေါ်သိန်းခင်လို့ ရေးထားတာ။ ဆေးလိပ်ဆိုတာကတော့ ကိုယ့်အကြိုက်နဲ့ ကိုယ်ပဲပေါ့ဗျာ။

"လေးလေး ကျုပ်လည်း မြို့ရောက်တာ နှစ်ရက်ရှိပြီ၊ ခုထိ ဘကြီးအိမ် မရောက်သေးဘူး"

"အေး သွားလိုက်ဦးလေ တာတေးရာ၊ ငါလည်း ကိုလူဝခေါ်ပြီး ဆရာကိုတင်မောင်တို့အိမ်ဘက် သွားလိုက်ဦးမယ်၊ ဆရာကိုတင်မောင်ဖို့ စားစရာ သောက်စရာလေးတွေလည်း ဝယ်သွားဦးမယ်၊ သတင်းလည်း မေးရင်းပေါ့ကွာ။ သူကျောကုန်းက လက်ဝါးရာကြီးဆိုတာလည်း သက်သာရဲ့လား မသိဘူးကွ"

လေးလေးနဲ့ ကျုပ်နဲ့ တစ်ယောက်တစ်နေရာ ထွက်ခဲ့ကြတယ်။ ကျုပ်က ဘကြီးအိမ်ဘက်၊ လေးလေးက မြောက်ပိုင်း။ ဘကြီးအိမ် သွားရင်းနဲ့ ဈေးရုံကြီးထဲ ဝင်ခဲ့တယ်။ ကျုပ်သူငယ်ချင်း

ဈေးကောက် တင်မြင့် ရှိတယ်လေဗျာ။ လမ်းလျှောက်ရင်း ကား ယား ကားယားနဲ့ ဘဲသွားသွားတဲ့ ကောင်ဗျ။ ကျုပ်ရေးခဲ့တဲ့ "ဈေးသရဲ" ဆိုတဲ့ ဝတ္ထုမှာ တင်မြင့်အကြောင်း ပါတယ်လေဗျာ။ ဒီတုန်းက ဒီကောင် လာခေါ်လို့ ဈေးသရဲကိစ္စမှာ ကျုပ် ဝင်ပါခဲ့ရ တာလေ။

ကျုပ်က ဈေးခေါင်းရင်းဘက် လျှောက်လာတာဗျ။ ဟော အခွင့်သင့်ပါပဲဗျာ။ ကားယားတင်မြင့်ကို ငုတ်တုတ်ကြီး ထိုင်နေ တာ တွေ့လိုက်ရတယ်ဗျို့။

"ဟကောင် တာတေ၊ ဘယ်တုန်းက ရောက်နေတုံး"

"ငါရောက်တာ နှစ်ရက်ရှိပြီကွ"

"မင်းကွာ၊ နှစ်ရက်ရှိတာတောင် ငါ့ဆီ မလာဘူး"

"မင်းဆီလာဖို့နေနေသာသာ ငါ့ဘကြီးဆီတောင် အခုထိ မရောက်သေးဘူးကွ"

"ဟော...မင်းက ဘာတွေများ ဒီလောက်အလုပ်များနေ တာတုံး၊ တာတေရ"

"လေးလေးဘခင် ခေါ်လို့ လိုက်လာတာကွာ၊ လေးလေး ဘခင်ဆိုတာ တို့ရွာနားက ဘန့်ဘွေးကုန်းကကွ၊ သူ့သမီးက မြို့မှာ ကျောင်းလာတက်နေတာ။ သူတို့နေတာက မြို့အရှေ့ဘက်ပိုင်း မှာကွ၊ လေးလေးဘခင်က လူချမ်းသာလေ၊ မြို့မှာ အိမ်ဝယ်ထား တယ်၊ အဲဒီမှာ ကလေးမလေး ငါးယောက် အတူတူနေကြတာကွ၊ ငါတို့ရွာက ကလေးလည်း ပါတယ်။ အဲဒီမှာ ပြဿနာ နည်းနည်း

ရှိနေလို့ကွ"

"ဟော…ဘာပြဿနာတုံးဟ"

"ဒီလိုဟေ့၊ ကလေးမတွေက ထုံးစံအတိုင်းပေါ့ကွာ၊ မိန်းကလေးတွေ စုမိတော့ ဖျာလိပ်နုတ် မအောင်ဖြူ မေးကြတာ ပေါ့ကွာ"

"ဟာကွာ၊ ဒါ ပြဿနာမှ မဟုတ်တာ၊ တခြားနေရာ တွေမှာလည်း ဖျာလိပ်နုတ်က မေးကြတာပါပဲကွာ"

"အေး မင်းပြောတာတော့ ဟုတ်တယ် တင်မြင့်ရဲ့၊ ဒါပေမဲ့ မတူဘူးကွ၊ တခြားနေရာမှာ မေးတာက ဖျာလိပ်နုတ် တကယ်ဝင်ချင်မှ ဝင်မှာ၊ ကောင်မလေးတွေ သူတို့ဟာသူတို့ ဖျာလိပ်ကို ယိုင်ပေးပြီး ခေါင်းကိုရိုက်တာ ဖြစ်ရင်ဖြစ်မယ်"

"အေးပေါ့ကွာ၊ ဒါကတော့ ဟုတ်ရင်လည်း ဟုတ်မှာ ပေါ့၊ အပျော်သဘော မေးကြတာပဲဟ"

"ဒီကလေးမတွေ ဖျာလိပ်နုတ် ပင့်တာက တကယ်ဝင် လာတာကွ"

"ဟော…ဟုတ်လား၊ မင်း တွေ့လို့လား"

"ငါကိုယ်တိုင် ပုန်းပြီး ချောင်းကြည့်လို့ တွေ့တယ်၊ ကလေးမတွေလည်း ငါ့ကို အကုန်ပြန်ပြောတယ်ကွ"

"တကယ်ဝင်တယ်ဆိုတော့ ဘယ်လိုဝင်လို့တုံးကွ"

"ဟကောင်ရဲ့၊ ကလေးမလေးတွေ ကိုင်ထားတဲ့ ဖျာလိပ် က နတ်ဝင်သည် နတ်ပူးသလို တဆတ်ဆတ် တုန်နေတာကွ"

"ဟာ တာတေရာ၊ ဒါကတော့ ဖျာလိပ်ကိုင်ထားတဲ့ ကောင်မလေးတစ်ယောက်က မသိမသာ လှုပ်ပေးနေမလားမှ မသိတာ"

"မဟုတ်ဘူးကွ တင်မြင့်ရ၊ အဲဒီဖျာလိပ်ကို လက်နဲ့ မြှောက်မထားဘဲ ကြမ်းပြင်မှာ ချထားလည်း ဒီအတိုင်း တုန်နေတာပဲကွ"

"ဟေ…မင်းဟာ အဆန်းကြီးပါလား တာတေရ"

"ပြီးတော့ တစ်ခုခုမေးလိုက်ရင် ဖျာလိပ်က ယိုင်ပြီး ခေါင်းကို ရိုက်တယ်ဗျို့လား၊ အေး အခု ဒီကောင်မလေးတွေ မေးတဲ့အခါ ဖျာလိပ်က ခါးလယ်ကနေ တစ်ဆစ်ချိုးပြီးမှ ရိုက်တာ ဟေ့"

"ဟာ တာတေရာ၊ မင်းပြောတာနဲ့တင် ငါ့မှာ ကြက်သီး တွေဘာတွေ ထလို့ကွာ"

"အေး ဒါကလည်း ပြဿနာ မဟုတ်သေးဘူးကွ၊ ပြဿနာက ဘာတုံးဆိုတော့ ဒီကောင်မလေးတွေကို ဖျာလိပ်နတ်က တော်တော်ချစ်နေတဲ့ပုံပဲကွ"

"လိပ်ပြာလုလို့ ရှိမှာပေါ့ကွ၊ လိပ်ပြာလုရင် နတ်ကချစ် တယ်လို့ ပြောကြတာပဲ"

"အေး အဲဒါကြောင့်လားတော့ မသိဘူးကွ တင်မြင့်ရ၊ ဒီကောင်မလေးတွေ ပင့်တိုင်း ဖျာလိပ်နတ်က ကြွတာကွ၊ ပြီးတော့ သူ့ရဲ့ တပည့်လက်သား တစ်ယောက်ယောက်ကို အမြဲဆောင့်ရှောက်

ခိုင်းထားသလား မသိဘူးကွ၊ ဒီကလေးမလေးတွေကို စာလိုက်ပေးတာတို့၊ ဆွဲလားလွဲလား လုပ်တာတို့ဆိုရင် ကျောကုန်းကို လက်ဝါးကြီးနဲ့ ရိုက်တာကွ"

"ဩော်...အဲဒါလား၊ ငါကြားတယ်လေ၊ ကျောင်းသားလေးတစ်ယောက် သေသွားတယ်ဆိုတာမို့လား"

"အေး ဟုတ်တယ်၊ အဲဒီကောင်မလေးတွေထဲမှာ ခင်ထားဆိုတဲ့ ကောင်မလေးက တော်တော်ချောတယ်ကွ၊ အဲဒီကလေးမလေးကို ဖျာလိပ်နတ်က ထူးထူးခြားခြား ချစ်ခင်နေပုံပဲကွ၊ အဲဒီကလေးမလေးကို အနှောင့်အယှက်ပေးတဲ့ ကောင်လေးတွေကို ရိုက်တာကွ၊ ဟိုတစ်ပတ်က ဖြစ်သွားတာတော့ ခင်ထားကို တစ်ဖက်သတ် ကြိုက်နေတဲ့ ကောင်လေးတစ်ယောက်က အရက်တွေ မူးလာပြီး ကလေးမလေးနာမည်ကို အိမ်ရှေ့မှာ လာအော်နေတာတဲ့ဟေ့၊ အဲဒါ လည်လိမ်ချိုးပြီး သတ်ပစ်လိုက်တာတဲ့ကွာ"

"အေး ငါကြားတယ် တာတေ၊ ဘယ်သူသတ်လို့ သတ်မှန်းလည်း မသိဘူးတဲ့၊ ဇက်ကျိုးပြီး သေသွားတာဆိုပဲ၊ ဒီဈေးထဲမှာလည်း အဲဒီသတင်းပဲ ပြောနေကြတာပဲဟေ့၊ ခုရက်ကျမှ ဒီအကြောင်း သိပ်မပြောတော့တာ"

"အေး၊ ငါပြောတဲ့ ပြဿနာဆိုတာ အဲဒါတွေကို ပြောတာကွ တင်မြင့်ရ"

"တာတေရာ မင်းက ဆရာပဲ၊ လုပ်သင့်တာတွေ လုပ်လိုက်ပေါ့ကွာ"

"ဟာကွာ၊ ငါက ဆရာမှ မဟုတ်တာ တင်မြင့်ရ၊ ဆရာကြီးတွေနဲ့ လျှောက်လိုက်ပြီး သူတို့နိုင်းတာကို ကူညီလုပ်ပေးတဲ့အဆင့်ပဲရှိတာကွ၊ ဆရာဆိုလို့ ပြောရဦးမယ်ဟေ့၊ ဟိုနေ့က လေးလေးဘခင် ဆရာတစ်ယောက် ပင့်လာတယ်၊ မင်းတော့ သိမယ်ထင်တယ်၊ မြောက်ပိုင်းမှာ နေတယ်ပြောတာပဲ၊ ဆရာ ကိုတင်မောင် ဆိုတာလေ"

"သြော်...နှုတ်ခမ်းမွေး ပြားပြားကြီးနဲ့ ဆရာလေ၊ သိတယ် သိတယ်၊ သူလည်း နာမည်ရှိသားပဲကွ၊ ပယောဂတွေ ဘာတွေ ကုနေတာပဲ"

"အေး အဲဒီဆရာလေကွာ၊ အိမ်ရောက်လို့ ဘုရားမှာ ဖယောင်းတိုင်တွေဘာတွေထွန်း၊ အမွေးတိုင်တွေဘာတွေထွန်းပြီး အဓိဋ္ဌာန်ပြုနေရုံပဲ ရှိသေးတာဟေ့၊ တစ်ခါတည်း ပြေးဝင်လာပြီး ရိုက်တော့တာဟေ့၊ ဆရာဆိုတာ တင်ပလ္လင်ခွေရက်ကြီးနဲ့ ရှေ့ကို စိုက်ကျသွားတာကွ၊ သူလည်း ဆက်မလုပ်ဝံ့တော့ဘူးပေါ့ကွာ၊ ကျောကုန်းမှာ လက်ဝါးရာကြီး ထင်သွားတယ်လို့ ပြောတယ်ကွ၊ လေးလေးဘခင်တောင် အဲဒီသွားတယ်၊ ဆရာကို သတင်းသွား မေးတယ်"

"ဟာ...မင်းတို့ဟာက ဘာတွေမှန်းကို မသိအောင် ဆိုးနေတာပဲ တာတေ၊ ငါ့သူငယ်ချင်း မင်းလည်း သတိထားနော်"

"အေးပါကွာ၊ ငါ့မှာက ဆရာကြီးတွေ ချီးမြှင့်ထားတဲ့ အင်းတွေ ဆေးတွေ အပြည့်အစုံ ရှိပါတယ်။ ငါ့ကိုတော့ လုပ်ကို

မရပါဘူးကွာ"

"အေး အေး ကောင်းတယ်၊ သတိဆိုတာတော့ ဝိုတယ် မရှိဘူးပေါ့ကွာ"

ကားယားတင်မြင့်နဲ့ တွေ့ပြီးတော့ ဘကြီးအိမ်ကို သွားခဲ့တယ်။ ကျုပ်ဘကြီးကတော့ လူပျိုကြီးဝီဝီ ဘာအပုံအပင်မှကို မရှိတာဗျ။ ကျုပ်ကလည်း ဘကြီးကို အကျိုးအကြောင်းတွေ ပြောပြရတာပေါ့ဗျာ။ အဲဒီနေ့က ဘကြီးအိမ်မှာ တစ်နေ့လုံးနေပြီး ညနေစောင်းတော့မှ ကျုပ်ပြန်လာခဲ့တာဗျ။

လေးလေးဘခင်တို့အိမ်ကို ကျုပ်ပြန်ရောက်တော့ လေးလေးဘခင်က ကျုပ်ထက်စောပြီး ပြန်ရောက်နေတာဗျ။

"လာဟေ့ တာတေ၊ ရေမိုးချိုးကွာ၊ ပြီးရင် ထမင်းစားရအောင်"

"ကျုပ် ဘကြီးအိမ်က ရေချိုးလာတယ်ဗျ"

ညစာ ထမင်းစားသောက်ပြီး လေးလေးနဲ့ ကျုပ်နဲ့ စကားစမြည် ပြောကြတာပေါ့ဗျာ။ ရေနွေးကြမ်းလေးသောက်လိုက်၊ ဆေးလိပ်ကလေး ဖွာလိုက်ပေါ့ဗျာ။ ကောင်မလေးတွေကတော့ စာရေးကြ၊ ဖတ်ကြ၊ ကျက်ကြနဲ့ ညဆယ်နာရီလောက်ရောက်တော့မှ အိပ်ရာဝင်သွားကြတယ်ဗျ။ ခဏနေတော့ လေးလေးဘခင်နဲ့ ကျုပ်လည်း အိပ်ရာဝင်ခဲ့ကြတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

သန်းခေါင်ကျော်လောက်ရောက်တော့ လမ်းပေါ်က ခွေး

အူသံတွေ၊ ဟောင်သံတွေ ကြားရတယ်ဗျ။ ကျုပ်လည်း လန့်နိုး သွားပြီး နားစွင့်နေတာပေါ့ဗျာ။

“ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး”

“ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်”

အူတဲ့ခွေးတွေက အူပြီး ဟောင်တဲ့ခွေးတွေကလည်း ဟောင်နေကြတာဗျို့။ ကျုပ်လည်း အိပ်ရာက ကမူးကမန်းထပြီး မျက်ကွင်းဆေးသွေးပြီး ကွင်းလိုက်တယ်။ ပြီးတာနဲ့ အိမ်ရှေ့က ညှိခန်းလုပ်ထားတဲ့ ခုံ နံးလျားလေးမှာ ဝင်ထိုင်လိုက်တယ်။

“ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး”

ခွေးအူသံကြီးက တဖြည်းဖြည်း ကျုပ်တို့ဘက်ကို ရောက် လာပြီဗျို့။

“ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း”

ဟာ ခြေသံကြီးဗျာ၊ နည်းတဲ့အသံကြီး မဟုတ်ဘူးဗျ၊ ဒီခြေသံကြီး ကြားတာနဲ့တင် အကောင်ကြီး အကြီးကြီးမှန်း သိသာနေတာဗျ။

“ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝူး၊ ဝူး၊ ဝူး”

ခွေးအုပ်ကြီးက အကောင်နှစ်ဆယ်လောက် ရှိတာဗျ။ တဖြည်းဖြည်းနဲ့ ကျုပ်တို့ရှေ့ကို ရောက်လာရောဗျို့။ ဟာ ခွေးတွေ ဝိုင်းဟောင်နေတာ•သရဲကြီးပဲဗျ။ ဆံပင်ကြီး ဖားလျားကြီးနဲ့ဗျာ။ မျက်လုံးနီနီကြီးတွေက ရေနွေးကြမ်းသောက်တဲ့ ပန်းကန်တွေ လောက် ရှိတာဗျို့။ ပါးစပ်ထဲက သွားကြီးတွေကလည်း အစွယ်

ကြီးတွေလို ပေါ်ထွက်နေတာဗျို့။

"ဖြဲ၊ ဖြဲ၊ ဖြဲ၊ ဖြဲ၊ ဘုန်း"

ဟာ…ကျုပ်တို့ဝိုင်းဝက သရက်ပင်ကြီးပေါ် အရွက်တွေ အကိုင်းတွေကို လှုပ်ရမ်းလိုက်သလိုမျိုးဗျို့၊ ဖျောင်း ဖျောင်း မြည် သွားပြီးတော့ သရက်ပင်ကြီးပေါ်က ဖြူဖြူကြီးတစ်ခု ပြုတ်ကျ သလို ပြုတ်ကျသွားတာဗျ။ မြေကြီးပေါ်ကို ရောက်တော့ ဘုတ်ဆို တဲ့အသံကြီး ကြားလိုက်ရတယ်ဗျို့။

ဟာ…ကျုပ်တို့ သရက်ပင်ပေါ်က ကျလာတာလည်း သရဲမကြီးပဲဗျ။ ဟာ…ဒါ…ဒါ မနေ့ကညက ကျုပ်တွေ့တဲ့ သရဲမကြီးဗျ။ ကျုပ်တို့အိမ်ကိုပတ်ပြီး လျှောက်နေတဲ့ သရဲမကြီးဗျ။ အဲဒီညက ဝိုင်းဝမှာ ပျောက်သွားတာဗျ။ ကျုပ်စိတ်ထဲမှာ ထင်တာ က ဝိုင်းအပြင်ကို ပြန်ထွက်သွားတယ်လို့ ထင်တာ။ တကယ်က တော့ သရက်ပင်ကြီးပေါ်ကို ရောက်သွားတာဗျ။ အခု သရက်ပင် ပေါ်က ပြုတ်ကျလာတာ မဟုတ်ဘူးဗျ။ သရဲမကြီးက ခုန်ချလာ တာဗျို့။ ဟော…သရဲမကြီးက လမ်းပေါ်ကို ထွက်သွားပြီဗျို့။

"ဂုတ်၊ ဂုတ်၊ ဂုတ်၊ ဂုတ်၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟာ…ခွေးတွေ အလုပ်ရှုပ်ကုန်ပြီဗျို့။ လမ်းပေါ်ကနေ လျှောက်လာတဲ့ မည်းမည်းသရဲကြီးကို ဝိုင်းဟောင်နေတဲ့ ခွေးတွေ က သရက်ပင်ပေါ်က ခုန်ချလာတဲ့ ဖြူဖြူသရဲမကြီးကိုပါ ပြေး ဟောင်ရတော့တာပေါ့ဗျာ။

သရဲမကြီးဘက်ကို ပြေးဟောင်လိုက်၊ မည်းမည်းသရဲ

ကြီးကို ပြေးဟောင်လိုက်နဲ့၊ လမ်းပေါ်မှာ ခွေးအကောင် နှစ်ဆယ်လောက် ရှုန်းရင်းဆန်ခတ်ကို ဖြစ်နေတာဗျို့။ မည်းမည်းသရဲကြီးက ရှေ့ဆက်မသွားတော့ဘဲ ရပ်နေတယ်ဗျ။ သူ့မျက်လုံးနီနီကြီးတွေကလည်း ဖြူဖြူသရဲမကြီးကို စိုက်ကြည့်နေတာဗျ။

သရဲမကြီးကလည်း တဖြည်းဖြည်းနဲ့ သရဲကြီးဆီကို တရွေ့ရွေ့နဲ့ သွားနေတာဗျို့။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

သရက်ပင်ပေါ်က ခုန်ချတဲ့ သရဲမကြီးရဲ့ ခြေသံကြီးတွေကလည်း အကျယ်ကြီးပဲဗျ။

"ဝူး၊ ဝူး၊ ဝါး၊ အီး အီး အီး"

သရဲမည်းမည်းကောင်ကြီးက မာန်ဖီပြီး အော်လိုက်တယ်ဗျ။ ကျုပ်က မျက်ကွင်းဆေးကွင်းပြီး ကျန်နေတဲ့ဆေးကို နားရွက်ကိုပါ သိမ်းထားလိုက်ပြီး ဒီဗ္ဗစက္ခုဂါထာရော ဒိဗ္ဗသောတာဂါထာရော ရွတ်လိုက်တာကိုဗျ။ ဒီတော့ အကောင်ကြီးတွေကိုပါ မြင်ရုံမကဘူးဗျ၊ အသံတွေကိုပါ ကြားနေရတာ။ လမ်းထဲကလူတွေကတော့ ခွေးတွေအသံပဲ ကြားရမှာပေါ့ဗျာ။

ခွေးအကောင်နှစ်ဆယ်ကလည်း သရဲကြီးနဲ့ သရဲမကြီးကို ဘေးကပတ်ပြေးပြီး ဟောင်နေကြတာဗျ။ တစ်လမ်းလုံးဆိုတာ ခွေးသံတွေနဲ့ ညံနေတာပါပဲဗျာ။

"ဘုန်း"

ဟာ…ရိုက်ပြီဗျို့။ ရိုက်ပြီ။ သရဲမကြီးက မြေနဲ့ရိုက်တာ

ဗျ။ သရဲကြီးရဲ့ ရင်ဘတ်ကြီးကို သူ့လက်ဝါးအကြီးကြီးနဲ့ ရိုက်လိုက်တာဗျ။ မည်းမည်းအကောင်ကြီး နောက်ကို ယိုင်သွားတယ်ဗျ။

"ဖျန်း"

မည်းမည်းသရဲကြီးက ရှေ့ကို ပြန်မတ်လိုက်ရင်းနဲ့ သရဲမကြီးရဲ့ မျက်နှာကို သူ့လက်ဝါးကြီးနဲ့ ရိုက်လိုက်တာဗျ။ ဖျန်းကနဲကို မြည်သွားတာဗျို့။

"ဘုန်း၊ ဘုန်း၊ ဖျန်း၊ ဖျန်း"

ဟာ…ရိုက်ကြပြီဗျို့။ တစ်ယောက် တစ်ပြန်စီကို ရိုက်နေတာဗျာ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

ခွေးတွေကလည်း ဘေးကနေပတ်ပြီး ဟောင်နေကြတာဗျို့။ သရဲကြီးနှစ်ကောင်ကလည်း တစ်ကောင်နဲ့ တစ်ကောင်ရိုက်ကြပုတ်ကြနဲ့ အသေအကြေကို သတ်နေတာဗျ။ ခွေးတွေကလည်း တအားကို ဟောင်နေတာဗျို့။

ကျုပ်တောင်မှ မှောင်ထဲက ကြည့်နေရင်း ကြက်သီးတွေတဖျန်းဖျန်း ထလို့ဗျို့။

"ဝူး၊ အား၊ အား၊ အီး၊ အီး၊ ဝူး"

ဟာ…နှစ်ကောင်သား လုံးထွေးပြီး ဖက်သတ်ကြပြီဗျို့။ သရဲမကြီးက မည်းမည်းသရဲကြီးကို လည်ပင်းလိမ်ချိုးတာဗျ။ ဒါပေမဲ့ မည်းမည်းသရဲကြီးက လည်ပင်းတုတ်တုတ်ကြီးဆိုတော့

ဘာမှကို မဖြစ်တာဗျ။ ဒါဟာ သရက်ပင်ပေါ်က သရဲမကြီးရဲ့ တိုက်နေကြပုံစံ ဖြစ်မယ်ဗျ။ လည်ပင်းကို လိမ်ချိုးဖို့ပဲ သူကြိုးစား နေတာ။ မည်းမည်းသရဲကြီးက ဒေါသတွေ မထိန်းနိုင်အောင် ဖြစ်လာပြီး ဟာ…ကိုက်ပြီဗျို့။ သူ့ပါးစပ်ကြီးကို အကျယ်ကြီးဟ ပြီး သရဲမကြီးရဲ့ ပခုံးကို ကုန်းကိုက်ပြီဗျို့။ သရဲမကြီးက တော် တော်နာသွားပုံပဲဗျ။

"အား၊ အီး၊ အီး"

ဆိုပြီး တအားကြုံးအော်လိုက်တယ်ဗျ။ ပြီးတာနဲ့ သရဲ မည်းမည်းကြီးရဲ့ ရင်ဘတ်ကြီးကို သူ့ရဲ့ လက်ဝါးကြီးနဲ့ အသားကုန် ရိုက်လိုက်တာဗျို့။

"ဘုန်း"

ဟာ…ပြင်းလိုက်တဲ့ လက်ဝါးရိုက်ချက်ဗျာ။ မည်းမည်း ကောင်ကြီး နောက်ကိုယိုင်ပြီး ဖင်ထိုင်ရက်ကို ပြုတ်ကျသွားတာ ဗျို့။

"ဝုတ်၊ ဝုတ်၊ ဝုတ်"

ခွေးတွေက ဖင်ထိုင်ရက်ကြီး လဲကျနေတဲ့ သရဲကြီးကို ထိုးဟောင်နေတယ်ဗျ။ ဖင်ထိုင်ရက် လဲကျနေတဲ့ သရဲကြီးက မြေကြီးကို လက်ဝါးကြီးနဲ့ထောက်ပြီး ပြန်ထဖို့ လုပ်နေတာဗျ။ ရှေ့ကို ကုန်းကုန်းကြီး ဖြစ်နေတာပေါ့ဗျာ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဒီအခွင့်အရေးကို သရဲမကြီးက လက်လွှတ်မခံဘူးဗျ။

လွှားကနဲ ခုန်လိုက်ပြီးတော့ သရဲမည်းမည်းကြီးရဲ့ ကျောကုန်းကို သူ့လက်ဝါးကြီးနဲ့ ဆက်တိုက်ရိုက်တော့တာဗျာ။ သရဲမည်းမည်းကြီး ပြန်မထနိုင်တော့ဘဲ ရှေ့ကို ဟပ်ထိုးကြီး လဲကျသွားရောဗျို့။

ဒီတော့မှ သရဲမကြီးက နောက်ကို ပြန်ဆုတ်ပြီး ရပ်ကြည့်နေတာဗျ။ မည်းမည်းသရဲကြီးက လဲနေရာကနေ မနည်းကို ထယူနေရတာဗျို့။ မတ်တတ်ကြီးရပ်ပြီးတာနဲ့ ရှေ့ကို ဆက်မသွားတော့ဘဲ နောက်ကို ပြန်လှည့်ပြီး သူလာတဲ့လမ်းအတိုင်း ပြန်သွားလေရဲ့ဗျာ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

ခွေးတွေကလည်း ပြန်လှည့်သွားတဲ့ မည်းမည်းသရဲကြီး နောက်ကလိုက်ပြီး ဟောင်နေကြရောဗျာ။ သရက်ပင်ပေါ်က ခုန်ချတဲ့ သရဲမကြီးက ဖျတ်ကနဲ ပျောက်သွားတယ်ဗျို့။ ဒီတစ်ခါတော့ ကျုပ်က သိနေပြီလေဗျာ။ သရက်ပင်ပေါ်ကို ကျုပ် လိုက်ကြည့်တယ်။ ဟုတ်ပ့ါဗျာ။ သရက်ပင်ပေါ်မှာ ငုတ်တုတ်ကြီး ထိုင်လို့ဗျ။

ခင်ထားကို လာပြီး ပိုးတဲ့ပန်းတဲ့ ကလေးတွေကို ရိုက်လွှတ်တာ ဒင်းလက်ချက်ပဲဆိုတာ ကျုပ်သိသွားပြီဗျ။ ကျော်ကျော်ဆိုတဲ့ ကောင်လေးကို လည်ပင်းလိမ်ချိုးတာလည်း ဒင်းပဲဗျ။

ဒါဆိုရင် ကလေးတွေ ပင့်ပြီးမေးကြတဲ့ ဖျာလိပ်နတ်မအောင်ဖြူရဲ့ တပည့်လက်သားဟာ ဒီသရဲမကြီးပဲပေါ့ဗျာ။ ကျုပ်သဘောပေါက်သွားပြီဗျို့။ ဒါဆိုရင် ဖျာလိပ်နတ် မအောင်ဖြူကို အကြောင်းကြားပြီး ဖယ်ထုတ်ရင်ရမလားလို့ ကျုပ်တွေးတယ်။

ဒါပေမဲ့ ကျုပ်က ဘာအဆင့်မှ မရှိဘဲနဲ့ နတ်ကို အမိန့်ပေးလို့ မရနိုင်ဘူးဗျ။ (၃၇)မင်း နတ်တွေကို အထက်လမ်း ဝိဇ္ဇာတွေ ဆရာကြီးတွေကတော့ အမိန့်ပေးပြီး နိုင်းစေလို့ ရတယ်ဗျ။ တာတေဆိုတာက ဆရာကြီးမှ မဟုတ်တာ၊ ဆရာကြီးတွေ လက်တိုလက်တောင်းနိုင်းတဲ့ ကောင်လေးတစ်ယောက်ပဲလေဗျာ။ ဘယ်လိုလုပ်ပြီး ဖျာလိပ်နတ်ကို အမိန့်ပြန်လို့ရမှာတုံး။ မနတ်မိုးလင်းတော့ ကျုပ်စိတ်ကူးတစ်ခု ရတယ်ဗျ။ ဒါနဲ့ စောစောထပြီး သစ်စုန်းဆေးတော်ကြီးနဲ့ ပန်းပေါင်းဆေးတော်ကြီးကို ရေထဲမှာ ခြစ်ထည့်ပြီး ဖျော်လိုက်တယ်။ ကလေးမလေး ငါးယောက်ကို ခွက်ကလေးတွေနဲ့ တစ်ယောက် တစ်ခွက်စီ သောက်နိုင်းထားလိုက်တယ်။

ဘာဖြစ်လို့ ဆေးတော်ကြီးတွေ တိုက်ထားတာတုံးဆိုတော့ ကလေးတွေကို လိပ်ပြာလှလို့ဆိုပြီး အတင်းဝင်ကပ်မှာတို့၊ လိပ်ပြာနှုတ်ယူသွားမှာတို့ကို တွေးမိပြီး စိုးရိမ်သွားလို့ဗျ။

နောက်တစ်နေ့ ကျုပ် အပြင်က ပြန်ရောက်တော့ ပြဿနာက စတော့တာပဲဗျာ။ အဲဒီနေ့က လွှတ်လပ်ရေးနေ့ဗျ။ ကောင်မလေးတွေ ကျောင်းပိတ်တယ်။ ကျုပ်တို့ အပြင်သွားတုန်း ဒီကောင်မလေးတွေ ဖျာလိပ်နတ် ပင့်ကြတယ်တဲ့ဗျ။ ကျုပ်ပြန်ရောက်တော့ သူတို့ ငါးယောက် မျက်စိမျက်နှာတွေ ပျက်နေကြတာဗျ။

"ဟဲ့ မြနွယ်၊ နင်တို့ငါးယောက် ဘာဖြစ်လို့တုံး၊ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်ကြလို့တုံး"

"ကိုကြီးကာတေး၊ ကျုပ်တို့ နေ့လည်က ဖျာလိပ်နတ် ပင့်တာ လုံးဝမကြွတော့ဘူးတော့"

မြနွယ်က ကျုပ်ကို ပြောတာဗျ။

"ဟေ...ဟုတ်လား၊ နင်တို့ ညာသောချာချာ ပင့်လို့လား"

"ဟာ...ခါတိုင်းလိုပဲ ပင်တာတော့၊ လုံးဝမှကို မကြွ တော့တာ"

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေး မီးညှိပြီး ဖွာနေလိုက် တယ်ဗျ။ ကျုပ်တွေးကြည့်တာတော့ ကျုပ်တိုက်ထားတဲ့ ဆေးတော် တွေကြောင့် ဖျာလိပ်နတ် မအောင်ဖြူ ကလေးမတွေနား မကပ်နိုင် တော့ဘူး ထင်တယ်ဗျို့။ ဒါပေမဲ့ ကောင်မလေးတွေကိုတော့ ကောင်းအောင်ပြောရတာပေါ့ဗျာ။

"သူတို့လည်း မအားမလပ်တဲ့အခါ ရှိမှာပေါ့ မြနွယ်ရယ်၊ နတ်သဘင်အစည်းအဝေးတို့ ဘာတို့ ရှိတယ်လို့ ကိုကြီးကာတေ ကြားဖူးတာပဲ၊ အဲဒီတွေဘာတွေ သွားနေရလို့ ရှိမှာပေါ့ဟာ"

"ကျုပ်တို့က စိုးရိမ်တာတော့၊ ကျုပ်အဘက ဆရာတွေ ခေါ်လာပြီး လုပ်ဟယ်ကိုင်ဟယ်ဆိုတော့ ကျုပ်တို့ကို မအောင်ဖြူ စိတ်ဆိုးသွားသလားလို့ပါ၊ နတ်စိတ်ဆိုးရင် မကောင်းဘူးလို့ ပြော ကြတယ်တော့"

ခင်ထားကလည်း စိုးရိမ်တကြီးနဲ့ ပြောတယ်ဗျို့။

"ဟာ...မဟုတ်တာ ခင်ထားရယ်၊ အဲဒီဆရာကိုတင် မောင် လာပြီးမှ နောက်နေ့ နင်တို့ပင့်တာ ကြွလာတာပဲ မဟုတ်

လား"

"အေး ဟုတ်သားပဲ ခင်ထားရဲ့၊ နောက်နေ့ တို့ပင့်တော့ ကြွတာပဲဟာ၊ စိတ်ဆိုးတဲ့ပုံစံမှ မပြတာ"

မြနွယ်က ခင်ထားကို ပြောတာဗျ။

"အေး ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါက စိုးရိမ်လို့ ပြောတာပါဟယ်"

ခင်ထားက ဆက်မပြောတော့ဘူးဗျ။

ကလေးမတွေက ဆက်မပြောတော့ပေမယ့် ကျုပ်စိတ်ထဲ တော့ တော်တော်ကို ရှုပ်ထွေးနေတာဗျ။

ဖျာလိပ်နတ် မအောင်ဖြူရယ်၊ ဝိုင်းဝသရက်ပင်ပေါ်က သရဲမကြီးရယ်၊ ပြီးတော့ ဒီလမ်းထဲကို နာနာဘာဝတွေ အလာများ တာတွေရယ် တော်တော်ကို ရှုပ်ထွေးနေတာဗျ။ လေးလေးဘခင် ပြန်လာတော့ ကျုပ်က ခပ်တိုးတိုး တိုင်ပင်ရတယ်။ လေးလေး ဘခင်ကတော့ ရဲတွေလည်း မလာဘူး၊ သူ့သမီးတွေလည်း အစစ် အဆေး မခံရဘူးဆိုတော့ စိတ်အေးနေတဲ့ပုံဗျ။

"လေးလေး၊ ညက ခွေးဟောင်သံတွေ ကြားလား"

"အေး ကြားတာပေါ့ တာတေရာ၊ ဆူညံနေတဲ့ဥစ္စာ၊ ပြီးတော့ မင်းထကြည့်နေတာလည်း လေးလေး သိပါတယ်၊ မင်း ဘာတွေ တွေ့ရို့တုံးကွ"

"သရဲကြီးတစ်ကောင် ဒီလမ်းထဲကို ဝင်လာတာဗျ၊ လေးလေးရဲ့ အဲဒါကို ဒီလမ်းထဲက ခွေးတွေက ဝိုင်းဟောင်နေကြ

တာ"

"ဪ…ဒါကြောင့်ကိုး"

"အဲ…ဒါနဲ့ မပြီးသေးဘူးဗျ"

"ဟော…ဘာဖြစ်သေးလို့တုံး"

"ကျုပ်ဝိုင်းဝက သရက်ပင်ကြီးပေါ်ကနေ မြွေကြီး တစ်ခု ခုန်ဆင်းလာတယ်ဗျ။ အဲဒါ သရဲမကြီး လေးလေးရဲ့ အဲဒီသရဲမကြီးနဲ့ လမ်းထဲကို ဝင်လာတဲ့ သရဲကြီးနဲ့ သတ်ကြပုတ် ကြတာ လေးလေးရေ"

"ဟော…ဟုတ်လား"

"ဒီသရက်ပင်ပေါ်က ခုန်ချတဲ့ သရဲမကြီးက နိုင်သွားလို့ မည်းမည်းကောင်ကြီး လှည့်ပြန်သွားတယ်ဗျ၊ ကျုပ် သေသေချာချာ ကြည့်လိုက်တယ်။ အဲဒီသရဲမကြီးက ဟိုညက ဒီအိမ်ကိုပတ်ပြီး ပျောက်သွားတဲ့ သရဲမကြီးဗျ"

"ဟော…ဒါဆိုရင် ဒီသရက်ပင်ပေါ်မှာ နေတဲ့ဟာကြီး ပေါ့"

"ဟုတ်တယ် လေးလေး၊ အဲဒါကို ဒီအတိုင်း ထားလို့ တော့ မရဘူးဗျ၊ တစ်ခုခုလုပ်မှ ဖြစ်လိမ့်မယ်"

"ဟော၊ ဘယ်လိုလုပ်မှာတုံး တာတေ"

"ကျုပ် မဖဲဝါကို တိုင်ပင်ကြည့်မယ်ဗျာ၊ သူပြောတဲ့ အတိုင်း လုပ်ရမှာပဲ"

"အေးကွာ၊ မင်းကောင်းသလိုသာ စီရင်ပါ တာတေရာ"

"ဒီအကြောင်းကို ကလေးမလေးတွေ မသိစေနဲ့ လေးလေး၊ သိရင် တအားကြောက်သွားလိမ့်မယ်"

"အေးပါကွာ၊ လေးလေး မပြောပါဘူး"

"ကျုပ် ဒီည မြို့က သင်္ချိုင်းထဲမှာ မဖဲဝါ သွားပြီးမေးမယ်၊ အမဲသား တစ်ပိဿာဝယ်ပြီး ထမင်းတစ်ခွက်ချက် ချက်ရမယ်"

"ထမင်းကိုတော့ ဓရီကို ချက်ခိုင်းမယ်လေ၊ အမဲသား တော့ လေးလေး သွားဝယ်လိုက်မယ်။ မြို့မှာဆိုတော့ နေ့တိုင်း အမဲသား ရတာပဲ တာတေရာ"

"ဟာ...လေးလေးတစ်ယောက်တည်း မသွားပါနဲ့၊ ကျုပ်လည်း လိုက်မှာပေါ့"

ဈေးမှာ လေးလေးနဲ့ ကျုပ်နဲ့ အမဲသား သွားဝယ်တယ်။ အမဲသားဝယ်ရင်းနဲ့ ကျုပ်က ကားယားတင်မြင့် ကို တစ်ခါတည်း မှာခဲ့တာဗျ။ ညကျရင် သင်္ချိုင်းထဲကို ကျုပ်နဲ့ လိုက်ခဲ့ဖို့ ပြောခဲ့တာဗျို့။ ငယ်သူငယ်ချင်းတွေဆိုတော့ တင်မြင့်က ဝမ်းသာအားရနဲ့ လိုက်ခဲ့ဖို့ ကတိပေးတာဗျ။ ည ၈ နာရီထိုးတော့ ကားယားတင်မြင့် စက်ဘီးလေးနဲ့ ကျုပ်အိမ်ကို ရောက်လာတယ်။ ကျုပ်က ထမင်းတောင်းကို အဆင်သင့်လုပ်ထားပြီဗျ။ နှစ်ယောက် သား သင်္ချိုင်းဘက်ကို ထွက်ခဲ့တယ်။ တင်မြင့်က စက်ဘီးနင်းပြီး တော့၊ ကျုပ်က နောက်က ကယ်ရီယာပေါ်မှာ ထမင်းတောင်း လေးပွေ့ပြီး လိုက်ခဲ့တယ်။ သင်္ချိုင်းက မြို့ရဲ့ အနောက်မြောက်

ယောင့်မှာဗျ။ တော်တော်လေးတော့ နင်းရတယ်။ သချိုင်းထဲ ရောက်တော့ ခပ်ကျယ်ကျယ်ဂူကို လိုက်ရှာကြတယ်။

ကျောင်းဒကာ

ပွဲစားကြီး

ဦးမြ

အသက်(၈၀)

လို့ ရေးထားတဲ့ ဂူကြီးပေါ်မှာ ထမင်းတောင်းထဲက ငှက်ပျောဖက်နဲ့ ထုပ်ယူလာတဲ့ ထမင်းထုပ်ကို မဖဲဝါအတွက် ကျုပ်က ပြင်ဆင်ပေးလိုက်တယ်။ ဘေးမှာလည်း ပလတ်စတစ် ရေဖလားနဲ့ သောက်ရေတစ်ဖလား ချပေးထားလိုက်တယ်။ ပြီးတော့မှ ဂူပေါ်မှာ ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး စိုက်ထား လိုက်တယ်။

"ဖလပ်၊ ဖလပ်၊ ဖလပ်၊ ဖျန်း ဖျန်း"

ငှက်တွေ လန့်ပျံသွားကြတာဗျ။ ကျုပ်ထွန်းလိုက်တဲ့ မီးရောင်ကြောင့်လား တခြားအကြောင်းကြောင့်လားတော့ မသိဘူး ပေါ့ဗျာ။ ကျုပ် မဖဲဝါ ပင့်တာကို တစ်ခါမှ မမြင်ဘူးတဲ့ ကားယား တင်မြင့်က အံ့ဩပြီး ကျုပ်ကို ကြည့်နေတယ်ဗျ။

တကယ်တော့ ဒီသချိုင်းကုန်းက ကျုပ်နဲ့ သိပ်မစိမ်းပါ ဘူးဗျာ။ ကျုပ် ငါးတန်းကျောင်းသားဘဝကတည်းက ဘထစ်လို့ ကျုပ်တို့ခေါ်တဲ့ ကျုပ်သူငယ်ချင်း ဘချစ်နဲ့ လိုက်လာနေကျ သချိုင်း လေဗျာ။ ဘချစ် လူခေါင်းခွံတွေထဲက ကူးတို့ခပိုက်ဆံတွေခေါက်

ပြီး ထုတ်ယူတာလည်း ဒီသချိုင်းထဲမှာပဲဗျ။ ဘထစ်အကြောင်းကို မဖတ်ရသေးရင်တော့ ကျုပ်ရေးခဲ့တဲ့ **'သချိုင်းတစ်ရာ မဖဲဝါ'** စာအုပ်ထဲက **'သုသာန်ကျောင်းက မောင်ဘထစ်'** ဆိုတဲ့ ဝတ္ထုလေးကို ဖတ်ကြည့်ပေါ့ဗျာ။

ကားယားတင်မြင့်က ကျုပ်များကို လာရပ်နေတာ မဟုတ်ဘူးဗျ။ ခပ်လှမ်းလှမ်းက ဂူကြီးတစ်ခုလုံးကို ကွယ်ပြီး ချောင်းကြည့်နေတာဗျ။ အခြေအနေမဟန်ရင် ကျုပ်ကိုထားပြီး ကားယားတင်မြင့်က ကားယား ကားယားနဲ့ ထွက်ပြေးမှာပေါ့ဗျာ။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်၊ မြောက်ရှုဝ်၊ အတွင်း၊ ရောက်လေရာအရပ်ကနေ အမြန်ဆုံး ကြွခဲ့ပါ၊ သချိုင်းရှင်မကြီး မဖဲဝါဗျာ၊ ထနောင်းကုန်းက တာတေက သချိုင်းရှင်မကြီးကို စားပွဲနဲ့ ကြိုပါတယ်၊ မြန်မကြာ ကြွလာခဲ့ပါ သချိုင်းရှင်မ မဖဲဝါဗျာ"

ကျုပ်က မဖဲဝါကို ပင့်တယ်ဗျ။ ကားယားတင်မြင့်က ကျုပ်လုပ်နေတာတွေကို တအံ့တဩနဲ့ ကြည့်နေတာဗျ။ ဒီကောင်ကြီးက ကျုပ်ကို ခင်လွန်းလို့သာ လိုက်လာခဲ့တာဗျ။ လွတ်ကြောက်တတ်တဲ့ ကောင်ကြီးဗျ။ ကျုပ်လုပ်ကိုင်နေတာတွေကို မျက်လုံးအပြူးသားနဲ့ ကြည့်နေတာဗျို့။ ပေါ်ပေါ်တင်တင်လည်း မကြည့်ရဲဘူးဗျ၊ ဂူကြီးတစ်လုံးကို ကွယ်ပြီး ချောင်းကြည့်နေတာဗျို့"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ပေါ၊ လာပြီဗျို့။ မဖဲဝါရဲ့ ခွေးကြီး နက်ကျော်ရဲ့ အသံဗျ။ ဟာ လာပြီဗျို့၊ လာပြီ။ မဖဲဝါက ဂူတွေပေါ်က ရိပ်ကနဲ ရိပ်ကနဲ ရွေ့လာတာဗျ။ ကျုပ်မီးထွန်းထားတဲ့ ဂူဆီကို တန်းလာတာဗျ။ ကျုပ်က မျက်ကွင်းဆေးကို မျက်လုံးလည်းကွင်း နားလည်း လိမ်းထားတယ်ဗျ။ မျက်လုံးကိုကွင်းတဲ့အချိန်မှာ ဒိဗ္ဗစက္ခု ဂါထာ ရွတ်ရတယ်။ နားကိုလိမ်းတဲ့အချိန်မှာ ဒိဗ္ဗသောတဂါထာကို ရွတ်ရတယ်လေဗျာ။

မဖဲဝါက သူ့ရဲ့ နဂိုပုံစံအတိုင်းပဲ ရောက်လာတာဗျို့။ အရုပ်ကြီးက ဆယ်ပေကျော်ကျော်လောက်မြင့်တယ်။ မျက်လုံးကြီး နှစ်လုံးက နီရဲပြီး ပြူးထွက်နေတာဗျ။ ဆံပင်က ဖားလျားကြီး ချထားတာ။ အင်္ကျီက အနက်၊ ထဘီက အနက်ပေါ်မှာ အချိတ်တွန့်တွေ ပါတယ်။ ဒူးကြီးတစ်ဖက် ထောင်ထိုင်ပြီး ကျုပ်ကျွေးထားတဲ့ အမဲသားဟင်းနဲ့ ထမင်းကို စားတော့တာဗျို့။ စားရင်းနဲ့ ဂူဘေးမှာ ထိုင်နေတဲ့ နက်ကျော်ကြီးဆီကိုလည်း အမဲသားတုံးတွေ ပစ်ချပြီး ကျွေးသေးတယ်ဗျာ။ တော်တော်လေး စားပြီးတော့ ကျုပ်ကို မော့ကြည့်တယ်။ ကျုပ်ကလည်း ပြောဖို့ အဆင်သင့် စောင့်နေတာလေဗျာ။

"ဒီလိုပါ မဖဲဝါ၊ မြို့ရဲ့မြောက်ပိုင်းမှာနေတဲ့ ဘန့်ဘွေး ကုန်းက လေးလေးဘခင်ရဲ့ သမီးလေးတွေ ဖျာလိပ်နုတ် မအောင်ဖြူကို ပင့်ပြီး ဖျာလိပ်နုတ် မေးကြတယ် မဖဲဝါ။ အဲဒါ ဖျာလိပ်ကြီး တဆတ်ဆတ်တုန်ပြီး တကယ်ဝင်တာဗျ။ ပြီးတော့ ဖျာလိပ်ကြီးက

တစ်ဆစ်ချိုးပြီးရိုက်တာ မဖဲဝါ၊ ပြီးတော့ အဲဒီကလေးမလေးကို လှုပ်ရှိလှည့်တဲ့ ကောင်လေးတွေကို ကျောကုန်းမှာ လက်ဝါးရာကြီး ထင်အောင် ရိုက်တယ်ဗျ။ နောက်ဆုံး ရိုက်ရုံတင်မဟုတ်ဘဲ လည်ပင်းကို လိမ်ချိုးပြီး သတ်ပစ်တယ်ဗျ။ အဲဒါ…"

"တာတေ၊ အဲဒါ မအောင်ဖြူတော့ ဟုတ်တယ်၊ ဖျာလိပ်နတ် မဟုတ်ဘူး၊ သရက်ပင်မှာနေတဲ့ သရဲမ မအောင်ဖြူဟဲ့၊ ကောင်မလေးတွေက မအောင်ဖြူ ကြွပါလို့ ပင့်တော့ သရဲမ မအောင်ဖြူက အိမ်ထဲဝင်လို့ ရသွားတော့တာပေါ့၊ ဒီမှာတင် သူက ဖျာလိပ်ကို ဝင်ပူးပြီး ကလေးတွေနဲ့ ဆော့နေတာ၊ အဲဒီထဲက ကလေးမတစ်ယောက်ကို သူပိုချစ်တယ်"

"ဟုတ်ပါတယ် မဖဲဝါ၊ ဟုတ်ပါတယ်"

"အေး၊ အဲဒါ ဘာဖြစ်လို့တုံးဆိုတော့ သရဲမ မအောင်ဖြူ လူ့ဘဝတုန်းကရပ်က အဲဒီကလေးမလေးနဲ့ ရုပ်ချင်းချွတ်စွပ်တူတယ် တာတေ၊ လူတူမရှားလေ၊ အဲဒါကြောင့် အဲဒီကလေးမလေးကို သူ တန်းတန်းစွဲခင်နေတာ၊ သရဲမ မအောင်ဖြူက တခြားက လာတာမဟုတ်ဘူးဟဲ့၊ အဲဒီအိမ် ပထမဆုံးပိုင်ရှင်ရဲ့ သမီးပဲ၊ ဒီအိမ်က ပိုင်ရှင်သုံးယောက် ပြောင်းသွားပြီ၊ အဲဒီအိမ်ကို ပထမဆုံး ဆောက်ခဲ့တဲ့ အိမ်ရှင်ရဲ့သမီး မအောင်ဖြူဆိုတာ ရည်းစားအတွက် အဆိပ်သောက် သေခဲ့တာ၊ ယောကျ်ားတွေကို သိပ်မုန်းတဲ့ ကောင်မဟဲ့ တာတေရဲ့။ ဒါကြောင့် ဟိုကောင်မလေးကို ထိကပါး ရိကပါးလုပ်တဲ့ကောင်တွေကို ရိုက်ရုံတင်မဟုတ်ဘူး၊ သတ်ပစ်

လိုက်တာ"

"ဟာ..မဖဲဝါရယ်၊ သူ့တို နှင်ထုတ်လို့ ရပ်မလားဗျာ"

"အိမ်ရှင်က မလိုလားဘူးဆိုရင် နှင်ထုတ်လို့ရတယ်၊ သူက လူလည်း သတ်လိုက်တော့ ပိုပြီးနှင်ခွင့်ရှိတာပေါ့၊ ဒါပေမဲ့ ဒေါသစိတ်တွေ၊ မကျေနပ်တဲ့စိတ်တွေနဲ့သေပြီး သရဲဖြစ်လာတော့ တော်တော်ကို ရိုင်းစိုင်းကြမ်းတမ်းတာ၊ လွယ်လွယ်နဲ့တော့ နှင်လို့ ရမှာမဟုတ်ဘူး တာတေ၊ နှင် ငါ့ရဲ့ ကိုယ်ပွားရုပ်ကိုမြင်ပြီး ငါ့ အမိန့်နဲ့ နှင်ကြည့်ပေါ့၊ ဒီသချိုင်းကို လာရမယ်လို့ ငါ့အမိန့် ပြန်ကြည့်လိုက်၊ မရရင်တော့ နှင့်ဆရာကြီးကို လှပ်နိုင်းပေတော့"

"ကျုပ်ဆရာကြီးတွေလည်း ဘယ်ရောက်နေကြမှန်း မသိ ဘူး မဖဲဝါရဲ့"

"တာတေ၊ နှင့်ဆရာကြီး နှင့်ဆီ လာနေပြီ၊ နောက်နှစ်ရက် ဆိုရင် ရောက်မယ်"

"ဟင်၊ ဘယ်သူတုံး မဖဲဝါ"

"ဘိုးလူပေလေ"

ဟာ...ကျုပ်ဖြင့် ဝမ်းသာလုံးကို ဆို့သွားတာပဲဗျာ။ ဘိုးလူပေ လာလို့ကတော့ ဒီကိစ္စ ပြီးပြီပေါ့ဗျာ။

မဖဲဝါက စားသောက်ပြီးတော့ ပြန်ထွက်သွားတယ်ဗျ။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

နက်ကျော်ကြီးရဲ့ အသံက တဖြည်းဖြည်း ဝေးသွားပြီဗျို့။ ကားယားတင်မြင့်နဲ့ ကျုပ်လည်း စက်ဘီးလေးနဲ့ အိမ်ပြန်ခဲ့ကြတယ်။

•

အရှေ့ဘက်တောင်းတင်

"တာတေ၊ မင်း မဖဲဝါကို မြင်ရလားကွ"

"ငါမြင်ရတယ် ကားယားရဲ့"

"ဟေ…ဟုတ်လား၊ ငါတော့ မမြင်ရပါလား"

"ငါက ဆရာကြီးတွေ ပေးထားတဲ့ မျက်ကွင်းဆေး ရှိတယ်ကွ၊ အဲဒါ ကွင်းထားတာ"

"ဩော်…မင်းက ဒါကြောင့် မြင်ရတာလား"

"အေး ဟုတ်တယ် ကားယား"

"မဖဲဝါက ဘယ်လိုပုံလဲကွ"

ကျုပ်က မဖဲဝါရဲ့ ပုံသဏ္ဍာန်ကို ပြောပြလိုက်တယ်။ ကျုပ်ပြောတာကို ကြားတော့ ကားယားတင်မြင့် တော်တော်ကို ကြောက်သွားတာဗျ။ ကျုပ်ကို အိမ်ပြန်ပို့ပြီး ကားယားတင်မြင့် ပြန်သွားတယ်။

ညသန်းခေါင်ချိန်ကျတော့ တစ်အိမ်သားလုံး အိပ်ပျော်နေတဲ့အချိန်မှာ မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးယူပြီး ဝိုင်းထဲကို ကျုပ်ဆင်းလာတယ်။ ကျုပ်က ကိုယ့်အကြံနဲ့ကိုယ်ဆိုတော့ မျက်ကွင်းဆေးတွေ မဖျက်သေးဘူးဗျ။ မဖဲဝါကို ကျုပ်တိုင်တည်လိုက်တော့ ကိုယ်ပွားရုပ်ကလေး လှုပ်လာတယ်ဗျ။

"သရက်ပင်မှာနေတဲ့ မအောင်ဖြူ၊ ခင်ဗျားကို သချိုင်းရှင်မ မဖဲဝါက အမိန့်ရှိလိုက်တယ်၊ အခုချက်ချင်း သချိုင်းထဲကို လာခဲ့ရမယ်၊ မဖဲဝါ အမိန့်"

လို့ ကျုပ်က အမိန့်ပြန်ပေးလိုက်တယ်။

"တောက်"

ဟာ၊ သရက်ပင်ကြီးပေါ်က တောက်ခေါက်တဲ့အသံကြီး ထွက်လာတယ်ဗျို့။ ကျုပ်က မဖဲဝါရဲ့ ကိုယ်မွှားရုပ်ကလေးကို ကိုင်လျက်နဲ့ သရက်ပင်ပေါ်ကို မော့ကြည့်လိုက်တယ်။ အောင်မယ်လေးဗျာ၊ သရက်ပင်ပေါ်မှာ ထိုင်နေတဲ့ သရဲမ မအောင်ဖြူက နည်းနည်းနောနောကြီး မဟုတ်တာဗျာ။ ကျုပ်တောင် ယောင်ပြီးတော့ နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်မိတယ်ဗျ။

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း"

သရက်ပင်ကြီးတစ်ပင်လုံးက သစ်ကိုင်းတွေ လေမတိုက်ဘဲ 'တဝုန်းဝုန်း' ဖြစ်ကုန်တော့တာဗျို့။

ဟာ…သရက်ပင်ကြီးတစ်ပင်လုံး လေမုန်တိုင်း တိုက်သလိုလို ရမ်းခါနေတာဗျို့။

"တောက်၊ ငါ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး"

ကျုပ်နားထဲမှာ သေသေချာချာကို ကြားလိုက်ရတာဗျို့။ အသံကြီးက ကြောက်စရာကြီးပါဗျာ။ အခြေအနေမဟန်မှန်း ကျုပ်သိတယ်ဗျ။ ဒါနဲ့ ကျုပ်လည်း အိမ်ပေါ်ကို ပြန်တက်လာခဲ့တယ်။

သရက်ပင်ကြီးကတော့ တော်တော်ကြာအောင်ကို တဝုန်းဝုန်း လှုပ်နေသေးတာဗျ။ တော်သေးတာပေါ့ဗျာ။ ဘေးအိမ်ကလူတွေ မနိုးကြလို့။

မနက်ကျတော့ လေးလေးဘခင်က ကျုပ်ကို မေးတယ်။

"ညက ဘာတွေထူးတုံး တာတေ"

ကျုပ်ကလည်း ကားယားတင်မြင့်နဲ့ သွားတဲ့ကိစ္စက စပြီး မဖဲဝါ ပြောတာတွေကို အားလုံးပြောပြလိုက်တယ်။ ဒီတစ်ခါတော့ ကလေးမလေးတွေပါ ကျုပ်ပြောတာကို ထိုင်ပြီးနားထောင်ကြတယ်။

သူတို့လည်း အဖြစ်မှန်ကို သိသွားတော့ တော်တော်ကို ကြောက်သွားကြတာဗျ။

"သမီးတို့က တယ်ဆော့ကြတာကိုး၊ ဘာလို့ ဖျာလိပ်နတ်ကို ပင့်ရတာတုံး၊ အခုတော့ ဖျာလိပ်နတ်နဲ့ သရဲမနဲ့က နာမည်ချင်းတူနေတော့ သရဲမက ဝင်ဝင်ပူးနေတော့တာပေါ့။ တာတေ၊ ဒီသရဲမကို ရအောင်နှင်ပေးပါကွာ၊ နှင်လို့ မရရင်တော့ လေးလေး ဒီအိမ်ကို ပြန်ရောင်းတော့မယ်ကွ"

"နေပါဦး လေးလေးရယ်၊ ကျုပ်ဆရာကြီး ဘိုးလူပေ မနက်ဖြန်ဆိုရင် ကြွလာတော့မှာပါ"

"ဟေ…ဟုတ်လား၊ မင်းဆီကို ဘိုးလူပေဆီက စာရောက်လာလို့လား"

"စာရောက်တာမဟုတ်ဘူး လေးလေးရဲ့၊ ညက မဖဲဝါ ပြောလိုက်တာ"

"ဟေ…မဖဲဝါက တော်တော်ကို အစွမ်းရှိပါပဲလား"

"လောလောဆယ်တော့ ကျုပ် မဖဲဝါအမိန့်နဲ့ နှင်ကြည့်တာ၊ သရဲမ မအောင်ဖြူက နည်းနည်းမှ ဂရုမစိုက်ဘူးဗျ၊ ညကဆိုရင် သရက်ပင်ကြီး လဲကျတော့မတတ်ကို ဝှန်းဆန့်သွားတာဗျ၊

တော်တော်ကို ဒေါသဖြစ်သွားတာ"

ကျုပ်က ကောင်မလေးငါးယောက်ကိုရော အရီးမရီကိုရော သစ်စုန်းဆေးတော်နဲ့ တခြားဆေးဝါးတွေ ရေမှာထည့်ပြီး တိုက်ထားလိုက်တယ်။ လေးလေးဘခင်ကိုလည်း တစ်ခွက်တိုက်တယ်။ ကျုပ်ကတော့ အရေးကြီးတဲ့ ဆေးတွေ အင်းတွေကို လည်ပင်းမှာ ကတ္တီပါအိတ်ကလေးထဲထည့်ပြီး ဆွဲထားလိုက်တယ်။ ကျုပ်တို့လူတွေကို အကာအကွယ်လုပ်မထားလို့ မဖြစ်ဘူးဗျ။ သရဲမ မအောင်ဖြူက တော်တော်ကိုကြမ်းတဲ့ နာနာဘာဝကြီးဗျ။ ဒါပေမဲ့ ကျုပ်အံ့ဩတယ်ဗျာ။ ဒီလောက်ကြမ်းတမ်းတဲ့ နာနာဘာဝကြီးက ဒီကလေးမလေးတွေအပေါ်မှာ တော်တော်ခင်မင်နေတာ လေဗျာ။

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း၊ ကျွီ၊ ကျွီ၊ ကျွီ"

ဟော ပြောရင်းဆိုရင်းနဲ့ သရက်ပင်က သရက်ကိုင်းတွေ တဝုန်းဝုန်း လှုပ်ခါနေပြီဗျို့။

"ဟာ…တာတေ၊ ဒါ ဘာဖြစ်တာတုံး"

လေးလေးဘခင်က ကျုပ်ကို မေးတာဗျ။

"အဲဒါ သရဲမကြီး မအောင်ဖြူလေဗျာ၊ ညက မဖဲဝါ အမိန့်ကို ပြန်လိုက်တာ စိတ်တွေဆိုးပြီး သရက်ပင်ကြီး လဲကျတော့မတတ်ကိုလုပ်တာ လေးလေးရေ၊ အခုဟာက တော်သေးတယ်"

"ဟာ၊ ဟုတ်လား ကိုကြီးတာတေ၊ ကျုပ်တို့ဖြင့် ကြောက်

လိုက်တာတော်၊ ဒီကိစ္စကို ဘယ်လိုလုပ်မလဲ ကိုကြီးတာတေ၊ ကိုကြီး မနိုင်ဘူးလား"

"ဟဲ့ မြနှယ်၊ ကိုကြီးတာတေက ဆရာ မဟုတ်ဘူးလေ၊ ဆရာတွေနဲ့ လျှောက်လိုက်ဖူးတာပဲရှိတာ၊ ဒါပေမဲ့ ကျုပ်ညီမတွေ ဘာမှမပူနဲ့၊ မနက်ဖြန်ဆိုရင် ကျုပ်ဆရာကြီး ဘိုးလူပေ ဒီမြို့ကို ရောက်လာလိမ့်မယ်၊ ကိုကြီးတာတေ ဘိုးလူပေကို ပင့်ပေးမယ်"

"လုပ်ပါ ကိုကြီးတာတေရယ်၊ ကျုပ်တို့ ကြာရင် သေလိမ့်မယ်တော့"

"ဟဲ့ နင်တို့ ကစားတုန်းကတော့ အတူတူကစားနေကြပြီးတော့ အခုမှ ကြောက်နေကြသလား"

"ဟာ ကိုကြီးတာတေကလည်း ကျုပ်တို့က ဖျာလိပ်နတ်မအောင်ဖြူလို့ထင်ပြီး မေးမြန်းနေကြတာတော့၊ သရဲမကြီးမှန်းသာ သိရင် ကျုပ်တို့ ဘယ်ခေါ်ပါ့မတုံးတော်"

"တောက်"

"ဟော…တောက်ခေါက်သံကြီးကွ တာတေရ"-

လေးလေးဘခင်ပါ ကြောက်နေတဲ့ပုံပဲဗျ။

"ဟုတ်တယ် လေးလေး၊ ညကလည်း တောက်တွေခေါက်၊ သရက်ပင်ကြီးကို လေမုန်တိုင်းတိုက်သလို ယိမ်းခါနေအောင် လုပ်တာဗျ၊ မကြောက်ပါနဲ့ဗျာ၊ လေးလေးတို့ကို ဘာမှ မလုပ်နိုင်ပါဘူး"

"မဖဲဝါ အမိန့်ကိုတောင် အာခံဝံ့တယ်ဆိုတော့ သူလည်း

ပေါ့သေးသေးတော့ မဟုတ်ဘူးထင်တယ် တာတေရဲ့"

"ဟုတ်တယ် လေးလေး၊ တခြားနာမှာဘာဝတွေက မဖဲဝါ အမိန့်ကိုကြားရင် ငြိမ်သွားကြတာ၊ ဒီသရဲမ မအောင်ဖြူကတော့ နည်းနည်းမှ မနာခံဘဲ ဂုန်းဒိုင်းကြနေတော့တာပဲဗျ"

"မင်းဆရာကြီး ဘိုးလူပေကတော့ ကျိန်းသေလာမှာပါ နော် တာတေ"

"ဟာ လေးလေးကလည်း မဖဲဝါပြောရင် ဘယ်တော့မှ မလွဲပါဘူးဗျ"

ညရောက်တော့ ကောင်မလေးတွေရော၊ လေးလေးဘခင် ရော၊ ကျုပ်ရော ဘယ်သူမှ မအိပ်ရဲကြဘူးဗျ။

ဘာဖြစ်လို့တုံးဆိုတော့ ဝိုင်းဝက သရက်ပင်ကြီးက လေပြင်းတိုက်သလို ယိမ်းခါပြီး သရဲမကြီးကလည်း 'တောက်' တွေ ခဏခဏ ခေါက်နေတာဗျ။

ဒီတော့လည်း ဘယ်သူမှ မအိပ်ရဲကြတော့ဘူးပေါ့ဗျာ။ နောက်နေ့မနက်မှာ ကျုပ် မြို့ထဲကို ထွက်ခဲ့တယ်။ ဘိုးလူပေကို ရှာဖို့ပေါ့ဗျာ။ ကျုပ် ဟိုနားဒီနားတွေ လျှောက်ကြည့်တယ်၊ လက်ဖက်ရည်ဆိုင်တွေမှာ လိုက်ရှာတယ်၊ မတွေ့ဘူးဗျ။ ဒါနဲ့ ကျုပ် ဘန်ဘွေးကုန်းကားဂိတ်ကို သွားစောင့်နေတယ်။ တကယ်လို့ ဘိုးလူပေ ရွာကိုသွားမှာဆိုရင် ဒီကားဂိတ်ကနေ ကားစီးရမှာလေ ဗျာ။

ကျုပ် ကားဂိတ်မှာ ထိုင်စောင့်နေတာ နှစ်နာရီကျော်ပြီဗျ။

ခုထိတော့ အရိပ်အယောင် မတွေ့ရသေးဘူး။

"မောင်တာတေ၊ ဟာ၊ အခန့်သင့်လိုက်တာ လူကလေး ရှာ"

"ဟာ…ဆရာကြီး၊ ကျုပ်က ဆရာကြီး လာမယ်ဆိုလို့ ဒီက လာစောင့်နေတာ"

"အံမာ၊ ကိုယ့်လူက တော်တော်ဟုတ်နေပြီပဲ၊ ကျုပ် လာမှာကိုတောင် ကြိုသိလို့ လာစောင့်နေတယ်ဆိုတော့"

တကယ်က ကျုပ်က တောင်ဘက်ကိုပဲ မဲကြည့်နေတာ ဗျို့။ ဘိုးလူပေက ကျုပ်ထိုင်နေတဲ့ နောက်ဘက်က လမ်းသွယ် လေးထဲက ထွက်လာတာ။ မန္တလေးကားနဲ့ ပါလာတဲ့ပုံဗျ။ ကျုပ်က ရန်ကုန်ကားနဲ့ ပါမယ်ထင်ပြီး တောင်ဘက်ကိုပဲ မဲကြည့်နေတာ။ ဘိုးလူပေက ကျုပ်နောက်က ပေါ်လာတော့တာပေါ့ဗျာ။

"ကျုပ်သိတာမဟုတ်ဘူး ဆရာကြီးရဲ့၊ မဖဲဝါ သိတာပါ"

"သြော်…မင်း မဖဲဝါနဲ့ တွေ့တယ်ဆိုတော့ ကိစ္စရှိနေပြီ ထင်တယ်"

"ဟုတ်တယ် ဆရာကြီး၊ ကိစ္စက ရွာမှာမဟုတ်ဘူးဗျို့၊ ဒီမြို့မှာ"

ကျုပ်က အဲဒီလို အစဖျိုးလိုက်ပြီး ဘိုးလူပေကို လက်ဖက် ရည်ဆိုင်ထဲ ခေါ်လာခဲ့တယ်။ ဆိုင်ထဲမှာ ထိုင်မိတော့မှ ဘိုးလူပေ ကို မုန့်တွေ လက်ဖက်ရည်တွေ ကပ်ရတာပေါ့ဗျာ။ ဘိုးလူပေ လက်ဖက်ရည် သောက်တုန်းမှာ ကျုပ်က ကလေးမလေးတွေ

ဖျာလိပ်နတ် မေးရာကစပြီး သရက်ပင်က သရဲမ မအောင်ဖြူ အကြောင်းအထိ ပြောပြလိုက်တယ်။ မဖဲဝါရဲ့ အမိန့်ကို အာခံတဲ့ အပြင် သရက်ပင်ကြီးကို ယိမ်းထိုးအောင်လုပ်ပြီး တောက်ခေါက် သံကြီးကြားတဲ့အထိပါ အားလုံး ဆရာကြီးကို လျှောက်ထားလိုက် ရတာပေါ့ဗျာ။

ဘိုးလူပေကို မုန့်တွေ လက်ဖက်ရည်တွေ ကပ်ပြီးတော့ ဆရာတပည့်နှစ်ယောက် လေးလေးဘခင်အိမ်ကို လာခဲ့ကြတာပေါ့ ဗျာ။ ဘန့်ဘွေးကုန်းသားတွေကတော့ ဘိုးလူပေကို မသိတဲ့လူ တစ်ယောက်မှ မရှိဘူးဗျ။ လေးလေးဘခင်လည်း ဘိုးလူပေကို ရင်းရင်းနှီးနှီး သိတာပေါ့ဗျာ။

"ဟာ…ဆရာကြီး ကြွလာပြီ၊ ဝမ်းသာလိုက်တာ ဆရာ ကြီးရယ်၊ ကျုပ်တို့ ဆရာကြီးကို မျှော်နေကြတာပါ"

လေးလေးဘခင်ရော၊ ကလေးမလေး ငါးယောက်ရော၊ အဓိးမရှီရော ဘိုးလူပေကို ကန်တော့ကြတယ်။ ဘိုးလူပေကလည်း ဆုတွေဘာတွေ ပေးတာပေါ့ဗျာ။ ဒီတုန်းမှာပဲ စာတ်လမ်းက စတော့တာဗျို့။

"တောက်"

တောက်ခေါက်သံကြီးဗျာ အကျယ်ကြီးပါပဲ။ ကောင်မ လေးတွေဆိုတာ ကြောက်ပြီး ရှေ့ကို တိုးလာကြတာဗျ။

"ကဲ ငါ့မြေးများ၊ ဖျာလိပ်နတ် ပင့်ပါဦးကွဲ၊ ဘိုး ကြည့် ချင်လို့ပါ"

"ဟာ…မလုပ်ပါနဲ့ ဘိုးရယ်"

ဘိုးလူပေက မြန္မယ်တို့ ခင်ထားတို့ကို စတာဗျ။

"ကဲ..မောင်တာတေရေ၊ မြို့ထဲထွက်ကွယ်၊ နတ်ဝင်သည် တစ်ယောက် တွေ့အောင်ရှာပြီး အကျိုးအကြောင်း ပြောပြပြီးတော့ ခေါ်ခဲ့ကွယ်၊ ကိုဘခင်က နတ်ဝင်သည်ကို ငွေပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ ဘိုး၊ ကျုပ်ပေးပါ့မယ် ဘိုး"

ကျုပ်က ကားယားတင်မြင့်ဆီကို ပြေးပြီး ဈေးနားမှာ နေတဲ့ ဒေါ်အုန်းကြည် ဆိုတဲ့ နတ်ဝင်သည်ကြီးဆီကို သွားကြသဗျ။ ဟိုရောက်တော့ နတ်ဝင်သည်ကြီးကို အဆင်သင့် တွေ့ပါတယ်။ ကားယားတင်မြင့်နဲ့က ရင်းနှီးနေကြတာဆိုတော့ ကားယားကပဲ ခေါ်ပေးတာဗျ။ ကျုပ်က ဒေါ်အုန်းကြည်ကို ခေါ်ပြီး ပြန်လာခဲ့ တယ်။

"ကဲ…တပည့်မအုန်းကြည်၊ ဆရာ့ကို တစ်ဆိတ်ကူညီ ပါ၊ ငွေကြေးလည်း ပေးပါမယ်၊ သရက်ပင်က မအောင်ဖြူ ဆိုတဲ့ သရဲမကို ဝင်နိုင်းလိုက်စမ်းကွယ်"

ဒေါ်အုန်းကြည်က အသားညိုညို၊ ထောင်ထောင်မောင်း မောင်းကြီးဗျ။ အသက်က ငါးဆယ်လောက်ရှိပြီ။

ဒေါ်အုန်းကြည်က ဘုရားကို ရှိခိုးတယ်။ ပြီးတော့ ဘိုးလူ ပေကို ရှိခိုးတယ်။ ဆံပင်ကို ဖားလျားကြီး ဖြန့်ချလိုက်တယ်ဗျ။ ပြီးတာနဲ့ လက်အုပ်ချီပြီး လိပ်ပြာသိပ်နေတာပေါ့ဗျာ။ ဒီမှာတင် ဘိုးလူပေက…

"ကဲ…သရက်ပင်မှာနေတဲ့ မအောင်ဖြူ၊ ငါဆရာ အမိန့်ရှိတယ်၊ ခုချက်ချင်း လာခဲ့ပေတော့"

ဒီနေရာမှာ ကျုပ် ခင်ဗျားကို တစ်ခုပြောချင်သေးတယ်ဗျ။ တချို့ သရဲတွေဟာ သူတို့ရဲ့ နာမည်ကို သိမှာသိပ်ကြောက်တာဗျ။ အခု ဘိုးလူပေက သူ့နာမည်ကို ခေါ်လိုက်တော့ သူလန့်သွားမှာ အမှန်ပဲဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟင်း၊ ဟင်း"

ဘိုးလူပေ အမိန့်ပြန်လိုက်တာနဲ့ တန်းဝင်တာဗျို့။ နတ်ဝင်သည်ကြီး တဆတ်ဆတ်တုန်နေရာက နည်းနည်းငြိမ်တာနဲ့ ဘိုးလူပေ စမေးတာဗျို့။

"သရက်ပင်မှာနေတဲ့ မအောင်ဖြူ ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ ဘာပြောချင်တုံး၊ ပြော၊ မဟုတ်တာကြံလို့ ကတော့ ငါ့အကြောင်း နင်တို့သိမယ်"

"တပည့် မအောင်ဖြူ၊ ဆရာပြောတာကို နားထောင်ပါ၊ မအောင်ဖြူဟာ အခုဆိုရင် အကုသိုလ်တွေ ထပ်ပြီးလုပ်မိနေပြီမို့ လား၊ လူတွေကိုရိုက်၊ ခွေးတွေ ကြောင်တွေတောင် ချန်ဘူး သတ်ပစ်တယ်၊ နောက်ဆုံး လူပါသတ်နေပြီမို့လား"

"ချစ်လို့ သတ်တာ"

"ဘာ…ဘယ်သူ့ကို ချစ်တာတုံး"

"သရဲပူးနေတဲ့ နတ်ဝင်သည်ကြီးက ကိုယ်ကို တစ်ပတ် လှည့်ပြီး ခင်ထားကို မျက်လုံးပြူးကြီးနဲ့ ကြည့်နေတယ်။ ပြီးတော့

❀ ...

"ငါနဲ့တူလို့ ငါချစ်တာ၊ သူ့ကို စော်ကားရင် ငါသတ်မှာပဲ"

"တပည့် မအောင်ဖြူ၊ ငါ့တပည့် မှားနေပြီ၊ ဘဝတွေခြားနေကြတာ ရောရောယှက်ယှက် နေလို့မရဘူးလေကွယ်၊ ကိုယ့်ဘုံ ကိုယ့်ဘဝမှာ ကိုယ့်စည်းနဲ့ကိုယ် နေရမှာမို့လား၊ အခုတော့ ငါ့တပည့် အမှုတွေ လွန်ကုန်ပြီကွဲ့၊ မဖဲဝါ အမိန့်ကိုပါ မနာခံဘူးဆိုပါလား"

ဘိုးလူပေက အဲဒီလို ပြောလိုက်တော့ သရဲမှုံးနေတဲ့ မအောင်ဖြူက ကျုပ်ကို မျက်လုံးပြူးကြီးနဲ့ ကြည့်ပြီးပြောတယ်ဗျ။

"နှင်မှတ်ထား ကောင်လေး၊ မအောင်ဖြူက ကိုယ့်နေရာမှာကိုယ်နေတာ၊ သချိုင်းကုန်းက ကောင်မကို ကြောက်လိမ့်မယ် ထင်သလား၊ နှင့်မယားကြီး အမိန့်ကို ယူလာပြီး ငါ့လာမပြန်နဲ့၊ နှင်ပါ သေသွားမယ်၊ ဇက်လိမ်ချိုးပြီး သတ်ပစ်လိုက်မယ်"

ကျုပ်က ဘာမှမပြောဘဲ ငြိမ်နေလိုက်တယ်။

"ကဲ...ဒါဆိုရင်လည်း လိုရင်းကို ပြောမယ်၊ ဒီအိမ်ကို ဝယ်ထားတဲ့ ပိုင်ရှင်က ဒီဝိုင်းထဲမှာ နှင်နေတာကို မလိုလားဘူးတဲ့၊ ဒီတော့ နှင် သရက်ပင်တအေ တခြားကို ပြောင်းပေးပါ"

"အောင်မာ ရာရာစစ၊ ဒီအိမ်က ငါ့အဖေ ဆောက်ထားတဲ့အိမ်ဟဲ့၊ ဒီသရက်ပင်ကလည်း ငါတို့အိမ်ဆောက်ကတည်းက ရှိတဲ့အပင်၊ နှင်တို့က ခုမှလည်း လာသေးတယ်၊ နဂိုပိုင်ရှင်ကို

လည်း မောင်းထုတ်ချင်သေးတယ်၊ သတ္တိရှိရင် ငါနေတဲ့အပင်ကို တစ်ခုခု လာလုပ်ကြည့်လေ၊ နင်တို့တစ်အိမ်လုံး အယောင်းချင်း ထပ်သွားမယ်၊ ဒါပဲဟေ့၊ သတ္တိရှိရင် စမ်းလိုက်၊ မအောင်ဖြူ အကြောင်း သိစေရမယ်"

အသံကျယ်ကြီးနဲ့ အော်ပြောရင်း သရဲမကြီး ထွက်သွား ရောဗျို့။ သတိလစ်ကျန်ခဲ့တဲ့ နတ်ဝင်သည် ဒေါ်အုန်းကြည်ကို ဘိုးလူပေက ရေစင်လေးတောက်ပေးလိုက်တော့ ချက်ချင်းသတိ ပြန်ဝင်လာတယ်ဗျ။ လေးလေးဘခင်က ဒေါ်အုန်းကြည်ကို ကျေးဇူး တင်ကြောင်းပြောပြီး ငွေတွေလည်း ပေးပါတယ်။ ဒေါ်အုန်းကြည် ပြန်သွားတော့မှ ဘိုးလူပေက ကျုပ်ကိုပြောတယ်။

"မောင်တာတေ၊ ဘိုး သူ့ကို မောင်းထုတ်ပစ်တာ မလုပ် ချင်ဘူးကွယ်၊ ဒီတော့ ဒီည မဖဲဝါကို သွားခေါ်ချေကွယ်၊ ဘိုး ခေါ်နိုင်းတယ်လို့ ပြောပါ။

မြို့ထဲကို သူဝင်လို့ရအောင် မြို့တော်ရှင်၊ ရွာတော်ရှင်တွေ ကို ဘိုးအကြောင်းပြထားလိုက်ပါမယ်၊ မဖဲဝါကိုယ်တိုင် လာပြီး ခေါ်ထုတ်သွားပါလို့ ပြောလိုက်ကွယ်"

ညဆယ်နာရီကျော်တော့ ဘိုးလူပေက အိမ်ထဲမှာပင် ဘုရားစင်ရှေ့မှာ အလုပ်လုပ်တယ်။ ကျုပ်က ကားယားတင်မြင့်ကို ခေါ်ပြီး သင်္ချိုင်းကုန်းကို သွားခဲ့တယ်။

"သင်္ချိုင်းရှင်မကြီး မဖဲဝါဗျာ၊ ရောက်ရာအရပ်ကနေ အမြန်ကြွလှမ်းခဲ့ပါ၊ ဘိုးလူပေကိုယ်တိုင် အမိန့်ရှိလိုက်တာပါဗျာ"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော နက်ကျော်ကြီးအသံကို ကြားလိုက်ရပြီဗျို့။ မဖဲဝါ လာနေပြီဗျ။ ဟော ဝူတွေပေါ်ကနေ ရိပ်ကနဲ ရိပ်ကနဲ ရွေ့လာတာ ဗျို့။ ကျုပ် မနေ့က ထမင်းကျွေးတဲ့ ဝူကြီးပေါ်မှာ မဖဲဝါက ရပ်နေတာဗျ။ ကျုပ်က မျက်ကွင်းဆေး ကွင်းလာတာလေဗျာ။

"သနိုင်းရှင်မ မဖဲဝါဗျာ၊ သရက်ပင်မှာနေတဲ့ သရဲမ မအောင်ဖြူက မဖဲဝါရဲ့ အမိန့်ကိုလည်း ဖီဆန်နေပါတယ်၊ ဘိုးလူပေ မေတ္တာရပ်ခံတာကိုလည်း မနာခံပါဘူး၊ တစ်အိမ်လုံး သတ်ပစ် မယ်လို့ပဲ ကြိမ်းမောင်းနေပါတယ်၊ ဒါကြောင့် ဘိုးလူပေက ကျုပ် ကို လွှတ်လိုက်တာပါ။ မဖဲဝါ မြို့ထဲကို လိုက်လာပြီး ကိုယ်တိုင် ဆုံးမပြီး ခေါ်ထုတ်သွားဖို့ ဘိုးလူပေက မိန့်မှာလိုက်ပါတယ်၊ မဖဲဝါ မြို့ထဲဝင်နိုင်အောင် သူ အားလုံးစီရင်ထားပြီးပါပြီဗျာ"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ အီး"

ဟော သွားပြီဗျို့။ မဖဲဝါ မြို့ထဲကို ဝင်ပြီဗျာ။ ကျုပ်နဲ့ ကားယားတင်မြင့်က စက်ဘီးနဲ့ ခပ်သုတ်သုတ်နင်းပြီး အိမ်ပြန်လာ တယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော ကျုပ်တို့အိမ်ပြန်ရောက်ပြီး ခဏဆို နက်ကျော်ကြီး အသံ လမ်းထိပ်ကို ရောက်လာပြီဗျ။ လမ်းထဲက အုန်းအုန်းဆဲ အောင် ဟောင်တဲ့ ခွေးတွေလည်း တစ်ကောင်မှကို အသံမကြား တော့ဘူးဗျ။ ခွေးဆိုတာ အင်မတန်မှသိတဲ့ သတ္တဝါတွေဗျ။ နက်

ကျော်ကြီးအသံ ကြားကတည်းက အမြီးကုတ်ပြီး ပုန်းနေကြပြီပေါ့ ဗျာ။

ညသန်းခေါင် နီးနေပြီဗျ။

"တောက်"

သရက်ပင်ပေါ်က တောက်ခေါက်သံကြီး ကြားလိုက်ရ တယ်ဗျို့။ ဟော မဖဲဝါ သရက်ပင်အောက် ရောက်လာပြီဗျို့။

"ဘုတ်"

ဟာ…အာဂမအောင်ဖြူဗျာ၊ သရက်ပင်ပေါ်ကနေ ခုန်ချ ပြီးတော့ မဖဲဝါကို ရင်ဆိုင်တာဗျို့။ မဖဲဝါ အရပ်ကြီးက ဆယ်ပေ ကျော်လောက် ရှိတာဗျ။ မအောင်ဖြူအရပ်က ရှစ်ပေလောက်ပဲ ရှိတာ။ ဟာ ပြေးရိုက်ပြီဗျို့။ မဖဲဝါကို ပြေးရိုက်တာဗျာ။ အောင်ဖြူ က မဖဲဝါကို ပြေးရိုက်တာဗျို့။ မဖဲဝါက ခြေထောက်ကြီးနဲ့ ဆောင့်ကန်လိုက်တာ သရဲမ မအောင်ဖြူ နောက်ကို နှစ်ပတ် သုံးပတ် လိမ့်ထွက်သွားပြီး မြေကြီးပေါ်မှာ ကုန်းကုန်းကြီး လုပ်နေ ရောဗျို့။

"ဂါး၊ ဂါး၊ ဂါး၊ အီး၊ အီး"

နက်ကျော်ကြီးက မာန်ဖီပြီး မအောင်ဖြူကို ပြေးကိုက်ပြီ ဗျို့။ မအောင်ဖြူက ခွေးကြီးနက်ကျော်ကို ပြေးရိုက်တယ်။ ဒါပေမဲ့ မထိဘူးဗျ။ ခြေထောက်နဲ့ ပြေးကန်တယ်။ ဒါလည်း မထိဘူးဗျ။ နက်ကျော်က မအောင်ဖြူကို နှစ်ချက် သုံးချက် ပြေးကိုက်ပစ် လိုက်တယ်ဗျ။ ဒီတော့မှ သရဲမကြီး နည်းနည်းငြိမ်သွားတယ်။

ဟာ မဖဲဝါ ခုန်လိုက်ပြီဗျို့။ သူ့ရဲ့ သံလက်ဝါးကြီးကို ဖြန့်ပြီး သရဲမ မအောင်ဖြူရဲ့ ကျောကုန်းကို ရိုက်ပြီဗျာ။

“ဘုန်း” “ဘုန်း” “ဘုန်း”

သုံးချက်ဆက်တိုက်ကို ရိုက်တာဗျ။ မဖဲဝါလက်ဝါးနဲ့ သုံးချက်ဆင့်ရိုက်ရင် ဘယ်လိုနှာနှာဘာဝမှ မခံနိုင်ပါဘူးဗျာ။ သရဲမကြီး ဒူးထောက်လျက်ကြီး မြွတ်ကျသွားပြီဗျ။

“ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဂါး၊ ဂါး၊ ဂါး”

နက်ကျော်ကြီးက ပြေးဝင်လာပြီး ကိုက်မလို မာန်ဖီနေတော့ မအောင်ဖြူ ဒူးထောက်လျက်ကနေ ကုန်းထတယ်ဗျ။ နက်ကျော်ကြီးက မာန်ဖီလိုက်တယ်။

ဟာ သွားပြီဗျို့။ ရှေ့ကနေ ထွက်သွားပြီ။ နက်ကျော်ကြီးက မာန်ဖီပြီး ခေါ်ထုတ်သွားတာဗျ။ မဖဲဝါက နောက်က လိုက်သွားတယ်။

သွားပြီဗျို့။ သွားပြီ။ တစ်ခါတည်းကို ပါသွားတာပဲဗျာ။ ကိစ္စတွေပြီးတော့ တင်မြင့်ကို ကျုပ်က လိုက်ပို့တယ်။ တင်မြင့်က သူ့စက်ဘီး ကျုပ်ကို ပေးလိုက်တော့ ကျုပ်က စက်ဘီးနဲ့ အိမ်ပြန်ခဲ့တာပေါ့ဗျာ။

အိမ်ရောက်တော့ ဘယ်သူမှ မအိပ်သေးဘူးဗျ။ ကျုပ်ကို စောင့်နေကြတာ။ ကျုပ်က အဖြစ်အပျက်တွေကို အားလုံးပြောပြလိုက်တော့မှ ကောင်မလေးတွေရော၊ လေးလေးဘခင်ရော၊ အရီးမရီရော ဝမ်းသာသွားကြတော့တာပေါ့ဗျာ။

ဒီတော့မှ ဘိုးလူပေက သူလာတာ ကျုပ်ကို လာခေါ်တဲ့ အကြောင်း၊ ခရီးတစ်ခုထွက်ဖို့ရှိတဲ့အကြောင်း ပြောတယ်။ ဒါနဲ့ ကျုပ်လည်း အဘနဲ့ အမေ့ဆီကို စာတစ်စောင် ရေးပေးလိုက်ရ တယ်။ လေးလေးဘခင် ပြန်ရင် အဘနဲ့ အမေ့ဆီကို သွားပေးဖို့ ပေါ့ဗျာ။

လေးလေးဘခင်ကတော့ မနက်မိုးလင်းတာနဲ့ သစ်ပင် ခုတ်တဲ့လူတွေ ရှာပြီး သရက်ပင်ကြီးကို ခုတ်ပစ်လိုက်တယ်ဗျို့။ အမြစ်ပါ တူးပစ်လိုက်တာဗျ။ ကျုပ်နဲ့ ဘိုးလူပေလည်း နောက် တစ်နေ့မှာ ခရီးထွက်ခဲ့ကြတယ်။ ကောင်မလေး ငါးယောက်က ဘိုးလူပေကိုရော ကျုပ်ကိုရော ကန်တော့ကြတယ်ဗျ။

တာတေ